မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက် | ၁၈ | ဇန်နဝါရီလ ၂၀၁၆

transnationalinstitute

# အမျိုးသမီးမပါဘဲ၊ ငြိမ်းချမ်းမှုမရှိနိုင် - မြန်မာနိုင်ငံအတွင်း ကျား/မတန်းတူ ညီမျှမှု၊ စစ်မက်ပဋိပက္ခနှင့် ငြိမ်းချမ်းရေး

## အဓိကဆွေးနွေးချက်များ

- မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ဒဏ်နှင့် စစ်တပ်၏အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့ကြရပါသည်။ ရေရှည်တည်တံ့နိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် ကျား/မတန်းတူညီမျှမှု မရှိခြင်း အပါအဝင် အကြမ်းဖက်မှု၏ အခြေခံကျသည့် အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန် အလွန်အရေးကြီးလှပါသည်။ ကျား/မတန်းတူ ညီမျှမှုမရှိခြင်းကြောင့် လူမှုဘဝအတွင်း ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် မလုံခြုံမှုတို့ဖြစ်ရခြင်းကို ဆန်းစစ်လေ့လာရန် မဖြစ်မနေလိုအပ်ပါသည်။ အမျိုးသမီးများသည် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတွင် ကိုယ်တိုင်ပါဝင်သူများ၊ အသက်ရှင် ကျန်ရစ်ခဲ့သူများနှင့် (ပဋိပက္ခဒဏ်) ခံစားခဲ့ကြရသူများအဖြစ် အမျိုးသားများ ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့်မတူဘဲ သီးခြားပုံစံမျိုးဖြင့် ပြည်တွင်းစစ်၏ အကျိုးဆက်ကို တွေ့ကြုံခံစားကြရပါသည်။

- ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်အောင်မြင်စွာဖော်ဆောင်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အရေးပါလှ သည်။ အားလုံးပါဝင်သည့် ထိရောက်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ခုဖြစ်ထွန်းစေရန် အမျိုးသမီးများအနေဖြင့် ပဋိပက္ခများကို ကာကွယ်ဖြေရှင်းနိုင်ရန် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင် ပါဝင်ရန် လိုအပ်ပါသည်။

- ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် အမျိုးသမီးများ၏ သီးခြားမတူညီသည့် လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ထည့်သွင်းစဉ်းစားမှုမရှိခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖြစ်လာစေနိုင်မှုအတွက် ကြီးစွာအဟန့်အတားဖြစ်စေကြောင်းကို နိုင်ငံတကာအတွေ့အကြုံများက သက်သေပြနေသည်။ ယခုအခါ ကမ္ဘာ့အမျိုးသမီးများ၏ လှုပ်ရှားမှုများ၏ တိုက်တွန်းဖိအားပေးမှုများကြောင့် ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်စီမံမှုဆိုင်ရာ နိုင်ငံတော်အဆင့်ကိစ္စရပ် များနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများလည်း တန်းတူညီမျှစွာပါဝင်နိုင်စေရန် အစိုးရများ အနေဖြင့် မဖြစ်မနေလိုက်နာရမည့် နိုင်ငံတကာသဘောတူညီချက်များစွာ ရှိခဲ့ပြီဖြစ်သည်။

- ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများအား တန်းတူအခွင့်အရေးများပေးရမည်ကို မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် သဘောပေါက်နားလည်ဟန်မရှိချေ။ အဆင့်မြင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် များသောအားဖြင့် အမျိုးသမီး များအား ဖယ်ကြဉ်ထားခဲ့ကြသည်။ အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းမှုများဖြစ်ထွန်းစေရန် အရေးကြီးသည့် ကြိုးပမ်းချက်များကို လုပ်ဆောင်နေကြသော်လည်း တရားဝင်အသိအမှတ်ပြု မခံကြရချေ။

- ဖိနှိပ်ချုပ်ချယ်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ ခံနေကြရသော်လည်း အမျိုးသမီးအဖွဲ့များသည် နိုင်ငံ၏အနာဂတ်နှင့်ပတ်သက် သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များတွင် တန်းတူပါဝင်ခွင့်ရရှိစေရေး အတွက် ကြိုးပမ်းမှုနှင့် အမျိုးသမီးအခွင့်အရေးများ မြှင့်တင်မှုတို့တွင် အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိပါသည်။ မြန်မာခေါင်းဆောင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဤကြိုးပမ်းချက်များကို အသိအမှတ်ပြုကြောင်း ဖော်ပြရန်နှင့် ရှေ့ဆက်လုပ်ဆောင်မည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ပြီး ကျား/မတန်းတူညီမျှမှုရှိသည့် ဆုံးဖြတ်ချက်ချမှတ်ရေး အခွင့်အလမ်းများကို ပိုမိုရရှိအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

## မိတ်ဆက်

ဤမူဝါဒရှင်းလင်းချက်တွင် မြန်မာနိုင်ငံရှိ စစ်မက်ပဋိပက္ခ၏ ကျား၊မရေးရာ (ဂျဲန်ဒါ) ရှုထောင့်များနှင့် ကျား၊မရေးရာနှင့်ပတ်သက်ပြီး အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ထားပါသည်။[၁] ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ကျား၊မရေးရာကိစ္စ၊ တိုင်းရင်းသားအရေးနှင့် အခြား သရုပ်လက္ခဏာများ အကြားဆက်စပ်ပတ်သက်နေမှုများကို ပိုမိုနားလည်သဘောပေါက်ရန် လိုအပ်နေသည်မှာ ကြာပြီဖြစ်ပြီး ယင်းကဲ့သို့သော သတင်းအချက်အလက်မျိုးမှာလည်း အတော်ပင် ရှားပါးလှသည်။ နိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန် ပဋိပက္ခ ဖြေရှင်းမှုနှင့် နိုင်ငံတော်အဆင့်ပြုပြင်ပြောင်းလဲမှုတွင် အမျိုးသမီးအဖွဲ့အစည်းများ၏ ပါဝင်မှုနှင့် အမျိုးသမီးအခွင့်အရေးများနှင့်ပတ်သက်သည့် တိုးတက်မှုအခြေအနေသည် အရေးပါလှပါသည်။

ပြည်တွင်းစစ်နှင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်များစွာ နေထိုင်ခဲ့ရခြင်းက မြန်မာပြည်သူပြည်သားများ အထူးသဖြင့် စစ်မက်အများဆုံးဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ ဒေသများတွင် ပြင်းထန်နက်ရှိုင်း လှသည့် အကျိုးဆက်များဖြစ်စေခဲ့သည်။ စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးလည်းဖြစ် ယခင် စစ်အစိုးရအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် သမ္မတ သိန်းစိန်အစိုးရ စတင်လုပ်ဆောင် ခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြောင့် နောက်ဆုံးတွင် ပို၍ ဒီမိုကရေစီနည်းကျပြီး အားလုံးပါဝင်သည့် လူ့အဖွဲ့အစည်းတစ်ခုဆီသို့ ရောက်ရှိနိုင်ပြီး တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအရ သဘောတူညီချက် များရယူခြင်းမှတဆင့် အဓိက မကျေနပ်ချက်များနှင့် လိုလားတောင့်တချက်များကို ကိုင်တွယ်ပေးခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးသို့ ရောက်ရှိလိမ့်မည်ဆိုသည့် မျှော်လင့်ချက်များ မြင့်တက်ခဲ့ကြပါသည်။ သို့သော် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တပိုင်းတစ လက်မှတ်ရေးထိုးခဲ့ကြသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် အတိုက်အခံပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ သောင်ပြိုကမ်းပြို အနိုင်ရခဲ့သော ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေ ရွေးကောက်ပွဲ[၂] တို့ရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ် အစပိုင်းတွင် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ တိုင်းရင်းသား ဒေသများတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလျက်ရှိဆဲပင်ဖြစ်သည်။ ယင်းဖြစ်စဉ်နှစ်ခုလုံး၏ အကျိုးရလဒ်မှာလည်း ယခုအချိန်ထိ ရှင်းရှင်းလင်းလင်း မရှိသေးချေ။

> *ပြည်တွင်းစစ်နှင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်များစွာ နေထိုင်ခဲ့ရခြင်းက မြန်မာပြည်သူပြည်သားများ အထူးသဖြင့် စစ်မက်အများဆုံးဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများတွင် နက်ရှိုင်းလှသည့် အကျိုးဆက်များဖြစ်စေခဲ့သည်။*

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေစဉ် ဤပဋိပက္ခဒုက္ခနှင့် ဘေးဖယ်ခံထားရမှုကြောင့် ဖြစ်လာသည့် ကျား/မ ဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက်များကို ဆွေးနွေးပွဲများနှင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာ တွင် နားလည်အောင် ထည့်သွင်းဆွေးနွေးခဲ့ခြင်းမျိုးမရှိချေ။ ဤသို့ လျစ်လျူရှုမှုမျိုးကို ယခုအခါ အဆုံးသတ်ရပါလိမ့်မည်။ စစ်ပွဲတွင် အမျိုးသားများ အသေ အပျောက်နှုန်းမှာ အမြင့်ဆုံးဖြစ်သော်လည်း အမျိုးသမီးအများစုမှာမူ လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်ခံရမှု၊ လူကုန်ကူးခံရမှုနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်ခံရမှု အမျိုးမျိုး၊ ရေကောင်းရေသန့် မရရှိခြင်းနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုမရရှိခြင်း၊ အမျိုးသမီး အိမ်ထောင်ဦးစီး လုပ်ရသည့် အိမ်ထောင်စုများ ပိုမိုများလာခြင်းနှင့် ပဋိပက္ခဖြစ်သည့် ဒေသများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် တာဝန်ပိုများစွာကို ပင်ပန်းစွာလုပ်ဆောင်ကြရပြီး သွယ်ဝိုက်သည့် နည်းဖြင့် ခံစားရသည့် အကျိုးဆက် ဒုက္ခများကိုမူ ခံစားနေကြရပါသည်။ ယင်းကိစ္စများကို မကိုင်တွယ်ကြဘဲ နိုင်ငံတော်အဆင့် နိုင်ငံရေး အခင်းအကျင်းတွင် ဖယ်ကြဉ်ထားမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ခွင့်ကို ငြင်းပယ်လေ့ရှိခဲ့ကြသည်။ လူ့အဖွဲ့အစည်းအတွင်း "ဒုတိယတန်းစား" သို့မဟုတ် "ထိန်းချုပ်ခံထားရသည့်" အုပ်စုတစ်စုဖြစ်နေသည့် အမျိုးသမီးများအဖြစ်သို့မရောက် ရှိစေဘဲ နိုင်ငံတော်အဆင့်တွင် အချိုးကျ ပါဝင်ခွင့် ရရှိရေးသည် ယနေ့ နိုင်ငံအနေဖြင့် ရင်ဆိုင်နေရသော လူမှုရေး - နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျ၍ အရေးကြီးသော စိန်ခေါ်မှုများအနက် တစ်ခုပင်ဖြစ်သည်။

ဤသို့သောအခက်အခဲများစွာ ရှိနေသော်လည်း ဆယ်စုနှစ်များစွာ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများနှင့် မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ငြိမ်းချမ်းရေး၊ ရပ်ရွာတည်ဆောက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အောက်ခြေ နှင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများတွင် ပြောင်းလဲစေရန် လုပ်ကိုင်သူများအဖြစ် တက်ကြွစွာ လုပ်ဆောင်လျက်ရှိကြပါသည်။ သို့သော် သူတို့၏အခန်း ကဏ္ဍကို အသိအမှတ်မပြုခံရသလောက် ဖြစ်နေပြီး ဦးသိန်းစိန် အစိုးရလက်ထက်တွင်သာမက ယခင် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ (နအဖ၊ ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေစိုးမိုးရေး ကောင်စီ လက်ထက်တွင်ပါ ခြွင်းချက် အနည်းငယ်မှအပ အမျိုးသမီးများသည် အဆင့်မြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ခွင့်မရခြင်းမှာ သိသာ ထင်ရှားလှသည်။ ထို့ကြောင့် နိုင်ငံ၏ နိုင်ငံရေး ခေတ် သစ်တွင် ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အမျိုးသမီးများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ပိုမို နားလည် သဘောပေါက်စေရန်နှင့် အမျိုးသမီးများ၏ မရှိမဖြစ် အခန်းကဏ္ဍကို မြှင့်တင်ပေးရန် အရေးတကြီး လိုအပ်နေပါသည်။ ၂၀၁၅ခုနှစ်အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ တွင် လှုပ်ရှားတက်ကြွသူ အမျိုးသမီးများ ကြွေးကြော်ခဲ့ကြသကဲ့သို့ "အမျိုးသမီးမပါဘဲ၊ငြိမ်းချမ်းမှုမရှိနိုင်"ချေ။

ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် မိမိတို့၏ဘဝ၊ ရပ်ရွာ အသိုင်းအဝိုင်းများနှင့်နိုင်ငံ နှင့်ပတ်သက်ပြီးပြည်သူအားလုံးနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်း များစွာဖြင့် အမျိုးသမီးများအားလုံး တန်းတူပါဝင်ခွင့်ရရှိစေရန် ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။ ယနေ့ခေတ်တွင် ဤအခွင့်အရေးများသည် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များတွင် အခိုင်အမာ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံတွင် ယင်းအခွင့်အရေးများကို အပြည့်အဝအာမခံရရှိရန်အတွက် အကောင်အထည် ဖော်ရန်လိုအပ်နေပါသည်။ နိုင်ငံအသီးသီးရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ သက်သေပြနေသည့်အတိုင်း ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဒီမိုကရေစီ ဖော်ဆောင်မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်အဆင့်တိုင်းတွင် အမျိုးသမီးများကိုယ်စားပြုပါဝင်ခဲ့လျှင် အမျိုးသမီးများနှင့် အမျိုးသားများအကြား ကျား/မ ကွဲပြားမှု အပေါ် အခြေခံသည့် လိုအပ်ချက်များကို ပို၍ညီမျှစွာ ကိုင်တွယ်ဖြေရှင်းနိုင်ပါမည်။

ယင်းသို့ ထည့်သွင်းခြင်းသည် အပြန်အလှန် အားဖြင့်လည်း နိုင်ငံတည်ငြိမ်မှုနှင့် ပြုပြင်ပြောင်းလဲမှုတို့ လုပ်ဆောင်ရာတွင် မရှိမဖြစ် အရေးကြီးသည့် အချက်တစ်ခု လည်းဖြစ်သည်။[၃]

ဤစာတမ်းကို မြန်မာနိုင်ငံ၏ လက်ရှိတိုင်းရင်းသားနှင့် နိုင်ငံရေးအခြေအနေများကို ခြုံငုံသုံးသပ်ချက်ဖြင့် စတင်ပြီး မြန်မာနိုင်ငံ၏ ပဋိပက္ခဖြေရှင်းမှုနှင့် အမျိုးသားရင်ကြားစေ့ ရေးတွင် အမျိုးသမီးများ လက်ရှိပါဝင်မှုကို ဆက်လက် လေ့လာဆန်းစစ်ပါမည်။   ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများတွင် ကျား၊မ အားလုံး ပါဝင်မှုရှိသည့် ငြိမ်းချမ်းရေး သဘော တူညီချက်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ကြိုးပမ်းချက် များ၏ သိသာထင်ရှားသော ကွာခြားချက်များကိုလည်း ရည်ညွှန်းဖေါ်ပြပါမည်။[၄]ထို့နောက် လက်ရှိအခင်းအကျင်းကို သုံးသပ်ချက်နှင့်အတူ မြန်မာနိုင်ငံတွင် ကျား/မ တန်းတူ ညီမျှမှုရှိပြီး အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ် တစ်ခုဖြစ်ရန် အရေးတကြီး လိုအပ်နေကြောင်းကို ရှင်းလင်းစွာ တင်ပြဆွေးနွေးပါမည်။ ဤစာတမ်းကို တစ်နိုင်ငံလုံးရှိ ငြိမ်းချမ်းရေး ဆောင်ရွက်မှုများတွင် တိုင်းရင်းသားလူမျိုးအားလုံးမှ အမျိုးသမီးများ ပါဝင်မှုနှင့် ကျား၊မ ကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြား ဆက်ဆံမှုတို့ကို နားလည်သဘောပေါက်ပြီး ကိုင်တွယ်လုပ် ဆောင်ရန် အကြံပြုချက်များဖြင့် နိဂုံးချုပ်ပါမည်။

## တိုင်းရင်းသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ နည်းကျသည့် အုပ်ချုပ်စီမံမှုဆီသို့ ဦးတည် ပါသလား။

လတ်တလောတွင်မြန်မာနိုင်ငံ၏ တိုင်းရင်းသားအရေး နှင့် နိုင်ငံရေးဆိုင်ရာအခြေအနေသည် သတိထားပြီး ကိုင်တွယ် လုပ်ဆောင်နေရသည့်ပုံ  ရှိပါသည်။ ပြည်တွင်းပဋိပက္ခနှင့် ခါးသီးသည့် အတွေ့အကြုံများကြောင့် နိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် ကြီးမားသည့် နိုင်ငံရေး၊ လူမှုစီးပွားရေး နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများ ကို ကိုင်တွယ်ရန်အတွက် ဆယ်စုနှစ်များစွာအတွင်း အကောင်းဆုံး အခြေအနေများကို ဆောင်ကြဉ်းပေးနိုင်သည့် အဖြစ်အပျက်နှစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။   ပထမ တစ်ခုမှာ ရာစုနှစ်တစ်ဝက်ခန့်အတွင်းတွင် လွတ်လပ်ပြီး တရားမျှတသည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ် အသတ်အနိုင်ရခဲ့ခြင်းနှင့် ဒုတိယတစ်ခုမှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ် ထိုးနိုင်ခဲ့လျှင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့ချိန်မှ စတင်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို အမှန်တကယ်ပင် အဆုံးသတ်နိုင်ရန် ကြိုးပမ်းချက်များပင်ဖြစ်သည်။

*ဒီမိုကရေစီ နည်းလမ်းကျသည့် အပြောင်း အလဲ ပြုလုပ်ရန် အာဏာအပ်နှင်းခဲ့ပြီး နောက် အားလုံး ပါဝင်သည့် နည်းလမ်းသစ် တစ်ခုဖြင့် ပတ်သက် ဆက်စပ်သူများ အား လုံး ပါဝင်စေလျှက် ငြိမ်းချမ်း ရေး တည် ဆောက်ရန် ဘုံသဘော တူညီချက်ဖြင့် အားထုတ်ကြိုးပမ်း၍ အပြုသဘော ဆောင် သည့် လုပ်ဆောင်မှုများ ရှိလာမည်ဟု မြန်မာပြည်သူ ပြည်သားများက များစွာ မျှော်လင့်လျှက်ရှိကြ ပါသည်။*

လာမည့်လများအတွင်းတွင် နိုင်ငံတော်အဆင့် နိုင်ငံရေး အတွက် အဓိကအရေးပါသည့် အုပ်စုသုံးစု ဖြစ်သည့် ရွေးကောက်တင်မြှောက် ခံရသည့် NLD လွှတ်တော်အသစ်၊ နိုင်ငံ အတွင်းရှိ လွတ်လပ်ရေး ရသည့်အချိန်မှစတင်ပြီး လက်နက် ကိုင်အဖွဲ့အချို့ပါဝင်သည့် တိုင်းရင်းသားပါတီ မျိုးစုံနှင့် ဆယ်စုနှစ် ၅ခုကျော်မျှ မြန်မာနိုင်ငံကို အစိုးရတစ်ခု အနေဖြင့် ထိန်းချုပ်ခဲ့သည့် တပ်မတော်ဟု လူသိများသည့် အမျိုးသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ထိထိရောက်ရောက် ဆွေးနွေး ညှိနှိုင်းမှုတစ်ခု ရှိလာနိုင်ပါသည်။ ဒီမိုကရေစီနည်းလမ်းကျသည့် အပြောင်းအလဲ ပြုလုပ်ရန် အာဏာအပ်နှင်းခဲ့ပြီးနောက် အားလုံးပါဝင်သည့် နည်းလမ်းသစ်တစ်ခုဖြင့် ပတ်သက်ဆက်စပ်သူ များအားလုံး ပါဝင်စေလျှက် ငြိမ်းချမ်းရေး တည်ဆောက်ရန် ဘုံသဘောတူညီချက်ဖြင့် အားထုတ်ကြိုးပမ်း၍ အပြုသဘော ဆောင်သည့် လုပ်ဆောင်မှုများ ရှိလာမည်ဟု  မြန်မာပြည်သူ ပြည်သားများက များစွာမျှော်လင့်လျှက်ရှိကြပါသည်။

သို့ရာတွင် ရှေ့ဆက်ရမည့်ခရီးမှာ မနီးလှသေးချေ။ လက်ရှိအချိန်တွင် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသများစွာတွင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး အစိုးရသစ် သို့မဟုတ် နိုင်ငံရေးယဉ်ကျေးမှုသစ်သို့ အသွင်ကူးပြောင်းမှုမှာ မရှင်းလင်းလှသေးချေ။ သို့သော် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းစေရန် မည်သို့လုပ်ဆောင်ကြသည်ဖြစ်စေ၊ နိုင်ငံ အပြောင်းအလဲတွင်တစ်နိုင်ငံလုံးပါဝင် ပတ်သက်သည်ဆိုသည့် ခံစားချက်မျိုး ဖြစ်ထွန်းစေရန် အဆင့်နှစ်ဆင့်ကို မဖြစ်မနေ ပြီးဆုံးအောင်လုပ်ဆောင်ရပါမည်။ လက်ရှိလွှတ်တော်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အချိန် တစ်ချိန်တွင် တွဲစပ်လုပ်ဆောင်ရန်နှင့် အမျိုးသမီးများ အပါအဝင် လျစ်လျူရှုခံထား ရသည့် မြန်မာ့ လူ့အဖွဲ့အစည်းတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သူများကို နိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်သူများအဖြစ် ထည့်သွင်းရန် လိုအပ်ပါသည်။

ဆယ်စုနှစ်များစွာ စစ်အစိုးရနှင့် နိုင်ငံတော်ပျက်စီးယိုယွင်းမှုများ ဖြစ်ခဲ့ပြီးနောက် နိုင်ငံ၏ လိုအပ်ချက်များ၊ လူမှုအသိုင်းအဝိုင်းများ နှင့် ဒေသများကို အထူးအခွင့် အရေးပေးခြင်းနှင့် ဂရုစိုက်မှုများ ပြုလုပ်ပေးရန် ထိုက်တန်ကြောင်း အလေးအနက် ဆိုနိုင်ပါသည်။ သို့ရာတွင် လျစ်လျူရှုခံထားရသည့် ပြဿနာများအနက် ဖယ်ကြဉ်ခံရခြင်းသည် ပဋိပက္ခ၊ ကျား/မ တန်းတူညီမျှ မရှိမှုနှင့် ၅၁ သန်းသော လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသည့် တိုင်းရင်းသားလူနည်းစုများ၏ အတိဒုက္ခများအကြား ဆက်စပ်မှုတွင် အပြင်းထန်ဆုံး အခြေအနေတွင် ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အရေးပါလှ၍ လျစ်လျူရှုခံထားရသောအကြောင်းအရာ တစ်ခုဖြစ်၍ သိသာသည့်တိုးတက်ပြောင်းလဲမှု ဖြစ်ထွန်းစေရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

ဝမ်းနည်းစရာကောင်းလှစွာပင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခသည် အိမ်ထောင်စု၊ ရပ်ရွာလူမှု အသိုင်း အဝိုင်း၊ ပြည်နယ်/ တိုင်းဒေသ၊ နိုင်ငံတော်နှင့် နိုင်ငံတကာ အဆင့်အပါအဝင် အဆင့်တိုင်းတွင် ကြီးမားပြင်းထန်သည့် ရိုက်ခတ်မှုများဖြင့် ကာလကြာရှည်စွာ နာကျည်းစရာ သမိုင်းကြောင်းတစ်ခုအဖြစ်ရှိနေခဲ့ပါသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းခဲ့ပြီးနောက် စစ်တပ် ကျောထောက်နောက်ခံဖြင့် အုပ်ချုပ်သည့် အစိုးရအသီးသီးသည် တိုင်းရင်းသာများ၏ နိုင်ငံရေးဆိုင်ရာတောင်းဆိုမှုများကို ထည့်သွင်း စဉ်းစားရန် ငြင်းဆန်ခဲ့ကြပြီး အဓိကအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ အရေး ကိစ္စများကို စစ်ရေးတုံ့ပြန်မှုများ ပြုလုပ်ရန် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ အဖြစ် သဘောထားခဲ့သည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေး လှုပ်ရှားမှုများ အပြီး တဖန် နဝတစစ်အစိုးရသည် နိုင်ငံ၏ အစိတ်အပိုင်း အချို့တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။ ဤသဘောတူညီချက်များ

သည် တိုင်းရင်းသားပဋိပက္ခ၏ အကြောင်းရင်း ဇစ်မြစ်များ ကို ကိုင်တွယ်ရာတွင်မူ အနည်းငယ်မျှသာ လုပ်ဆောင်နိုင် ခဲ့ပြီး "စစ်လည်းမဖြစ် ငြိမ်းချမ်းရေးလဲ မမည်" သည့်အခြေ အနေတစ်ခုကိုသာ ဖြစ်စေခဲ့သည်။ အစီအစဉ်တကျ လုပ် ဆောင်ခဲ့ခြင်းသော်လည်းကောင်း တိုက်ဆိုင်မှုများ ကြောင့် သော် လည်းကောင်း ဖြစ်နိုင်သည်။ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံရှိ စစ်တပ်ကျောထောက် နောက်ခံပေးသည့် အစိုးရများက ပဋိပက္ခကို "ဖြေရှင်းပေးခြင်း" အစား "စီမံခန့်ခွဲ ခြင်း" ပုံစံမျိုး ဖြစ်စေခဲ့ပါသည်။[5]

၂၀၁၁ ခုနှစ် မတ်လတွင် အာဏာဆက်ခံခဲ့သည့် သမ္မတ ဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းအစိုးရလက်ထက်တွင် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင် မိတ်ဆက်ခဲ့ပြီးတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အတွက်ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် ယခင်ကမြို့တော်ဖြစ်ခဲ့သည့် ရန်ကုန်မြို့နှင့်အခြားမြို့ကြီးများတွင် ပို၍ပွင့်လင်းပြီး လွတ်လပ်မှုရှိသည့် အခြေအနေ တစ်ခုအဖြစ်သို့ သိသာထင်ရှားစွာ ပြောင်းလဲခဲ့ပါသည်။ သို့သော် တိုင်းရင်းသားနှင့် ဒေသတွင်းပဋိပက္ခများမှာမူ နိုင်ငံ၏နေရာအမျိုးမျိုးတွင် ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး ကရင်နှင့် ရခိုင်ပြည်နယ်များတွင်လည်း တိုက်ပွဲအချို့ဖြစ်ပွားခဲ့ပါသည်။

*လက်နက်ကိုင်ပဋိပက္ခသည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အကြမ်းဖက်သည့်ပုံစံ မဟုတ်ချေ။*

နောက်ဆုံးတွင် တပိုင်းတစ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို အဓိကအားဖြင့် မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းတွင် အခြေစိုက်သည့် တိုင်းရင်းသား လက်နက် ကိုင် အဖွဲ့ ၈ ဖွဲ့သည် အစိုးရနှင့် တပ်မတော် ကိုယ်စားလှယ် များနှင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အချို့အဖွဲ့များမှာ မဆုံးဖြတ်နိုင်သေးခြင်းနှင့် နိုင်ငံတွင်း စစ်မက် ဖြစ်ပွားနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံး မပါဝင်ဘဲ "တနိုင်ငံလုံး" သဘောတူစာချုပ် လက်မှတ်ရေးထိုးမှုကို မပါဝင်ခြင်း တို့လည်း ရှိနေပါသေးသည်။ တပ်မတော် နှင့် သိန်းစိန်အစိုးရက တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့ ၁၆ ဖွဲ့ဟု အသိအမှတ်ပြုခဲ့သော်ငြားလည်း အတိုက်အခံ အုပ်စုများက ၂၁ ဖွဲ့အထိ ပါဝင်ရန် အကြံပြုခဲ့ကြပါသည်။ တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲ မတိုင်မီနှင့် နိုင်ငံ၏အနာဂတ်ကို ပုံဖေါ်ပေးနိုင်သည့် ငြိမ်းချမ်းရေးနှင့် တွေ့ဆုံ ဆွေးနွေးရေးကို ပိုပြီးပံ့ပိုး ကူညီပေးနိုင်မည်ဟု မျှော်လင့်ရသည့် အစိုးရသစ် မဖွဲ့စည်းရသေးမီ မပြည့်စုံသည့် သဘောတူညီချက် တစ်ခုကို လက်မှတ်ရေးထိုးရန်အတွက် သတိထားခဲ့ကြ သည်။ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် NLD ခေါင်းဆောင် အောင်ဆန်းစုကြည်က အစိုးရသစ် အနေ ဖြင့်"ထိရောက်သည့်" ငြိမ်းချမ်းရေး ညီလာခံတစ်ခု ပြုလုပ် ပြီး ငြိမ်းချမ်းရေးနှင့် အားလုံး ပါဝင်မှုကို ဦးစားပေး လုပ်ဆောင်မည်ဟု အလေးထား ပြောကြားခဲ့ပါသည်။[6] မည်သို့ပင်ဖြစ်စေကာမူ အာဏာ လွှဲပြောင်းပေးရ တော့မည့် သိန်းစိန်အစိုးရနှင့် တိုင်းရင်း သား လက်နက်ကိုင် အဖွဲ့ ၈ ဖွဲ့တို့သည် ရွေးချယ်ထား သည့် နိုင်ငံရေးပါတီ များနှင့် အခြားသူများအား ဖိတ်ကြားပြီး ဇန်နဝါရီလလယ်ပိုင်းတွင်"ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ" တစ်ခု ကိုကျင်းပခဲ့ကြပါသည်။ လတ်တလော အချိန်တွင် ဤလုပ် ဆောင်မှုများ၏ အကျိုးရလဒ်ကို မတွေ့ရှိရသေးချေ။

လက်နက်ကိုင်ပဋိပက္ခသည် မြန်မာနိုင်ငံတွင် တွေ့ရှိရ သည့် တစ်ခုတည်းသော အကြမ်းဖက်မှုပုံစံ မဟုတ်ချေ။ သမ္မတသိန်းစိန် အာဏာရယူပြီးနောက် နိုင်ငံရေးဆိုင်ရာ လွတ်လပ်မှုများ ပိုရှိလာခဲ့သော်ငြားလည်း မြေယာ အခွင့် အရေးများနှင့် ပညာရေးအခွင့်အရေးများ အတွက် ငြိမ်း ချမ်းစွာဆန္ဒပြသူများသည်လည်း လွန်ခဲ့သည့် လေးနှစ်တာ ကာလအတွင်း ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ အကြမ်းဖက်မှုနှင့် ဖမ်းဆီးခံခဲ့ကြရပါသည်။[7] သို့ရာတွင် ကြောက်စရာအကောင်းဆုံး အကြမ်းဖက်မှုတစ်ခုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများနှင့် မွတ်စလင်ဘာသာဝင်များ အကြား ပဋိပက္ခများပင်ဖြစ်ပြီး အသက်၊ အိုးအိမ် စည်းစိမ်များ ဆုံးရှုံးသည်အထိ စစ်တွေ၊ မိတ္ထီလာနှင့် လားရှိုး အပါ အဝင် အချို့မြို့ရွာများတွင်ပျံ့နှံ့ဖြစ်ပွားခဲ့ပါသည်။ ဤ ပဋိပက္ခ၏ အဓိကဇာတ်ကွက်မှာ မိမိကိုယ်ကို ရိုဟင်ဂျာဟု သတ်မှတ်သည့် မွတ်စလင် လူဦးရေအများအပြား နေထိုင်ကြသည့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ဖြစ်ပြီး အာရှတိုက်တွင် အပစ်ပယ်ခံရဆုံးနှင့် လျစ်လျူရှုခံရဆုံး လူ့အဖွဲ့အစည်းများအနက် တစ်ခုဖြစ်လာကာ သိန်းစိန် အစိုးရ လက်ထက်တွင် အဆိုးရွားဆုံးအခြေအနေ ဖြစ်ခဲ့သည်။[8]

ဤကဲ့သို့သော အကြမ်းဖက်မှုများဖြစ်ပွားခဲ့ခြင်းက မြန်မာ နိုင်ငံသည် လက်ရှိတွင် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေသေးပြီး အရပ်သားများမှာလည်း နိုင်ငံနှင့် နယ်စပ်များကို ဖြတ်ကျော်ပြီး မိမိတို့ဘဝလုံခြုံရေးနှင့် ကောင်းမွန်စွာ နေထိုင်ရေးအတွက် အခြားနိုင်ငံများသို့ထွက်ပြေးတိမ်းရှောင်နေရဆဲဖြစ်သည်။ လက်ရှိအချိန်တွင် ဒုက္ခသည်များ သို့မဟုတ် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၈၀၀,၀၀၀ (၈သိန်း) ခန့်ရှိပြီး ထိုင်းနိုင်ငံတစ်နိုင်ငံတည်းတွင်ပ င် တရားဝင်နေထိုင်သူနှင့်တရား မဝင်နေထိုင်သူဦးရေ နှစ်သန်းကျော်ရှိနေပါသည်။[9]

နေရပ်စွန့်ခွာ ထွက်ပြေးရသူအများစုမှာ အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးများအပါအဝင် တိုင်းရင်းသား လူနည်းစုများ ဖြစ်ကြပြီး မိမိတို့၏လယ်ယာမြေများနှင့် အခြားဝင်ငွေရရှိနိုင်သည့် အသက်မွေးမှုများအားလုံးကို စွန့်၍ ထွက်ပြေးကြရခြင်းဖြစ်သည်။ ရပ်ရွာဒေသများတွင် ပြန်လည်နေထိုင်နိုင်ရေးနှင့် အမျိုးသားအဆင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင်အဓိကစိန်ခေါ်မှုများစွာရှိနေသေးသည် ဆိုသည့်အချက်မှာ ထင်ရှားလှပါသည်။

## ကျား/မတန်းတူညီမျှမှု (မရှိခြင်း)၊ ပဋိပက္ခ နှင့် ငြိမ်းချမ်းရေး၊ သဘောတရားရေးရာ မူဘောင်

ပဋိပက္ခဖြေရှင်းမှုတွင် အမျိုးသမီးများတန်းတူညီမျှစွာ ပါဝင် မှုကို ဆန်းစစ်လေ့လာရန်နှင့် မြှင့်တင်ပေးရန် လူ့အဖွဲ့ အစည်းတွင် ကျား၊မရေးရာ (ဂျဲန်ဒါ) နှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ရန် လိုအပ်ပါ သည်။ ကျား၊မရေးရာ သဘောတရားဆိုသည်မှာ "အမျိုး သမီးဖြစ်မှုများ၊ အမျိုးသားဖြစ်မှုများနှင့်ဆိုင်သည့် စနစ်နှင့် အမျိုးသမီး/အမျိုးသားတို့အကြား အာဏာခွဲဝေပုံအဆင့် ဆင့် ကို ဆိုလိုပါသည်။[10] ကျား/မ ကွဲပြားမှုသည် မိမိတို့၏ သွင်ပြင်လက္ခဏာများ၊ အခန်းကဏ္ဍများနှင့် ဆက်ဆံရေး တို့တွင် ထင်ဟပ်သည့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ချက်များနှင့် တန်ဖိုးထားမှုများ၊ ဇီဝဗေဒဆိုင်ရာ လိင်မတူကွဲပြားမှုအပေါ် အခြေပြုပြီး လူမှုရေးဆိုင်ရာ ဆုံး ဖြတ်ထားသည့် သွင်ပြင်လက္ခဏာများ၊ အခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရားများမှ အခြေခံပါသည်။ ဤသို့သော ကျား/ မကွဲပြားမှုအပေါ် အခြေခံပြီး လွှမ်းမိုးနေသည့် တန်ဖိုးထားမှုများ၊ ယုံကြည်ချက်များ၊ သဘောထားများနှင့် လုပ်ထုံးလုပ်နည်းများကို

လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်း၏ အဓိကအဖွဲ့အစည်းများ၊ အဆောက်အအုံများမှ လူများထံမှ သင်ယူရရှိခဲ့ကြပြီး ဆက်လက်ထိန်းသိမ်းထား ခဲ့ကြပါသည်။ ယင်းတို့မှာ မိသားစု၊ ကိုးကွယ် သည့် ဘာသာ၊ နိုင်ငံတော်နှင့် ဥပဒေကြောင်းနှင့် ပညာရေး စနစ် များဖြစ်ကြသည်။ လူ့အဖွဲ့အစည်းတွင် မည်သူ့ကို တန်ဖိုး ထားရမည်။ မည်သည်ကိုတန်ဖိုး ထားရမည်။ အရင်းအမြစ် များကို မည်သို့ခွဲဝေမည်။ မည်သူက မည်သည့်အရာကို ပြုလုပ်နိုင်သည်နှင့် မည်သူက မည်သည့်အရာကို ရရှိနိုင် သည်တို့ကို သတ်မှတ်ပေးကြသည်။ ကျား/မ တန်းတူညီမျှ မှုဆိုသည်မှာ အမျိုးသမီး နှင့် အမျိုးသားများနှင့် အခြားလိင် များအကြား တန်းတူညီမျှ အခွင့်အလမ်းများ၊ အခွင့်အရေး များ၊ တာဝန်ဝတ္တရားများ နှင့် ဆက်ဆံရေးတို့ကို ဆိုလိုပါ သည်။

လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်တိုင်းတွင် ကျား၊မရေးရာရှုထောင့်များ ရှိပါသည်။ အမျိုးသမီးများတွင် ကိစ္စရပ်အားလုံးနှင့် ပတ်သက် ပြီး အကြံဉာဏ်၊ သဘောထားများပေးနိုင်သည့် တန်းတူ အခွင့်အရေးရှိပြီး ထုံးတမ်းစဉ်လာအရ "အမျိုးသမီးများ၏ အရေးကိစ္စများ" ဟု သတ်မှတ်လက်ခံထားကြသည့် မိသားစုအရေး၊ လူမှုရေးကိစ္စရပ်များ အတွက်သာ မဟုတ်ချေ။ ကျား၊မရေးရာ အခန်းကဏ္ဍများနှင့် မတူညီမှု အမျိုးမျိုးကြောင့် ကိစ္စရပ်အားလုံးနီးပါးတွင် အမျိုးသားများ နှင့် အမျိုးသမီးများ၏ ပါဝင်လုပ်ဆောင်ပုံနှင့် အကျိုးသက် ရောက်ပုံများမှာ မတူညီ ကွဲပြားတတ်ကြပါသည်။ ဆိုလို သည်မှာ ကျား၊မရေးရာ သီးခြားလိုအပ်ချက်များ အမျိုး သမီးများတွင် ရှိနိုင်ပြီး အမျိုးသားများ၏ လိုအပ်ချက်များ နှင့် ကွဲပြားနိုင်ပါသည်။

သဘောပေါက်နားလည်စေရန်နှင့် ပြုပြင်ပြောင်းလဲရန် အမျိုးသမီးအရေးအတွက် တက်ကြွ လှုပ်ရှားသူများနှင့် အမျိုးသမီးလှုပ်ရှားမှုများက "ကျား/မ ရေးရာအမြင်များ" ကို လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပဋိပက္ခ နှင့်ဆိုင်သည့် ကိစ္စရပ်များတွင် ထည့်သွင်းထားကြပါသည်။ သူတို့အနေဖြင့် အခြေခံကျသည့် မတူညီသော ဩဇာ အာဏာနှင့်ဆက်ဆံရေးကို ဆန်းစစ်လေ့လာပြီး ကျား/မ ရေးရာတန်းတူညီမျှမှုနှင့် တန်းတူအခွင့်အရေး ရရှိမှုကို ဖြစ်စေနိုင်သည့် နည်းလမ်းများကို အကြံပြုကြသည်။ အမျိုးသမီးများသည် ကမ္ဘာ့လူဦးရေ၏ အနည်းဆုံးတစ်ဝက် ခန့် ရှိနေသဖြင့် သူတို့ကိုယ်တိုင်အတွက်နှင့် သူတို့နေထိုင်သည့် နိုင်ငံများ၏ အနာဂတ်များနှင့် ပတ်သက် သည့် ဆုံးဖြတ်ချက်များတွင် တန်းတူညီမျှစွာ ပါဝင်နိုင်ရန် မငြင်းဆိုနိုင်သည့် မွေးရာပါအခွင့်အရေးများ ပိုင်ဆိုင်ရရှိ ထားပါသည်။ ကမ္ဘာပေါ်တွင် ဖြစ်ပျက်ခဲ့သည့်အတွေ့ အကြုံအဖြစ်အပျက်များအရ ရပ်ရွာလူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီး များ ပါဝင်ပါက အမျိုးသမီးများနှင့် အမျိုးသားများ၏ လိုအပ်ချက်များကို ညီမျှစွာ ထည့်သွင်းစဉ်းစား၍ ကိုယ်စား ပြုမှု ပိုရှိနိုင်ပါသည်။

ကျား၊မရေးရာ ရှုထောင့်အမြင်များသည် အကြမ်းဖက်မှုများ ရပ်တန့်စေခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဆန်းစစ်လေ့လာခြင်းနှင့် ဆက်စပ်နေပါ သည်။[၁၁] Elizabeth Porter နှင့် Anuradha Mundkur တို့ရေးသားဖော်ပြထား ခဲ့သကဲ့သို့ပင် -

"(စစ်ဘေးစစ်ဒဏ်) ခံစားကြရသူများ၊ အသက်ရှင် ကျန်ရစ်ခဲ့သူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် အချို့အခြေအနေများတွင် လက်နက်ကိုင်စစ်မှုထမ်းသူများ ဖြစ်ခဲ့ကြသဖြင့် အမျိုးသမီးများသည်ပဋိပက္ခများကို ဖြေရှင်း ရန် နှင့် ပဋိပက္ခအလွန် ပြန်လည်တည်ဆောက်ရေးနှင့် အနာဂတ်နိုင်ငံရေးနှင့် လူမှု-စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုး တိုး တက်မှုတွင် ပါဝင်လုပ်ဆောင်ရန် အဓိက အကျိုးစီးပွား ပတ်သက်သူများလည်းဖြစ်ပါသည်။ နိုင်ငံအများစုတွင် အမျိုးသမီးဦးရေမှာ အနည်းဆုံး ၅၀% ရှိသဖြင့် အမျိုးသမီး များမပါဝင်ဘဲ ရပ်ရွာလူမှုအဖွဲ့အစည်း ပိုင်ဆိုင်သည့် ကျယ်ကျယ်ပြန့်ပြန့် တရားဝင်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ပိုင်ခွင့်တစ်ခု ချမှတ်နိုင်ရန်မှာ ခက်ခဲပါလိမ့်မည်။"[၁၂] ကျား၊မရေးရာ၊ ပဋိပက္ခနှင့် မလုံခြုံမှုတို့သည် ဆက်စပ် နေသည့် သဘောတရားအယူအဆများဖြစ်ပြီး သီးခြားမ ဟုတ်ကြချေ။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့်ပတ်သက်သည့် အမျိုးသမီးအရေး လှုပ်ရှားမှုဆိုင်ရာ ဆန်းစစ်လေ့လာ ချက်တစ်ခုမှာ ကျား၊မရေးရာ မတူညီမှုမှ ပုံဖော်သည့် လူမှု ရေး အခြေအနေတစ်ခုတွင် အကြမ်းဖက်မှုနှင့် လူသားများ ၏ မလုံခြုံမှုတို့အား ဆက်စပ်ပေးခြင်းကို ဆိုလိုပါသည်။[၁၃] နိုင်ငံတော်နှင့် အမျိုးသားလုံခြုံရေးအဖြစ်ဖြင့် လုံခြုံမှုကို အများ နားလည်သဘောပေါက်ထားသည့် ပုံစံမျိုးအစား တစ်ဦးချင်းစီ၏ လုံခြုံရေးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် နားလည် သဘောပေါက်ခြင်းကို ဆိုလိုပါသည်။ တစ်ဦးချင်းစီ၏ လုံခြုံရေးအပေါ် ဤကဲ့သို့ ဦးစားပေးမှုသည် စီးပွားရေး၊ နိုင်ငံရေးနှင့် အစားအစာ မဖူလုံမှုတို့မှ လွတ်မြောက်ခြင်းနှင့် ကျန်းမာရေး၊ ပတ်ဝန်းကျင်၊ကိုယ်ပိုင် လုံခြုံမှုနှင့် ရပ်ရွာအဖွဲ့အစည်း အတွင်း သဟဇာတဖြစ်မှုတို့ကို ခြိမ်းခြောက်မှုများမှ လွတ်မြောက်ခြင်းနှင့် လုံခြုံရေးအဖြစ် ကျယ်ပြန့်သည့် အနက်အဓိပ္ပါယ် ဖွင့်ဆိုနိုင်ပါသည်။ လုံခြုံ ရေးဆိုင်ရာ ကျား/မရေးရာ နားလည်သဘောပေါက်မှုသည် တစ်ဦးချင်းစီ၏ အထက်ဖော်ပြပါ ရှုထောင့်များ အားလုံးတွင် အမျိုးသမီးများ၏ လုံခြုံရေးအတွက် လိုအပ်ချက်များနှင့် ကျား၊မရေးရာ သီးခြား မညီမျှမှုများကို ဆန်းစစ်လေ့လာပြီး ကိုင်တွယ်ဖြေရှင်းခြင်းတို့လည်း လိုအပ်ပါသည်။ ပေါ်တာ (Porter) နှင့် မန်ဒ်ကာ (Mundkur) တို့၏ ရေးသားချက်တွင် -

"အမျိုးသမီးများသည်.....အိမ်တွင် အရိုက်နှက်ခံရသည့် ကိစ္စများမှစပြီး လမ်းပေါ်တွင် အမွှေပြုကျင့်ခံရခြင်း၊ စစ်မြေပြင်တွင် သတ်ဖြတ်မှုများအထိ ပဋိပက္ခဖြစ်စဉ်များကို ပို၍ ရှင်းရှင်းလင်းလင်းမြင်နိုင်ပြီး အကြမ်းဖက်မှု၊ ဆင်းရဲ နွမ်းပါးမှုနှင့် နေ့စဉ်ဘဝတွင် တန်းတူညီမျှမှုမရှိခြင်းတို့အကြား ဆက်စပ်မှုများကို ပို၍ရှင်းလင်းစွာဆက်စပ်တတ်ပါသည်။"[၁၄]

အစဉ်အမြဲရှိနေသည့် ဒုက္ခအခက်အခဲများက မီးမောင်းထိုး ပြသကဲ့သို့ အကြမ်းဖက်မှု၊ ပဋိပက္ခများနှင့် စစ်ပွဲများက အမျိုးသမီးများနှင့် မိန်းကလေးများကို အကျိုးသက်ရောက် မှုမှာ အဆမတန်များပြားပြီး အမျိုးသားများ၊ ယောကျာ်း လေးများနှင့်မတူဘဲ ကွဲပြားခြားနားလှပါသည်။ ခေတ်သစ် စစ်ပွဲများ၏ ပြောင်းလဲသည့် သဘာဝအရ၊ လက်ရှိစစ်ပွဲများ ဒဏ်ကို ခံစားနေရသူအများစုမှာ အရပ်သားများ[၁၅] ဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများသည် ကမ္ဘာ့ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူများ၏ ၈၀% ခန့်နီးပါး ရှိနေပါသည်။[၁၆] အမျိုးသမီးများသည် ပဋိပက္ခဒဏ်ခံစားကြရသူများ သို့မဟုတ် ကျန်ရစ်ခဲ့သူများ အဖြစ်ဖြင့် အဓိကအားဖြင့် သတ်မှတ်ခံရသည်ဆိုသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။ သို့ရာတွင် အမျိုးသမီးများသည် ပဋိပက္ခဖြစ်စေသူများအဖြစ်လည်း ပါဝင်တတ်ကြသည်ကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ စစ်သမီးများ၊ ဆေးဝန်ထမ်းများနှင့် သူနာပြုများအဖြစ်ဖြင့် လည်းကောင်း၊ မိမိတို့တိုင်းရင်းသားဖြစ်မှု သွင်ပြင် စရိုက် လက္ခဏာအပေါ်အခြေခံသည့် သစ္စာခံမှု သို့မဟုတ် ဆွေ မျိုး တော်စပ်နေမှုကြောင့် (မိခင်များ၊ အမ/ညီမများ၊ သမီး များနှင့် ဇနီးမယားတော်စပ်မှု) အတိုက်အခံ အင်အား စုများအပါအဝင် စစ်တပ်အမျိုးမျိုးတွင် တက်ကြွစွာ ပံ့ပိုး ကူညီသူများအဖြစ် ပါဝင်ကြသည်ဆိုသည်ကိုလည်း အသိအမှတ်ပြုကြရပါမည်။ ဤအတွေ့အကြုံများအားလုံး၏ ပေါင်းစုရလဒ်မှာ ပဋိပက္ခကာလအတွင်းတွင် ကျား/မ ရေး ရာနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ရုပ်ပိုင်းနှင့်

စိတ်ပိုင်းဆိုင်ရာ အားနည်းထိရှလွယ်မှုများနှင့် လိုအပ်ချက်များရှိနေပြီး ယင်းတို့ကို အသိအမှတ်ပြု၍ ကောင်းမွန်အောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

- ပဋိပက္ခအတွင်း အမျိုးသားများမှာ သေဆုံးနိုင်ခြေမြင့်မားပြီး အမျိုးသမီးများမှာမူ ပဋိပက္ခ၏အကြောင်းရင်းခံများဖြစ်သည့် အစာရေစာရှားပါးမှု၊ရေကောင်းရေသန့် မရရှိခြင်း ၊ ကျန်းမာရေးဝန်ဆောင်မှုများမရရှိမှုနှင့် အခြေခံလူမှုအဆောက်အအုံများ မပြည့်စုံမှုတို့ကြောင့် ပိုပြီး သေဆုံးကြပါသည်။

- ပဋိပက္ခက အမျိုးသမီးများနှင့်ကလေးများအတွက် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များ၊အလုပ် ဝန်ထုတ်ဝန်ပိုးများနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်ကို ပိုမိုများပြားစေသည်။

- အမျိုးသားများက အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာနှင့် အခြားအကြမ်းဖက်မှုပုံစံအမျိုးမျိုး ကျူးလွန်သည့် ရည်ရွယ်ချက်မျိုးစုံကို စစ်ပွဲကာလအတွင်း နေရာများစွာတွင် ခံစားခဲ့ကြရပြီး စစ်ပွဲပြီးသော်လည်း ဆက်လက်ကြုံတွေ့ကြရပါသည်။

- အမျိုးသမီးများနှင့် မိန်းကလေးများသည် စစ်မက် ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အများစုဖြစ်ပါသည်။  လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက အကြမ်းဖက်ခံခဲ့ရသူများအတွက် ပြင်းထန်သည့် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များ ကို ခံစားရရှိစေသည်။

- ပဋိပက္ခအဆုံးသတ်မှုကလည်း စစ်ပွဲတွင်ပါဝင်တိုက်ခိုက်သည့် အမျိုးသမီးနှင့် အမျိုးသားများနှင့် လက်နက်ကိုင်အုပ်စုများနှင့် ဆက်စပ်သူများအား ရှုပ်ထွေးလှသည့် စိန်ခေါ်မှုများဖြစ်စေသည်။ အမျိုးသမီးစစ်သည်များနှင့် စစ်တပ်တွင် ပံ့ပိုးကူညီသည့် အခန်းကဏ္ဍများ ပါဝင်သူများအပါအဝင် စစ်မှုထမ်းဟောင်းများသည် ပဋိပက္ခအလွန်ကာလများတွင် ရပ်ရွာလူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့ပြစ်တင်မှုကို ရင်ဆိုင်ရတတ်ပြီး ပြန်လည်ပေါင်းစည်းရေး လုပ်ဆောင်သည့်အချိန်တွင် သတိမပြုမိဘဲရှိတတ်ပါသည်။

- အမျိုးသမီးများသည် ရပ်ရွာအဆင့်နှင့် အလွတ်သဘော ပဋိပက္ခမဖြစ်ရန်တားဆီးမှု၊ ဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့တွင် ရှေ့တန်းမှ ရှိနေသော်လည်း တရားဝင်ငြိမ်းချမ်းရေး ညှိနှိုင်းမှုများ တွင် ကိုယ်စားပြုပါဝင်ခွင့် နည်းပါးခြင်းနှင့် ဖယ်ကြဉ်ခံရခြင်း တို့ကို အမြဲပင်တွေ့ရှိရပါသည်။  ဆိုလိုသည်မှာ တန်းတူညီမျှမှု မရှိခြင်းနှင့် ပဋိပက္ခ၏ အခြေခံ အကြောင်းရင်းများကို ကိုင်တွယ်ရန်လိုအပ်သည့် ငြိမ်းချမ်းရေးသဘောတူညီမှုများ အတွက် ညှိနှိုင်း ဆွေးနွေးရာတွင် အမျိုးသမီးများ၏ ပါဝင်မှုကို ငြင်းပယ်သည်ဟူသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။[၁၇]

မကြာသေးမီနှစ်များတွင်နိုင်ငံတကာ ဆန်းစစ်လေ့လာမှုနှင့် အလေ့အကျင့်ကောင်းများ ပိုမိုကြီးထွားကောင်းမွန်လာမှုက ငြိမ်းချမ်းရေးရယူခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အဆင့်တိုင်းတွင် အမျိုးသမီးများအား တန်းတူပါဝင်ခွင့်နှင့် ကိုယ်စားပြုမှုကို လုပ်ဆောင်ရန် မည်မျှအရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ (ဂွာတီမာလာနှင့် အာဖဂန်နစ္စတန် နမူနာများပါ ဇယားကွက်များကို ကြည့်ပါ။) ၂၀၁၀ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံမှ ကြေညာခဲ့သည့်အတိုင်း  "အမျိုးသမီးများသည် ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ငြိမ်းချမ်းရေး၏ ဒေါက်တိုင် သုံးခုဖြစ်သည့် ပြန်လည်တည်ထောင်ရေး၊ လူမှုသဟဇာတဖြစ်မှုနှင့် နိုင်ငံရေးဆိုင်ရာ တရားဝင်ဖြစ်တည်မှုတို့ကို ထောက်ခံပေးရာ တွင် အရေးပါသည့် မိတ်ဖက်များဖြစ်ကြပါသည်။"[၁၈]

အနှစ်သာရအားဖြင့် ပဋိပက္ခက လူမှုဆက်ဆံရေးများကို အဟန့်အတားဖြစ်သည်။ သို့သော် ပဋိပက္ခ ဖြေရှင်းရာတွင် ကျား၊မရေးရာ တန်းတူညီမျှမှုမရှိခြင်းကို တည့်မတ်ပေးနိုင်ပြီး လူ့အဖွဲ့အစည်းတွင် အပြောင်းအလဲများ နှင့် သြဇာအာဏာကို ပြန်လည်ခွဲဝေပေးနိုင်သည့် အခွင့်အလမ်းများကို ဖြစ်ထွန်းစေနိုင်ပါသည်။  အထူးသဖြင့် အမျိုးသမီးများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် မပါဝင်ဘဲ အဖြစ်အပျက်များကို လွှမ်းမိုးနိုင်မှုကို ငြင်းပယ်ခံရလျှင် အရေးကြီးသည့် ကိစ္စရပ်များစွာက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီးဖြစ်စေပြီး အဟန့်အတား ဖြစ်စေနိုင်သည့် အန္တရာယ်ကြီးသည့် ကိစ္စရပ်များစွာကို ပေါ်ပေါက်စေနိုင်ပါသည်။ ငြိမ်းချမ်းရေးကို အမျိုးသား လုံခြုံရေးနှင့် ပဋိပက္ခကင်းစင်သည့် အခြေအနေ အဖြစ်သာလျှင်အဓိပ္ပါယ်ဖွင့်ဆိုကြပြီး လူသားတစ်ဦးချင်းစီ၏ လုံခြုံရေးနှင့်ပတ်သက်၍ ပိုပြီးကျယ်ပြန့်သည့် တွေးခေါ်စဉ်းစား

## ဂွာတီမာလာနိုင်ငံ၏ အတွေ့အကြုံ

ဂွာတီမာလာနိုင်ငံတွင် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်တွင် အမျိုးသမီးများသည် စစ်သမီးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပံ့ပိုးကူညီခဲ့သူများအဖြစ်ဖြင့် ပါဝင်ခဲ့ကြပါသည်။ ၁၉၉၀ခုနှစ်များ၏ အစောပိုင်းကာလ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများသည် ဆွေးနွေးညှိနှိုင်းသည့်အဖွဲ့များ၏ ကိုယ်စားလှယ်များအဖြစ်ဖြင့် ပါဝင်ခဲ့ကြပါသည်။ အကျိုးဆက်အနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အိမ်ယာ၊ငွေကြေးချေးငွေအထောက်အပံ့နှင့် မြေယာများ ပျောက်ဆုံးနေသည့်ကလေးများနှင့် မိဘမဲ့များကို ရှာဖွေခြင်း၊ လိင်ပိုင်းဆိုင်ရာပြုကျင့်မှုကို အပြစ်ပေးခြင်းနှင့် နိုင်ငံတော်အဆင့် အမျိုးသမီးဖိုရမ်တစ်ခု ဖန်တီးပေးခြင်းစသည့် အမျိုးသမီးများအတွက် သီးခြားထည့်သွင်းစဉ်းစား အာမခံချက်များကို ထည့်သွင်းခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ပထမဆုံးသော ဂွာတီမာလာအမျိုးသမီးလှုပ်ရှားမှုက အပြည်ပြည်ဆိုင်ရာ တရားဥပဒေနည်းလမ်းများကို အောင်မြင်စွာအသုံးပြု၍ ပြည်တွင်းစစ်အတွင်း ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် အမျိုးသားအဆင့်တရားရုံးစနစ်ဖြင့် အစိုးရမှ အဆင့်မြင့်ဆုံး ဗိုလ်ချုပ် ရီယိုမွန့်တ် (Ríos Montt) ကို တာဝန်ယူစေနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ရီယိုမွန့်တ် (Ríos Montt) ကို လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုတစ်ခုလုံးအပေါ် ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများ အတွက် ဂွာတီမာလာတရား ရုံးတွင်တရားစွဲဆိုပြီး ရုံးတင်စစ်ဆေးခဲ့သည်။

ချက်များကိုမူ လျစ်လျူရှုထားတတ်ကြသည်။

ဤသို့ပြုလုပ်မှုက အပျက်သဘောဆောင်သည့် အကျိုးဆက်များစွာကို ဖြစ်ထွန်းစေနိုင်သည်။ အမျိုးသားများ ကြုံတွေ့ခဲ့သည့် အခြေအနေနှင့် ကွဲပြားသည့် အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် ပဋိပက္ခ၏ အရင်းအမြစ် အဖြစ်တည်ရှိနေသည့် လူမှုရေး၊နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးကြီးသည့် အဓိက ကိစ္စရပ်များကို လျစ်လျူရှုတတ်ကြသည်။ ကျား/မ မတူညီ မှုအပေါ် အခြေခံသည့် အကြမ်းဖက်နှင့် အခြားတန်းတူညီမျှမှု မရှိခြင်း တို့ကို အားကောင်းအောင် ထောက်ကူပေးသည့် ကျား/မ ရေးရာ မတူညီမှုအပေါ်အခြေခံသည့် တန်းတူညီမျှမရှိမှုနှင့် ဖခင်အုပ်စိုးမှုပုံစံဆန်သည့် ယုံကြည်မှုတို့ကို ကိုင်တွယ် ဖြေရှင်းမှုမရှိခြင်းနှင့် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိစ္စရပ်များကို မသိကျိုးကျွံပြုထားကြပါ သည်။

ဤလေ့လာဆန်းစစ်ချက်ကို အမျိုးသမီးများပါဝင်၍ ဖြစ်စေ၊ မပါဝင်ဘဲဖြစ်စေ လုပ်ဆောင်သည့် ငြိမ်းချမ်းရေး လုပ်ဆောင်ချက်များကို ဆန်းစစ်လေ့လာသည့် နိုင်ငံတကာ သုတေသနလေ့လာချက်များစွာက အထောက်အပံ့ပေး ထားပြီး ကျား၊မရေးရာရှုထောင့်များနှင့် အမျိုးသမီး ကိုယ်စားလှယ်များပါဝင်မှု၏ အရေးကြီးမှုကို ပဋိပက္ခ ကြောင့် ဒုက္ခခံစားကြရသည့် အခြေအနေတွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ အမျိုးသမီးများပါဝင်မှုမရှိခြင်း၏ အထောက်အထားအဖြစ် သက်သေပြုကြပါသည်။ ဥပမာ အနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အမျိုးသမီးများ ပြုလုပ်သည့် သုတေသနနှင့် (ဘိုဂိန်ဗေးလ်ကျွန်း (Bougainville)၊ ဖီဂျီ၊ နီပေါလ်၊ သီရိလင်္ကာ၊ တီမောလက်စ် နှင့် လိုက်ဘေးရီးယား ကဲ့သို့သော) ပဋိပက္ခအလွန် အခြေအနေအမျိုးမျိုးမှ အတွေ့အကြုံများက ငြိမ်းချမ်း ရေးညှိနှိုင်းဆွေးနွေးမှုများတွင် ကျား၊မရေးရာ အခြေခံသည့် တိုင်းရင်းသား၊ ဘာသာရေးနှင့် နိုင်ငံရေး ရှုထောင့်များအပါအဝင် ရှုထောင့်အမျိုးမျိုးကို ထည့်သွင်း စဉ်းစားခြင်းက ပို၍တည်တံ့ခိုင်မြဲနိုင်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဖြစ်ထွန်းစေနိုင်သည်။[၁၉] အကျိုးဆက်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးအရေးအတွက် လှုပ်ရှားလုပ်ဆောင်သူများကို တရားဝင်ပါဝင်စေခဲ့ပြီး ရရှိလာသည့် ငြိမ်းချမ်းရေး သဘောတူညီချက်များသည် စစ်မက်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံစားခဲ့ရသူများအတွက် မြေယာ၊ ချေးငွေ၊ ပညာရေး၊ သင်တန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ညီမျှစွာ ရရှိ စေနိုင်ရေးနှင့် တရားမျှတမှု အပေါ် ဦးစားပေးခြင်း ကဲ့သို့သော ကိစ္စရပ်များကို ဂရုတစိုက်ထည့်သွင်းပြီး လုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်မှုဖြင့် လူသား လုံခြုံရေးကို ထည့်သွင်း လေ့ရှိပါသည်။[၂၀]

ဆန့်ကျင်ဘက်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆွေးနွေးမှုဗဟိုဌာန (CHD) က အမျိုးသမီးများ၏ အခွင့်အရေးကိစ္စရပ်များကို ငြိမ်းချမ်းရေးသဘောတူညီချက်ရေးဆွဲရာတွင် မထည့်သွင်းခဲ့လျှင် "ယင်းကိစ္စရပ်များ သိသာစွာ လျော့ကျစေနိုင်ရေးအတွက် ကိုင်တွယ် ဖြေရှင်းနိုင်ခြေမှာ အလွန်ပင် နည်းပါးလှသည်။"[၂၁] အာရှ ပစိဖိတ်ဒေသမှ ငြိမ်းချမ်းရေးသဘောတူညီမှု ခြောက်ခုကို ဆန်းစစ်လေ့လာချက် ၂၂ တွင် CHD သုတေသန ပညာရှင်များက အာဏာခွဲဝေမှု၊ အရင်းအမြစ်ခွဲဝေမှု၊ လုံခြုံရေး အစီအစဉ်များ၊ တရားစီရင်ခွင့်နှင့် ငြိမ်းချမ်းရေးကို စောင့်ကြည့်လေ့လာမှုဆိုသည့် သဘောတူညီချက်များ၏ အဓိက အချက် ၅ ချက်တွင် ကျား၊မရေးရာ တန်းတူညီမှုရှိမရှိကို အကဲဖြတ်ဆန်းစစ်ထားပါသည်။ အမျိုးသမီးအခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာ စံနှုန်းများရှိသော်ငြားလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ ဒီဇိုင်းပုံစံနှင့် လှုပ်ရှားလုပ်ဆောင်မှုများက ငြိမ်းချမ်းရေး သဘောတူညီချက်များပါ စာသားများတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ကျား၊မရေးရာရှုထောင့်များကို မထည့်သွင်းဘဲ ထားနိုင်သည်ဟု သုံးသပ်ထားပါသည်။ ပဋိပက္ခအလွန် နိုင်ငံများ၏ လူမှုရေးနှင့် နိုင်ငံရေးအခင်းအကျင်းများကို ပုံဖော်ပေးရာတွင် ငြိမ်းချမ်းရေးသဘောတူညီချက်များမှာ များစွာ သြဇာသက်ရောက်နိုင်သောကြောင့် ထိုကဲ့သို့ ဖယ်ရှားခံရမှုများမှာ သိသာထင်ရှားကြောင်းနှင့် အပျက်သဘောဆောင်နိုင်ကြောင်းကိုလည်း သတိပေးထားပါ သည်။ Jenny Hedström အောက်ပါအတိုင်း ရေးသား ဖော်ပြထားပါသည်။

"ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် သဘောတူညီကြသည့် တောင်းဆိုချက်များက ဒီမိုကရေစီနည်းကျသည့် အဖွဲ့အစည်းများ တည်ထောင်မှုကိုသာမက ယင်းတို့၏ ဦးစား ပေးမှုတို့ကိုလည်း သြဇာသက်ရောက်သည်။ ကျား/မ ရေးရာနှင့်ပတ်သက်ပြီး ထည့်သွင်းထားသည့် ဥပဒေချမှတ် နိုင်ရန်အလို့ငှာ အိမ်တွင်းအကြမ်းဖက်မှု၊ ကာယိန္ဒြေ ပျက်ပြားအောင်ပြုမှုမှု၊ ရွေးကောက်ပွဲဆိုင်ရာ အချိုးကျစနစ်များနှင့် လူမှုစီးပွားဆိုင်ရာ အခွင့်အရေးများ ကဲ့သို့သော ကိစ္စရပ်များအတွက်သာ ကန့်သတ်မထားဘဲ အမျိုးသမီးများအနေဖြင့် သူတို့၏လိုအပ်ချက်များကိုပြောနိုင်ပြီး သူတို့၏သဘောထားအယူအဆများကို လည်းပြောဆို ဆွေးနွေးနိုင်ရမည်။ ထို့ကြောင့် အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အစဦးပိုင်းကတည်း ကပင် ဆွေးနွေးညှိနှိုင်းမှုများမှစ၍ ထည့်သွင်းရမည်ဖြစ်ပြီး နောက်ပိုင်းကျမှ ထည့်သွင်းခြင်းမျိုး မဖြစ်ရန် အရေးကြီး ပါသည်။"[၂၃]

## အာဖဂန်နစ္စတန်၏ အတွေ့အကြုံ

အာဖဂန်နစ္စတန်နိုင်ငံရှိ အမျိုးသမီးအုပ်စုများ၏ တိုက်တွန်းဖိအားပေးမှုကြောင့် အမျိုးသမီးများကို တရားဝင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများ၏ ပထမအဆင့်မှလွဲပြီး အားလုံးတွင် ထည့်သွင်းပါဝင်စေခဲ့သည်။ ဘွန်းသဘောတူညီချက်နောက်ဆုံးညှိနှိုင်းမှုများတွင် အမျိုးသမီးသုံးဦး ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်က လွှတ်တော်နှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် အမျိုးသမီးများပါဝင်မှုကို တောင်းဆိုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အခြား ဥပဒေရေးရာ ပြဋ္ဌာန်းချက်များ ရေးဆွဲရာတွင် အာဖဂန်ရှေ့နေအမျိုးသမီးများပါ ထည့်သွင်းလုပ်ဆောင်နိုင်ရန်လည်း တောင်းဆိုခဲ့သည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်များက အာဖဂန်နစ္စတန် စစ်ပွဲအပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကူအညီအထောက်အပံ့များကို အသုံးပြုရာတွင် အမျိုးသမီးများပါဝင်မှုကို လိုက်နာရမည့်အခြေအနေတစ်ရပ်အဖြစ် ကြေငြာခဲ့သည်။

အကျဉ်းချုပ်အနေဖြင့် ထိရောက်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုဖော်ဆောင်ရန် အဓိက အခြေခံမှုသုံးခု ထွက်ပေါ်လာပါသည်။ ပထမဦးစွာ အားလုံးပါဝင်မှုသည် အလွန်အရေးကြီးပါသည်။ အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ ငြိမ်းချမ်းမှုကို ထိန်းသိမ်း သူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများအဖြစ်ဖြင့် ပဋိပက္ခကို တားဆီးရန်၊ စီမံခန့်ခွဲရန်နှင့် ဖြေရှင်းရန်ဆုံးဖြတ် သည့်အဆင့်တိုင်းတွင် ပါဝင်ရန် လိုအပ်ပါသည်။ ဒုတိယ အချက်မှာ အကြမ်းဖက်မှုနှင့် ဒုက္ခခံစားရမှုနှင့်ပတ်သက်ပြီး အမျိုးသမီးများ၏ ကျား၊မရေးရာအခြေခံသည့် လိုအပ် ချက်များနှင့် အတွေ့အကြုံများကို ငြိမ်းချမ်းရေးတည် ဆောက်မှုနှင့် ပဋိပက္ခဖြေရှင်းမှု၏ ရှုထောင့်အမျိုးမျိုးမှ စဉ်းစားရပါမည်။ တတိယအချက်မှာ အမျိုးသမီးများ တန်းတူပါဝင်မှုက အမျိုးသမီးအခွင့်အရေးများဆိုင်ရာ ကိစ္စ များ၏ ရှုထောင့်အတိုင်းအတာများကို ကိုင်တွယ်စေပြီး လူ့အဖွဲ့အစည်း၏ အမျိုးသမီးအုပ်စုနှင့် ကဏ္ဍ အသီးသီးကို ချိတ်ဆက်ပြီး ကျား၊မရေးရာတန်းတူညီမျှမှု ရှုထောင့်ဖြင့် အမျိုးသမီးကိုယ်စားလှယ်များကို ထည့်သွင်း ရပါမည်။

ဤကဲ့သို့ ထည့်သွင်းပါဝင်စေခြင်းမရှိဘဲ ပဋိပက္ခမှ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုသို့ မှန်ကန်သည့် အသွင်ကူးပြောင်းမှုတစ်ခု မဖြစ်ထွန်းနိုင်ဘဲ ရေရှည်တည် တံ့ရန်မှာလည်း မလွယ်ကူပေ။

## နိုင်ငံတကာ ဥပဒေနည်းလမ်းများနှင့် သဘော တူညီချက်များမှ အမျိုးသမီး အခွင့်အရေးများ

သမိုင်းအစဉ်အလာအရ ဘေးဖယ်ခံရသော်ငြားလည်း ငြိမ်း ချမ်းရေးနှင့် အုပ်ချုပ်စီမံမှုတို့နှင့်ပတ်သ က်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ရန် အမျိုးသမီးအခွင့် အရေး များကို နိုင်ငံတကာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့် သဘောတူညီချက်များတွင် ပြီးခဲ့သည့် ဆယ်စုများ အတွင်း ပိုပြီး အရေးပေးလုပ်ဆောင်လာခဲ့ကြပါသည်။ ဤ လုပ်ထုံး လုပ်နည်းများနှင့် သဘောတူညီချက်များက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု ရှုထောင့်မျိုးစုံတွင် အမျိုးသမီးများ၏ ပါဝင်မှု ကို မဖြစ်မနေ လုပ်ဆောင်ရန် အလေးထားဖော်ပြထားပြီး လုံခြုံရေး အစီအစဉ်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည် တည်ဆောက်ရေး တို့တွင် ကျား၊မရေးရာကိစ္စများကို ထည့်သွင်းစဉ်းစား ရန်နှင့် ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သူများကို တရားစီရင်ရေးနှင့် ပြစ် ဒဏ်ချမှတ်ရေး၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မရေးရာ အခြေခံသည့် အကြမ်းဖက်မှုများမှ အကာအကွယ်ပေးရန် ကြိုးပမ်းအားထုတ် ထားပါသည်။

ဤနိုင်ငံတကာ နည်းနာနိသယများနှင့် သဘောတူညီချက်များသည် ဇယားကွက်တွင်ဖော်ပြထားသည့် နိုင်ငံတကာ နည်းနာနိသယများနှင့် သဘောတူညီချက်ပါ အပိုဒ်များ တွင်ပါရှိပြီး ယင်းတို့သက်သက်သာ ဖြစ်ရမည်ဟု အကန့်အသတ် မရှိချေ။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကိုယ်စားလှယ်များအဖြစ်နှင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ အနေ ဖြင့် အစိုးရများသည် နိုင်ငံတကာဥပဒေများ၊ တာဝန်ဝတ္တရားနှင့် သဘောတူညီချက်များအတိုင်း နိုင်ငံ၏ ဥပဒေများနှင့် မူဝါဒများကို ချမှတ်ရန်နှင့် ယင်းအခွင့်အရေးများကို လက်တွေ့ လိုက်နာကျင့်သုံးကြရန် တာဝန်ဝတ္တရားများ ရှိပါသည်။ သို့ရာတွင် ဤလုပ်ငန်းစဉ်များက ငြိမ်းချမ်းရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု နှင့် ပါဝင်မှုကို တရားဝင်ဖြစ်စေချိန်တွင် ဤနိုင်ငံတကာ ဥပဒေနည်းစနစ်များနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများစွာရှိနေသည့် အချက်ကို ထောက်ပြရန်လည်း လိုအပ်ပါသည်။ မီးမောင်း ထိုးပြနိုင်သည့် အခက်အခဲများလည်း များစွာရှိပါသည်။ ပထမဆုံးအနေဖြင့် ပီကင်း (ဘေဂျင်း) ပလက်ဖောင်းကို လုပ်ဆောင်ရန်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ် ချက်အမှတ် ၁၃၂၅ နှင့် အခြား အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်များကို အကောင် အထည်ဖော်ရန် လမ်းညွှန်ချက်များနှင့် သက်ဝင်အောင် လုပ်ဆောင်ပေးနိုင်သည့် နည်းစနစ်ယန္တရားများ မရှိခြင်းဖြစ် သည်။ ဆိုလိုသည်မှာ မိမိတို့သဘောဆန္ဒ အလျောက်သာ လိုက်နာရန်လိုအပ်သည့် မူဝါဒရေးရာ မူဘောင်များသာဖြစ်သည်။ ဥပမာ - ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ (UNSCR 1325) အကောင်အထည်ဖော်ဆောင်မှု ကို သတင်း ပေးပို့ရန် အစိုးရများ ကိုတရားဝင် တာဝန်ပေးထားခြင်း ဖြင့် CEDAW ကော်မတီ အထွေထွေ အကြံပြုချက် ၃၀ (GR30) က ကုလသမဂ္ဂ လုံခြုံရေး ကောင် စီ ဆုံးဖြတ်ချက် ၁၃၂၅ (UNSCR 1325) ကို ကျောထောက် နောက်ခံ ပေးထားသော်လည်း CEDAW ကော်မတီသို့ မဖြစ် မနေ အစိုးရမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အစီရင် ခံစာများအကြား အချိန်ကာလမှာ ကြာမြင့်လွန်းလှပြီး CEDAW ကော်မတီကလည်း အကြံပြုချက်များသာ ပေးနိုင်ပြီး အကောင်အထည် မဖော်ပါက မည်သည့် ပြစ်ဒဏ်ခတ်မှုမျိုးကိုမှ မလုပ်ဆောင်နိုင်ချေ။

*၁၅နှစ်မျှ ကြာမြင့်ပြီဖြစ်သော်လည်း အစိုးရ များစွာ နှင့် အစိုးရမဟုတ်သူများမှလည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ကို ကောင်းစွာသိရှိသဘောပေါက်ခြင်း မရှိဘဲ အမျိုးသမီး များ၊ ငြိမ်းချမ်းရေးနှင့် လုံ ခြုံရေးနှင့် ပတ်သက် သည့် အခြားကုလသမဂ္ဂ လုံခြုံရေးကောင်စီများ ဆုံးဖြတ် ချက်များကို လည်း နားလည်သဘောပေါက်ဟန်၊ တိုးတက် မှုတို့ကို အကောင်အထည်ဖော်ရန်နှင့် အစီ ရင်ခံရန် တာဝန် ဝတ္တရားနှင့်ပတ်သက်သည့် နောက်ဆက်တွဲ အကျိုးရလဒ်များကို ထည့်သွင်းစဉ်းစားဟန်လည်း မရှိကြချေ။*

ယင်းအချက်က တိုးတက်မှုအတွက် အတွေးအခေါ် အယူအဆပိုင်းဆိုင်ရာ ဒုတိယအတားအဆီးတစ်ခုကို ဦးတည် စေသည်။ ဖခင်ကြီးစိုးသည့်ဝါဒ၂၄ ယဉ်ကျေးမှုများလွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ကိစ္စရပ်များကို နိုင်ငံများစွာတွင် ဆက်လက်ပြီး ဘေးဖယ်ထားပြီး အမျိုးသမီးများ၏ ပါဝင်မှုကို တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှင့် အများ ပြည်သူနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်မှုတွင် အမျိုးသားခေါင်းဆောင်များက လက်မခံဘဲ ရှိတတ်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅က ဥပမာအားဖြင့် ဖခင်ကြီးစိုးသည့်ဝါဒ၊ ယောကျ်ား ဆန်မှု "ဗိုလ်ကျစိုးမိုးသည့်" အယူအဆများနှင့် လက်နက် ကိုင်ရှိသူများက လွှမ်းမိုးထားသည့် ဩဇာအာဏာကဲ့သို့သော ကျား၊မ ရေးရာ တန်းတူညီမျှမှု၏ အရင်းအမြစ်များကို တိုက်ရိုက်မကိုင်တွယ်ချေ။ ဤအချက်က ကြီးမားသည့် ရှုံးနိမ့်မှု တစ်ခုပင်ဖြစ်သည်။ ကျား၊မရေးရာ တန်းတူညီမျှမှု မရှိခြင်းအပါအဝင် အကြမ်းဖက်မှု၏ စနစ်တကျအကြောင်း ရင်းဇစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ရေရှည် တည်တံ့နိုင်သည့် ငြိမ်းချမ်းရေး တည် ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်ပါ သည်။

တတိယအချက်အနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေး များကို မြှင့်တင်ပေးမှုကို နားလည်သဘောပေါက်မှု မရှိ

## နိုင်ငံတကာ နည်းနာနိဿယများနှင့် သဘောတူညီချက်များ

- ၁၉၄၇ ခုနှစ် ဂျနီဗာသဘောတူညီချက်နှင့် ၁၉၇၇ ခုနှစ် အခြားကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများနှင့် စစ်ပွဲ၏ ရက်စက်ကြမ်းကြုတ်မှုကို ကန့်သတ်ပေးသည်နှင့် မည်သူကိုမှမတိုက်ခိုက်ရ သို့မဟုတ် မတိုက်ခိုက်နိုင်ဆိုသည်ကို နိုင်ငံတကာ သဘောတူစာချုပ်များက အကာအကွယ်ပေးထားသည့် နိုင်ငံတကာ သဘောတူစာချုပ်များ

- အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုတွင် ပါရှိသည့်ကိစ္စရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုပြီး ဤကဲ့သို့ ခွဲခြားဆက်ဆံမှုကို ပပျောက်စေရန် လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အစိုးရများမှ အစီရင်ခံတင်ပြစေသည့် အမျိုးသမီးများအား ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံခြင်းကို ပပျောက်စေရေး သဘောတူစာချုပ် (CEDAW, ၁၉၇၉ ခုနှစ်)၊ CEDAW အပိုဒ် ၄ နှင့် ၇ က ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုကို မြှင့်တင်ပေးသည့် မဟာဗျူဟာများကို ချမှတ်ပေးထားသည်။  CEDAW သည် သဘောတူညီချက်ကို လက်မှတ်ရေးထိုး အတည်ပြုထားသည့် နိုင်ငံများအတွက် မဖြစ်မနေလိုက်နာရသည့် နိုင်ငံတကာဥပဒေဖြစ်သည်။

- CEDAW ကော်မတီကို မိမိတို့နိုင်ငံများအပေါ် တစ်ဦးချင်းက အခွင့်အရေးများ ဖေါက်ဖျက်ကျူးလွန်မှုနှင့် ပတ်သက်သည့် အမှုတွဲများကို ကြားနာစေနိုင်သည့် CEDAW ၏ မိမိသဘောဆန္ဒအလျောက် လိုက်နာနိုင်သည့် ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်း (ကုလသမဂ္ဂအထွေထွေ ညီလာခံ [UNGA] ၁၉၉၉ ခုနှစ်)

- အမျိုးသမီးများ အကြမ်းဖက်မှုကိစ္စရပ်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် (၁၉၉၄ ခုနှစ်ကတည်းက လုပ်ဆောင်နေသည်။)

- လူ့အခွင့်အရေးများအဖြစ်ဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ပုံဖေါ်ပေးသည့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်၏ ၁၉၉၅ ခုနှစ် ဗီယင်နာကြေငြာစာတမ်း

- Beijing Platform for Action (၁၉၉၅ ခုနှစ်) ၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့နှင့်ပတ်သက်ပြီး အထူးသဖြင့် အရေးကြီးသည့် နယ်ပယ် "E" အမျိုးသမီးရေးရာ စတုတ္ထအကြိမ် ကမ္ဘာ့ညီလာခံမှထွက်ပေါ်လာသည့် မှတ်တမ်း ကုလသမဂ္ဂဗျူဟာကျသည့် ရည်မှန်းချက် "E1" က ငြိမ်းချမ်းရေးထိန်းသိမ်းမှု၊ ကာကွယ်တားဆီးသည့် သံခင်းတမန်ခင်းဆက်ဆံရေး၊ စေ့စပ်ညှိနှိုင်းမှုနှင့် ကြားဝင်ဖြေရှင်းမှုတို့နှင့်ဆက်စပ်သည့် ကိစ္စရပ်များအားလုံးတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အလေးအနက်ထားပါသည်။

- "လူသားမျိုးနွယ်တစ်ခုလုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု" နှင့် "စစ်ရာဇဝတ်မှုများ" အဖြစ်ဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခတွင် ကျူးလွန်သော အဓမ္မပြုကျင့်ခြင်း၊ လိင်ကျွန်ပြုမှုစနစ်၊ အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ အတင်းအဓမ္မကိုယ်ဝန်ဆောင်စေခြင်း၊ လူကုန်ကူးခြင်း၊ အတင်းအဓမ္မ သားကြောဖြတ်စေခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအမျိုးမျိုး လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မရေးရာ အခြေခံသည့် အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ကျူးလွန်သည့် ရာဇဝတ်မှုများကို အမျိုးအစားခွဲခြားသည့် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (၁၉၉၈ ခုနှစ်) ၏ ရောမနည်းဥပဒေ Rome Statute ။ ကျား၊မရေးရာ ထည့်သွင်းစဉ်းစားသည့် တရားမျှတမှုဖြစ်စေရန်အတွက် နည်းဥပဒေတစ်ခုလည်း ပါရှိသည်။ ၂၀၀၂ ခုနှစ်တွင် သက်ဝင်ခဲ့သည်။

- ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ (၂၀၀၀ ခုနှစ်တွင် ထုတ်ပြန်သည်။) နှင့် အခြား အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ – ၁၈၂၀၊ ၁၈၈၈၊ ၁၈၈၉၊ ၁၉၆၀၊ ၂၁၂၂ နှင့် ၂၂၄၂ (နောက်ဆုံးဆုံးဖြတ်ချက်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့သည်။)  – အဆင့်တိုင်းတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် အမျိုးသမီးများပါဝင်မှုကို တိုးမြှင့်ရန် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို အလေးပေးဖေါ်ပြထားသည်။  ဆုံးဖြတ်ချက်များသည် "အမျိုးသမီးများ၏ ကိစ္စရပ်များ" နှင့်ပတ်သက်ပြီး ရိုးစင်းစွာ ဦးစားပေးခြင်းမျိုးမဟုတ်ဘဲ ကျား၊မရေးရာ ထည့်သွင်းစဉ်းစားသော၊ ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် အရေးကြီးသည့် ရည်မှန်းချက်တစ်စုံကို ပြဋ္ဌာန်းထားသည်။ ရည်မှန်းချက်မှာ ပဋိပက္ခကို ကာကွယ်ရန်၊ ပဋိပက္ခကာလအတွင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများကို အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် (ပြင်ပ လုံခြုံရေးတပ်များ)၊ တရားဝင် ငြိမ်းချမ်းရေးဆောင်ရွက်ခြင်း (အပစ်အခတ်ရပ်စဲခြင်းများ၊ ကြားဝင်ညှိနှိုင်းခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ) နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း (ယုံကြည်မှု တည်ဆောက်ခြင်း၊ ဂုဏ်သိက္ခာဆယ်ခြင်းနှင့် ငြိမ်းချမ်းရေးဖေါ်ဆောင်သည့် လုပ်ငန်းစဉ်များအားလုံး) တို့တွင် အမျိုးသမီး များပါဝင်စေရန်နှင့် ကျား၊မရေးရာ အခြေခံသည့် စစ်ရာဇဝတ်မှုများကို တရားစီရင်ရန် အာမခံပေးရန် ဖြစ်သည်။

- ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်သည့် ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများနှင့် ပတ်သက်သည့် CEDAW ကော်မတီ အထွေထွေ အကြံပြုချက်အမှတ် ၃၀ (GR30)။ GR 30 က ပဋိပက္ခနှင့် ပဋိပက္ခအလွန်ကာလတွင် နိုင်ငံတော်နှင့် အစိုးရမဟုတ်သူများက "မည်သူမဆို လူ့အခွင့်အရေး ချိုးဖေါက်မှု" ကို တားဆီးပြီး လူ့အခွင့်အရေးများကို အကာအကွယ်ပေးစေသည့် နည်းလမ်းများအားလုံးကို လုပ်ဆောင်ရန် CEDAW သဘောတူညီလက်မှတ်ထိုးထားသည့် အစိုးရများကို မဖြစ်မနေလိုက်နာရမည့် နိုင်ငံတကာ ဥပဒေပိုင်းဆိုင်ရာ တာဝန်တစ်ခုဖြစ်စေပါသည်။ UNSCR ၁၃၂၅ အကောင်အထည်ဖေါ်မှုနှင့် CEDAW ကော်မတီသို့ အခါအားလျော်စွာပို့သည့် အစီရင်ခံစာများတွင် အမျိုးသား အဆင့်လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို ယင်းအစိုးရများအားလုံးက အစီရင်ခံစာရေးသားတင်ပြရန် လိုအပ်သည်။

ခြင်းကလည်း အဟန့်အတား ဖြစ်စေခဲ့ ပါသည်။ ၁၅နှစ်မျှ ကြာမြင့်ပြီဖြစ်သော်လည်း အစိုးရများစွာနှင့် အစိုးရမဟုတ်သူများမှလည်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက်၁၃၂၅ကို ကောင်းစွာသိရှိ သဘောပေါက်ခြင်း မရှိဘဲ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့် ပတ်သက်သည့် အခြား ကုလသမဂ္ဂလုံခြုံရေးကောင်စီများ ဆုံးဖြတ်ချက်များကိုလည်း နားလည် သဘောပေါက်ဟန်၊ တိုးတက်မှုတို့ကို အကောင်အထည်ဖော်ရန်နှင့် အစီရင်ခံရန် တာဝန်ဝတ္တရားနှင့်ပတ်သက်သည့် နောက်ဆက်တွဲ အကျိုးရလဒ်များကို ထည့်သွင်းစဉ်းစားဟန်လည်း မရှိကြချေ။ ထို့အပြင် အစိုးရများနှင့် နိုင်ငံတကာအလှူရှင်များ နှစ်ရပ်စလုံး၏ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ပတ်သက်သည့်ကိစ္စနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ ကို အကောင်အထည် ဖော်ရန် တိုက်ရိုက်ဘတ်ဂျက် ခွဲဝေချထားမှုမှာလည်း နည်းပါးလှပါသည်။ အထူးသဖြင့် "အကြမ်းဖက်မှု တိုက်ဖျက်ရေး" နှင့် စစ်တပ်အထွေထွေအသုံးစရိတ်အတွက် နှစ်စဉ်သန်း ထောင်ချီပြီးသုံးစွဲမှုနှင့် နှိုင်းစာလျှင် သိသာလှပါသည်။

စစ်ပွဲမျက်နှာစာတွင်လည်း ရပ်ရွာအဖွဲ့အစည်းတွင် နေထိုင်သူများနှင့် ခေါင်းဆောင်များက ပဋိပက္ခဖြေရှင်းမှုနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်ရန် အမျိုးသမီးများ၏ တန်းတူညီမျှသည့် အခွင့်အရေးများ အတွက် နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်ပတ်သက်ပြီး သိရှိနားလည်မှု မရှိကြချေ။ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများက ပြောကြားရာတွင် ဒေသသုံးဘာသာစကားများ၊ နားလည်လွယ်သည့် အသုံးအနှုန်းများနှင့် သင်တန်းအထောက်အကူပြု ပစ္စည်းများမရှိခြင်းကလည်း အမျိုးသမီး များ၏ အခွင့်အရေးများနှင့် ပတ်သက်ပြီး နားလည် သဘောပေါက်မှုကို အဟန့်အတားဖြစ်စေသည်။

စတုတ္ထမြောက် အဓိကစိန်ခေါ်မှုတစ်ခုမှာ စစ်တိုက်သူများ ၏ အပြုအမူနှင့် ရှေ့တန်းတွင် စစ်ပွဲများ၏ သဘော သဘာဝက ကုလသမဂ္ဂ ဆုံးဖြတ်ချက်များနှင့် သဘော တူညီချက်များ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ် ကွပ်ကဲရန်နှင့် အစီရင်ခံရန် ကတိကဝတ်များကို နှောင့်နှေး ကြန့်ကြာစေနိုင်သည်။ ဥပမာအားဖြင့် အဖွဲ့ဝင် နိုင်ငံများ ကိုယ်တိုင်က ပြစ်မှုကျူးလွန်သူများနှင့် တိုက်ပွဲတွင် ပါဝင်သူများဖြစ်နိုင်သည့်အတွက် ရိုးသားမှန်ကန်၊ တိကျသည့် အစီရင်ခံစာများ မရရှိနိုင်ချေ။ သူတို့အတွက် အဆင်မပြေဟု ထင်သည့်အရာများနှင့် ယုံကြည်လက်ခံနိုင်သော အချက် အလက်များ မရှိခြင်းကို လျစ်လျူရှုထားကြသည်။ ဤအခြေ အနေမျိုးတွင် အရပ်ဘက်အဖွဲ့အစည်း အုပ်စုများမှ အမှန် ဖြစ်နေသည့် အဖြစ်အပျက်များကို သတင်း ပေးပို့ရန် မလုံခြုံလှုပဟု ခံစားရနိုင်ပါသည်။ အမျိုးသမီးများ၊ ငြိမ်း ချမ်းရေး နှင့် လုံခြုံရေးတို့နှင့်ပတ်သက်သည့် နိုင်ငံတကာ ကျင့်ဝတ် နှင့် လုပ်ထုံးလုပ်နည်းများကို ဒေသတွင်း သိရှိနားလည်မှု မရှိခြင်းက ဤအဟန့်အတားကို ပို၍ ကြီးမားစေသည်။

နောက်ဆုံးအနေဖြင့် အမျိုးသမီးများ၏အရေးပါသည့်အခန်း ကဏ္ဍကို အသိအမှတ်ပြုမှုမရှိခြင်းက အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ပေးမှုနှင့် ပတ်သက်သည့် တိုးတက်မှုအခြေအနေကို ဆက်လက်ပြီးအကျိုးဆုတ်ယုတ်စေခဲ့ပါသည်။ ယနေ့ခေတ်တွင် အမျိုးသမီးအဖွဲ့အစည်း များသည်ကမ္ဘာအဝှမ်းလုံးရှိ တရားဝင်နှင့် အလွတ်သဘော ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက် နေပါသည်။ သူတို့၏ လုပ်ဆောင်ချက်များဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များတွင် ချမှတ်ထားသည့် ကတိကဝတ်များ ကို အကောင်အထည်ဖော်နေပြီဖြစ်သည်။ သို့ရာတွင် ယင်းအချက်ကို သူတို့အနေဖြင့် သိရှိရန် မလိုအပ် သကဲ့သို့ ထိုသို့လုပ်ခြင်းအတွက် အသိအမှတ်ပင် မပြုကြချေ။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးအတွက် အဆင့်မြင့် ဆွေးနွေးမှုလုပ်ငန်းစဉ်များတွင် သူတို့ကို တိုင်ပင်မှုမျိုး မရှိ သည်များလည်း မကြာခဏဆိုသကဲ့ပင် တွေ့ရှိရပါသည်။

ဤနေရာတွင် အဓိက နိုင်ငံတကာအခွင့်အရေးများနှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်ရန် နေရာများစွာရှိနေပါသေးသည်။ ၂၀၁၀ ခုနှစ်တွင် UNSCR ၁၃၂၅ ကို အကောင်အထည်ဖော်မှုကို မည်သို့တိုးတက်စေရန်နှင့် ပတ်သက်သည့် ဆွေးနွေးမှု အတွက် ကုလသမဂ္ဂခေါင်းဆောင်များနှင့် စစ်မက် ပဋိပက္ခ ဒဏ်ခံစားနေရသည့် နိုင်ငံများမှ အမျိုးသမီးဦးရေ ၁၅၀၀ ကျော်နှင့် တွေ့ဆုံခဲ့ပြီး ဤကျဆုံးမှုကို အသိအမှတ်ပြုခဲ့သည်။ ပြည်နယ်၊ နိုင်ငံနှင့် ယဉ်ကျေးမှုအခြေအနေအမျိုးမျိုးကို ထင်ဟပ်သည့် ဆွေးနွေးချက်များမှ ပေါ်ထွက်လာသည့် ဘုံဦးစားပေးလုပ်ငန်း သုံးခုပေါ်ထွက်လာခဲ့ပါသည်။ ယင်းတို့မှာ အမျိုးသမီးများ၏ နိုင်ငံရေး လုပ်ဆောင်နိုင် စွမ်းရည်နှင့် အဆင့်အားလုံးတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီးများပါဝင်မှုကို တိုးမြှင့်ခြင်း အမျိုးသမီးများ အနေ ဖြင့် မျှတသည့် တရားစီရင်မှုရရှိခွင့်၊ အကာအကွယ် နှင့် လုံခြုံရေးအတွက် ပိုပြီးထိရောက်သည့် နည်းလမ်းများ နှင့် စီရင်ဆောင်ရွက်ချက်များလိုအပ်ခြင်း၊ ပဋိပက္ခဒဏ်ခံစားခဲ့ရသည့် အမျိုးသမီးများ ပြန်လည်ထူထောင်ရေး အတွက် ကူညီပံ့ပိုးရန် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ နှင့် အကူအညီ အထောက်အပံ့များ ထားရှိရန်လိုအပ်ခြင်းတို့ဖြစ်သည်။[၂၅] ဤအရေးကြီးသည့် ကိစ္စရပ်များကို ကိုင်တွယ်ရန်အတွက် ပဋိပက္ခဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ကျား၊မရေးရာ တန်းတူညီမျှမှုကို ပို၍ထည့် သွင်းလာစေရန် လူမှု-စီးပွားဆိုင်ရာ လုပ်ဆောင်ချက်များ နှင့် တိုက်တွန်းဖိအားပေးခြင်းတို့ မရှိမဖြစ်လိုအပ်ပါသည်။

ယင်းအတားအဆီးများနှင့် အပြောင်းအလဲအတွက် တိုးတက်မှုမှာ နှေးကွေးနေသော်ငြားလည်း ကုလသမဂ္ဂ လုံခြုံ ရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ နှင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များက နိုင်ငံတကာမှ အမျိုးသမီးများ၏ဘဝကို ပြောင်းလဲစေသည်ကို အလေးထားရန် အရေးကြီးပါသည်။[၂၆] ဆုံးဖြတ်ချက်များက အမျိုးသမီး အဖွဲ့များကို စုစည်းအင်အားဖြင့် ညှိနှိုင်းမှုအမျိုးမျိုးကို ဖြစ်ထွန်းစေနိုင်ပြီး အဆင့်တိုင်းတွင်လည်း သူတို့၏အသံများကို ကြားစေပါသည်။ သို့ရာတွင် နိုင်ငံတကာ သဘောတူညီချက်များက ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ကောင်းမွန် သည့် အုပ်ချုပ်စီမံမှုနှင့် လူ့အခွင့်အရေးများကို လေးစား တန်ဖိုးထားမှုတို့တွင် အမျိုးသမီးများ၏ မရှိမဖြစ် အခန်း ကဏ္ဍအတွက် မူဘောင်တစ်ခုချမှတ်ပေးထားပြီး၊ ကမ္ဘာ တဝှမ်းလုံးတွင် အကောင်အထည်ဖော်နိုင်ရေးနှင့် အမှန်တကယ် ဖိတ်ခေါ်ထည့်သွင်းခြင်းတို့ ဖြစ်ပေါ်စေရေး အတွက်မှာမူ အနည်းငယ် အလှမ်းဝေးနေသေးသည်မှာ ထင်ရှားပါသည်။

## မြန်မာနိုင်ငံတွင် ကျား၊မရေးရာ တန်းတူ ညီမျှ(မ)ရှိမှု နှင့် ပဋိပက္ခ

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်း များသည် အလွတ်သဘောနှင့် ကျေးလက်ရပ်ရွာအဆင့် ငြိမ်းချမ်းရေး တည်ဆောက်မှု၊ ရင်ကြားစေ့ရေးလုပ်ငန်း များတွင် တက်ကြွစွာပါဝင် လုပ်ကိုင်လျှက်ရှိပြီးနှစ်ဖက် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲများနှင့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးပွဲများအပါအဝင် တရားဝင်နှင့် အဆင့်မြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုလုပ်ငန်းများတွင်မူ

(အနည်းစု ပါဝင်ခွင့်ရသည်မှလွဲပြီး) အများစုမှာ ဖယ်ကြဉ်ခံထားရဆဲပင် ဖြစ်သည်။ ဤသို့သောဖယ်ကြဉ်ခံရခြင်းနှင့် ဘေးဖယ်ခံထားရခြင်းတို့က ပဋိပက္ခ၏ အခြေခံအကြောင်းရင်းများကို ကိုင်တွယ်ရာတွင် ကာလကြာမြင့်စွာ ကမောက် ကမနှင့် ရှေ့ဆက် မသွားနိုင်သည့် အခြေအနေများကို ဖြစ်ပေါ်စေပါသည်။ အပေါ်ယံကြည့်မည်ဆိုလျှင်၊ မြန်မာ နိုင်ငံရှိ ကျား၊မရေးရာ တန်းတူညီမျှမှု မရှိခြင်းသည် အိမ်နီးချင်းနိုင်ငံ အချို့ကဲ့သို့ သိသာထင်ရှားမှု မရှိလှချေ။ အမျိုးသမီးများသည် အများပြည်သူများ လှုပ်ရှားသွားလာ နေသည့် နေရာအနှံ့အပြားတွင် လွတ်လပ်စွာ လှုပ်ရှား သွားလာနေကြပြီး လယ်လုပ်သူများ၊ ဈေးရောင်းနေသူများ၊ ဈေးဆိုင်များတွင် ရောင်းချနေသူများ၊ ဆရာမများ၊ ဆရာဝန်များ၊ ရုံးဝန်ထမ်းများအဖြစ်ဖြင့် တွေ့ကြရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ သိသာထင်ရှားသည့် ကျား/မ ရေးရာ ခွဲခြားဆက်ဆံမှု ပုံစံအချို့ကို မတွေ့ရှိရသော်လည်း အမျိုးသမီးများသည် လူမှုလူတန်းစားမျိုးစုံတွင် အမျိုးသား များနှင့် တန်းတူအခွင့်အရေးများ သို့မဟုတ် ကိုယ်စားပြု နိုင်မှုမရှိသည်မှာ အသေအချာပင်ဖြစ်သည်။[၂၇] ရှမ်းပြည် နယ် ဖယ်ခုံမြို့တွင် မကြာသေးမီက TNI မှပြုလုပ်သည့် ကျား၊မရေးရာကိစ္စရပ် အလုပ်ရုံဆွေးနွေးပွဲတွင် တက် ရောက်ခဲ့သော အမျိုးသားတစ်ဦး ဆွေးနွေးသကဲ့သို့ပင် “ကျား/မတန်းတူညီမျှမှု မရှိတာက ကျနော်တို့ရဲ့ယဉ် ကျေးမှုထဲမှာ အမြစ်တွယ်နေတာ ပြောင်းဖို့ တော်တော့် ကို ခက်ပါတယ်။”[၂၈]

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အပြတ် အသတ် အနိုင်ရခဲ့သည့် NLD ပါတီခေါင်းဆောင်ဖြစ်သည့် မြန်မာမှသာမက ကမ္ဘာကပါ လေးစားရသည့် နံမည်ကျော် ကြားလူသိများသော အမျိုးသမီးခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည် ကြောင့်လည်း ဤသို့အမျိုးသမီး များအပေါ် ခွဲခြားဆက်ဆံခြင်းကို လူအများ၏ ဆွေးနွေး ပြောဆိုချက် များတွင် လျော့ပေါ့စဉ်းစားပြောဆိုလေ့ရှိသ ည်။ သို့ရာ တွင် အောင်ဆန်းစုကြည်သည် ရှုထောင့်မျိုးစုံမှ အမျိုးသမီး အများစုနှင့်မတူသည့် ခြွင်းချက်တစ်ခုဖြစ်ပါသည်။ မြန်မာ ခေါင်းဆောင်များနှင့် အမျိုးသားထုက ကျား/မ ရေး ရာ တန်းတူညီမျှမှုမရှိခြင်းကို ငြင်းဆန်ခြင်းသည် ထိုင်ထက် ပို၍ နက်နဲပြီး ဖိုဝါဒကြီးစိုးမှု တန်ဖိုးများနှင့် ယုံကြည်မှုများကို ဆုပ်ကိုင်ထားသည့်အပေါ် အခြေခံပါသည်။ ရန်ကုန် အခြေစိုက် အမျိုးသမီးနိုင်ငံရေးလုပ်ငန်းများ လုပ်ကိုင် နေသည့်အဖွဲ့တစ်ခုဖြစ်သည့် ပျိုးလက်ဟန်အဖွဲ့က အောက်ပါ အတိုင်းပြောဆိုခဲ့ပါသည်။

“ကျမတို့လူ့အဖွဲ့အစည်းက ဒေါ်အောင်ဆန်းစုကြည်က လွဲရင် အမျိုးသမီးတွေကို သူတို့ရဲ့ခေါင်းဆောင်တွေလို့ ဘယ်တော့မှ မရှုမြင်ပါဘူး။”[၂၉]

ဤကဲ့သို့သော စိန်ခေါ်မှုများက မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ အမျိုးမျိုးအကြားတွင် ပြည့်နှက် လျှက် ရှိပါသည်။ ကျား၊မရေးရာ တန်းတူညီမျှမှုနှင့်ပတ်သက် သည့် မှတ်တမ်းမှတ်ရာ များစွာ တွင်ရေးသားထားသကဲ့သို့ပင်[၃၀] နိုင်ငံ၏ လူမှုအသိုင်းအဝိုင်း အမျိုးမျိုးတွင် ကျား၊မရေးရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး မိရိုးဖလာအစွဲအလမ်းများမှာ ပြင်းထန်ကြပြီး မိသားစုများ၊ နိုင်ငံတော်နှင့် အခြားအဖွဲ့အစည်းများက ဆက်လက် အားဖြည့် နေဆဲပင်ဖြစ် သည်။

“ချင်းအမျိုးသားတွေက အိမ်အပြင်ကကိစ္စတွေမှာ အမျိုး သမီးတွေပါစရာမလိုဘူးလို့ ထင်ကြတယ်။” ဟု ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ချင်းအမျိုးသား တိုးတက်ရေးပါတီ၏ အမျိုးသမီး ကိုယ်စားလှယ်လောင်း အဖြစ်ယှဉ်ပြိုင်ခဲ့သည့် ချယ်ရီ ဇဟောင်း (Cheery Zahau) ကပြောပြခဲ့ပါသည်။ “အမျိုးသမီးတွေက မိသားစုကို ကြည့်ရှုစောင့်ရှောက်ရတဲ့ အိမ်ရှင်မတွေ။ ဆုံးဖြတ်ချက် အများစုကို အမျိုးသားတွေကဘဲလုပ်တယ်။”[၃၁] အထူး သဖြင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများနှင့် ဘာသာရေး ယုံကြည်မှုအများအပြားက အမျိုးသမီးများထက် အမျိုး သားများသည် ကိုယ်ကျင့်တရား၊ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ခေါင်းဆောင်မှုနယ်ပယ်များတွင် ပို၍မြတ်သည်ဟု စွဲကိုင် ယုံကြည်ထားကြပါသည်။ ဤစိန်ခေါ်မှု အတိုင်းအတာကို Images Asia မှ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရှိ အမျိုး သမီးများ၏ အခွင့်အရေးကို နှစ်အပိုင်းအခြားအသီးသီး ၌ ပြုလုပ်ခဲ့သည့် သုတေသနတွင် အနှစ်ချုပ်ဖေါ်ပြထား ပါသည်။

ဤကဲ့သို့သော ဖခင်ဆန်သည့်အုပ်ချုပ်ရေး ကြီးစိုးသည့် စံထားမှုများကြောင့် မြန်မာနိုင်ငံ တွင် နိုင်ငံရေးနှင့် လူထု နှင့်သက်ဆိုင် သည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် လက်ရှိ အခြေ အနေ၌

“ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာရေးအစွဲအလမ်း ယုံကြည် ချက်များမှ ထွက်ပေါ်လာသည့် ကျား၊မရေးရာ အခန်း ကဏ္ဍများကို ဥပဒေများနှင့် အလေ့အကျင့်များက ဆက် လက်အားဖြည့်ပေးနေပြီး အမျိုးသမီးများကို တစ်ဦးချင်းစီ၏ လုံခြုံမှု၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် လွတ်လပ်စွာသွားလာခွင့်နှင့် ခေါင်းဆောင်မှု၊ အပန်းဖြေ ခြင်းနှင့် ရပ်ရွာလုပ်ငန်းများတွင် ပါဝင်မှုတို့တွင် အပြည့်အဝ အခွင့်အရေးများ ရရှိမှုအတွက် အဟန့်အတားများ ဖြစ်နေစေပါ သည်။”[၃၂]

ဤကဲ့သို့သော ဖခင်ဆန်သည့် အုပ်ချုပ်ရေး ကြီးစိုးသည့် စံထားမှု များ ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လူထု နှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် လက်ရှိ အခြေအနေ၌ အမျိုးသမီးများ၏ ကိုယ်စားပြုမှု နည်းပါးနေ ပါသည်။ ActionAid, CARE Myanmar နှင့် Oxfam အဖွဲ့များမှ ၂၀၁၀-၁၁ ခုနှစ်များ အတွင်း လေ့လာချက် တစ်ခုအရ “(သုတေသန) ပြုလုပ်ခဲ့ သည့်နေရာများ အားလုံးတွင် အများပြည်သူနှင့် သက်ဆိုင် သည့် နေရာများ နှင့် ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးများ ပါဝင်မှုကို ဟန့်တားသည့် စံတန်ဖိုးများ ရှိနေသည့်”[၃၃] အထောက် အထားကို တွေ့ရှိခဲ့ရပါသည်။ မြန်မာ့ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်းနှင့် အာရှ ဖောင်ဒေးရှင်းတို့မှ ရေးသားခဲ့သည့် ၂၀၁၄ ခုနှစ် ဆွေးနွေးချက် စာတမ်းတွင် မြို့နယ် အုပ်ချုပ်ရေးမှူးများ တွင် အမျိုးသမီးတစ်ဦးမှ မပါရှိဘဲ ဝန်ကြီးဌာန ၃၃ ခုတွင် နှစ်နေရာ (ပညာရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန) တွင်သာ အမျိုးသမီး ဦးဆောင်မှုရှိသည်ဟု ဖေါ်ပြထားသည်။[၃၄] ယင်းပျက်ကွက်မှု များသည် ရွေးကောက်ပွဲ ဆိုင်ရာ နိုင်ငံ ရေးတွင်လည်း ထင်ဟပ်နေပါသေးသည်။ ၂၀၁၀ ခုနှစ် အထွေထွေ ရွေး ကောက်ပွဲတွင် အမျိုးသမီး ၂၉ ဦး (စုစု ပေါင်း အရေ အတွက်၏ ၄.၄%) ကိုသာ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးပါဝင်သည့် ပြည်ထောင်စု လွှတ်တော်နေရာ အတွက် ရွေးကောက်တင် မြှောက်ခံရပြီး ပြည်နယ်/တိုင်း ဒေသကြီးအဆင့် လွှတ်တော်များတွင် အမျိုးသမီး ၂၄ ဦး (စုစုပေါင်း အရေအတွက်၏ ၂.၇%)သာ ရွေးကောက်တွင်မြှောက်ခံရပါသည်။[၃၅] အရှေ့တောင် အာရှ နိုင်ငံအားလုံးတွင် “အမျိုးသမီး လွှတ်တော် အမတ် ဦးရေအချိုးအစား အနည်းဆုံးနိုင်ငံ”ပင် ဖြစ်သည်။[၃၆]

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် စုစုပေါင်း အမတ်အရေအတွက် ၆၀၇၄ ဦးအနက် ၁၃% သာ အမျိုးသမီးဖြစ်ပြီး အရေအတွက်အနေဖြင့် နည်းနေ သေးသော်လည်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကာလမှ စ၍ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အထွေထွေ ရွေး

ကောက်ပွဲများအားလုံးတွင် အမြင့်ဆုံးရာခိုင်နှုန်းဖြစ်ပြီး တိုင်းရင်းသားလူနည်းစု ကိုယ်စားလှယ်များထဲမှလည်း အရေအတွက် မြင့်တက်လာခဲ့ပါသည်။[၃၇] ရွေးကောက်ပွဲ တွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ် စလုံးမှ ရွေးကောက်တင်မြှောက်ခံရသူဦးရေ၏ ၁၃% သာ အမျိုးသမီးကိုယ်စားလှယ်များဖြစ်ပြီး အရေအတွက် နည်းပါးလွန်းလှပါသေးသည်။ အဓိပ္ပါယ်မှာ လွှတ်တော်အမတ် ဦးရေ စုစုပေါင်း၏ ၁၀% မျှသာ အမျိုးသမီးများ ဖြစ်နိုင်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်မှ ခန့်ထားသည့် အမတ်အရေအတွက် (စုစုပေါင်း ၏ ၂၅%) တွင် အမျိုးသမီး နေရာပါလျှင် ရာခိုင်နှုန်း တိုးသွားနိုင်ပါသည်။[၃၈] ဤနေရာတွင် NLD၏ အမျိုးသမီး ကိုယ်စားလှယ်လောင်းဦးရေမှာ ၁၅% မျှ အထိရှိခဲ့ပါသည်။ NLD ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းထိန်ကပြောကြားရာတွင် အမျိုးသမီး အရေအတွက် နည်းပါးရခြင်းမှာ အမျိုးသမီး အများစုမှာ "အတွေ့အကြုံနည်းပါး" ၍ (နိုင်ငံရေးနှင့်) "စိမ်းနေ" သေးသည့်အတွက်ဟုဆိုပါသည်။ အမျိုးသမီးများသည် နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ထုံးတမ်း စဉ်လာများအရ "နိုင်ငံရေးတွင် ပါဝင်ရန် ယုံကြည်မှု မရှိကြသေး"သောကြောင့်လည်းဖြစ်သည်။[၃၉] ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ရွေး ကောက်ပွဲမတိုင်မီကာလ "နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ကျား၊မရေးရာ တန်းတူညီမျှမှုသို့ အသွင် ကူးပြောင်းခြင်း ကို မြန်မာလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာများအရ ချက်ခြင်းမလုပ်နိုင်သေး"[၄၀] ဟုဆိုပါသည်။ ဤခွဲခြား ဆက် ဆံမှုရှိသည့် ကိန်းဂဏန်းများအရ နိုင်ငံတကာ စနစ်များနှင့် သဘောတူညီချက်များက မြန်မာနိုင်ငံတွင် အုပ်ချုပ်စီမံမှု ဆိုင်ရာ ဆုံးဖြတ်ချက် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့် တင်ရေးအတွက် အမျိုးသမီးများပါဝင်ခွင့်များ ဖြစ်ထွန်း စေ ရန်များစွာ အထောက်အကူ မပေးနိုင်သေးကြောင်း တွေ့ရ မည်ဖြစ်သည်။ တစိတ်တဒေသအားဖြင့် ယင်း (သဘော တူညီချက်များ) ရှိနေမှုကို သိရှိမှုနည်းပါးခြင်းကြောင့်ဟု လည်း အမျိုးသမီးအရေး လှုပ်ရှားတက်ကြွသူများက ဆိုကြပါသည်။ ကရင်အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ပေးမှု အဖွဲ့ (KWEG) မှ နော်စူဇန်နာ လှလှစိုး ကပြောကြားရာတွင်-

"အစိုးရက CEDAW အကောင်အထည်ဖော်ဖို့ သဘောတူခဲ့ တယ်။ ဒါပေမဲ့ ကျမသံသယဖြစ်နေတာက အစိုးရ အရာရှိကြီးတွေဒီကိစ္စကို သိကြရဲ့လားဆိုတာဘဲ။ လူမှုဝန်ထမ်း ဌာနက လူတွေဘဲသိတာများလား။ မြို့နယ်၊ ကျေးရွာ အဆင့်မှာ ဘာမှမသိကြဘူး။"[၄၁] ဟု ဆိုပါသည်။

လူထုနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်မှုတွင် ဤ သို့ ကျား၊မရေးရာ တန်းတူညီမျှမှုမရှိခြင်း အခြေအနေမျိုးသည် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်သည့် ကာလများအတွင်းတွင် အရေးပါသည့် အကျိုးဆက်များကို ဖြစ်စေနိုင်ပါသည်။ လားရှိုးတွင် TNI အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ တက်ရောက်လာသည့် အမျိုးသားတစ်ဦးက "ဒီလိုခက်ခဲတဲ့ အခြေအနေ [ဆက်လက်ဖြစ်ပေါ်နေသည့် ပဋိပက္ခမှာ] ကျနော်တို့က အမျိုးသမီးတွေ မပါစေချင်ဘူး။" ဟုပြောကြားခဲ့သည်။ အလားတူပင် လွိုင်ကော်မြို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေး ပါတီများအကြား ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်စေခြင်းနှင့်ပတ်သက်ပြီး TNI အလုပ်ရုံဆွေးနွေးပွဲ၌ အမျိုးသမီးတစ်ဦးက "တချို့အမျိုးသမီးတွေက အရည်အချင်းရှိတယ်။ ဒါပေမဲ့ စည်းမျဉ်းစည်းကမ်းတွေက သူတို့ကို ဖယ်ထားတယ်။ ကျမတို့ဆီမှာ လုပ်နိုင်ကိုင်နိုင်တဲ့ ပညာတတ်အမျိုးသမီးတွေ နိုင်ငံခြားသွားဖူးသူတွေရှိတယ်။ ဒါပေမဲ့ ပါတီရဲ့စည်းမျဉ်းစည်းကမ်းတွေကြောင့် မပါရဘူး။ အာဏာက အမျိုးသားတွေလက်ထဲမှာဘဲ ရှိတယ်။"[၄၂]

ဤကဲ့သို့ တနိုင်ငံလုံးနေရာအနှံ့အပြားတွင် အကန့်ခံထားရခြင်းမျိုးသည် ချက်ခြင်းကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် အမျိုးသမီးအခွင့်အရေးများနှင့် ဆန့်ကျင်ပြီး အခြေခံကျကျ ခွဲခြားဆက်ဆံခံခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းတွင် ယခုအချိန်ကဲ့သို့သော အရေးကြီးသည့်ကာလတွင် ဩဇာ အာဏာလွှမ်းမိုးနိုင်သည့် နေရာများရှိ အမျိုးသမီးများက မူဝါဒများချမှတ်ခြင်း၊ အရင်းအမြစ်များခွဲဝေခြင်းနှင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးနှင့် ကျား၊မရေးရာနှင့်ပတ်သက်ပြီး သီးခြားလိုအပ်ချက်များကို ရရှိအောင် လုပ်ဆောင်ပေးစေရပါမည်။

ငြိမ်းချမ်းရေး သဘောတူညီချက်များ ရေးဆွဲရန်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု ကာလများအတွင်း ပဋိပက္ခ၏ အကျိုးဆက်နှင့် ကျား/မ ရေးရာ ရှုထောင့်များကို ကိုင်တွယ်ရန် လိုအပ်သည်ကို အာဏာရှိသူများ အနေဖြင့် အလေးဂရုပြုလာစေရန် လည်း ဦးစားပေးလုပ်ကိုင်နိုင်သည်။လက်ရှိအချိန်တွင်လွှတ်တော်၊ ဝန်ကြီးနေရာများနှင့် နိုင်ငံရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လှုပ်ရှားမှုများ၏ ခေါင်းဆောင်မှုတွင် အမျိုးသမီး ဦးရေနည်းပါးနေသေးသဖြင့် ကျား၊မရေးရာ တန်းတူညီမျှမှုရှိသည့် မူဝါဒချမှတ်မှုမျိုး ဖြစ်ပေါ်စေရန် အမျိုးသမီးများ၏ လုပ်ဆောင်နိုင်စွမ်းမှာ အကန့်အသတ်ရှိနေပါသေးသည်။

ထို့အပြင် ကျား၊မရေးရာ တန်းတူညီမျှမှုများ ဖြစ်ပေါ်စေရန် စိတ်ဝင်စားသူ သို့မဟုတ် ကျား၊မရေးရာ ကိစ္စရပ်များ နှင့်ပတ်သက်ပြီး အားလုံးအနေဖြင့် သိရှိကြမည်မဟုတ်ချေ။ ထို့အတွက်ကြောင့် အမျိုးသမီး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် အချိုးကျစနစ်တစ်ခု လိုအပ်သည်ဟု ခိုင်မာစွာ ရပ်တည်တောင်းဆိုရပါမည်။ လွိုင်ကော် အလုပ်ရုံ ဆွေးနွေးပွဲတွင်တက်ရောက်သူ တစ်ဦးက "အမျိုးသမီးတွေဟာ သမိုင်းကြောင်းအရရော၊ ယဉ်ကျေးမှု အရပါအနှိမ်ခံကြရတယ်။ ဒါကြောင့် အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေလိုပါတယ်။ အမျိုးသားတွေ ဒါကို ထည့်သွင်းစဉ်းစားပြီး လေ့လာသင့်တယ်။" နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ၃၀% ခန့်မျှကို ပေးရန် အဆိုပြုလေ့ရှိသည်။ (များသောအား ဖြင့် မအောင်မြင်ကြ ချေ။)[၄၃] မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း တွဲဖက် တည် ထောင်သူလဖိုင်ဆိုင်းရော်အနေဖြင့် "အပြုသဘော ခွဲခြား ဆက်ဆံမှု မူဝါဒတစ်ခု ရှိသင့်တယ်။" "လွှတ်တော် ထဲမှာ အမတ်နေရာ အနည်းဆုံး ၃၀% ကို ဗမာမဟုတ်တဲ့ သူတွေနဲ့ အမျိုးသမီး အတွက် ၃၀% ပေးသင့် တယ်။ မဟုတ်ရင်တော့ ကစားကွင်းက ဘက်မညီတော့ တန်းတူ ညီမျှမှု မရှိတာတွေကတော့ ဆယ်စုနှစ်များစွာဆက်ဖြစ် နေအုံးမှာဘဲ။"[၄၄] လက်ရှိအခြေအနေမှာ အလျင်အမြန် လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေလျှင် ယခုအချိန်အထိ အမျိုးသမီးများ ကြုံတွေ့ခဲ့ရသည့် ပဋိပက္ခအတွင်း ကွဲပြားခြားနားသည့် လုံခြုံမှုမရှိသည့် အခြေအနေများ၊ အန္တရာယ်ကျရောက်နိုင်ခြေများကို ကိုယ်စားလှယ်များ မပါဝင်မှုက နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင် မထည့်သွင်းရသေးချေ။

*"အမျိုးသမီးတွေဟာ သမိုင်းကြောင်းအရရော၊ ယဉ်ကျေးမှု အရပါအနှိမ်ခံကြရတယ်။ ဒါ ကြောင့် အပြုသဘောဆောင် တဲ့ လုပ်ဆောင် ချက်တွေလိုပါတယ်။ အမျိုးသားတွေ ဒါကို ထည့်သွင်းစဉ်းစားပြီး လေ့လာသင့်တယ်။"*

## မြန်မာနိုင်ငံရှိ ကျား၊မရေးရာကိစ္စရပ်နှင့် သက်ဆိုင်သည့် ပဋိပက္ခ၏ အကျိုးဆက်

အခက်အခဲ အတားအဆီးများစွာ ရင်ဆိုင်နေရသော်ငြား လည်း မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အသံမှာ ပိုပြီး ကျယ်လောင်လာခဲ့ပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်ခု အတွင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကျား၊မရေးရာကိစ္စရပ်နှင့်သက်ဆိုင်သည့် သီးခြား ပဋိပက္ခ၏ အကျိုးဆက်ကို မြန်မာ့အမျိုးသမီးအဖွဲ့များမှ၊ အဓိကအနေဖြင့် နယ်စပ်နှင့် ပြည်ပရောက်အဖွဲ့များမှ မှတ်တမ်းတင်ထားရှိခဲ့ပါသည်။[၄၅] သူတို့၏ အစီရင်ခံစာများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား လက်နက်ကိုင်အဖွဲ့များ (တပ်မတော် စစ်သားအများစုမှ) ကျူးလွန်သည့် နှုတ်ဖြင့်၊ ကိုယ်ထိလက်ရောက်နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် ခြိမ်းခြောက်မှုတို့ကို သက်သေ အထောက်အထားများဖြင့် တင်ပြထားကြသည်။ ၂၀၀၂ ခုနှစ်က ရှမ်းအမျိုးသမီး ရေးရာဆက်သွယ် လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN) အဖွဲ့၏ "မုဒိမ်းကျင့်ခွင့် လိုင်စင် Licence to Rape" အစီရင်ခံစာသည် ရှမ်းပြည်နယ်တွင် အမျိုးသမီးများနှင့် ကလေးများကို အစိုးရတပ်ဖွဲ့များက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အသံတိတ်ဖြစ်ပျက်နေမှု မျက်နှာဖုံးကို ခွာချနိုင်ခဲ့သည့်အတွက် ထင်ရှားခဲ့ပါ သည်။[၄၆] အစီရင်ခံစာက ၁၉၉၆ - ၂၀၀၁ ခုနှစ် အတွင်း တွင် ရှမ်းပြည်နယ်ရှိ အရပ်သားလူထုအပေါ် တပ်မတော်မှ အဓမ္မပြုကျင့်မှုနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အမှုပေါင်း ၁၇၃ မှုကို အသေးစိတ် မှတ်တမ်းတင်ဖော်ပြခဲ့သည်။ အခြား အမျိုးသမီးအဖွဲ့အစည်းများကလည်း အလားတူ အဖြစ်အပျက်များကို မှတ်တမ်းတင်ရေးသားခဲ့ပါသည်။[၄၇]

မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ၂၀၁၁ ခုနှစ် သမ္မတသိန်းစိန် အစိုးရ တက်လာကတည်းက ဆက်လက်ဖြစ်ပေါ်နေခဲ့သည်ဟု ဆို ပါသည်။

"ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အုပ်စု လိုက်အဓမ္မပြုကျင့်ခြင်း၊ အဓမ္မပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရန် ကြိုးစားမှုတို့နှင့် ပတ်သက်သည့် တိုင်ကြားမှုများကို WLB နှင့်အခြား အဖွဲ့ဝင် အမျိုးသမီး အဖွဲ့များက ဆက်လက်ရရှိနေဆဲပင် ဖြစ်သည်။ .... ကျူးလွန်ခံခဲ့ရသူများသည် တရားစီရင်မှုကို မျက်ကွယ်ပြုပြီး အပြစ်ကျူးလွန်သူများကို ပြစ်ဒဏ်စီရင်မှုမှ ကင်းလွတ်ခွင့် အလေ့အကျင့်ကို ဆက်လက်ကျင့်သုံးနေပြီး အရာရှိများအပါ အဝင် အဆင့်တိုင်းရှိ အာဏာပိုင်များ အားလုံး၏ ခြိမ်း ခြောက်ခံနေရပါသည်။"[၄၈]

သို့ရာတွင် ဆက်လက်ဖြစ်ပေါ်နေသည့် အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေခြင်းကို ချက်ခြင်းကိုင်တွယ်ရန် လိုအပ်ပြီး WLB က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိက စာပိုဒ်များစွာတွင် စစ်တပ်အာဏာပိုင်များကို အရပ်သားခုံရုံးများမှ ခေါ်ယူကြားနာခွင့်မရှိဘဲ တာဝန်ထမ်းဆောင်နေစဉ် ကျူးလွန်သည့်ပြစ်မှုများမှ တရားစီရင်ပိုင်ခွင့်ကို ကင်းလွတ်ခွင့်ပေးထားကြောင်း သတိပေးထားပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထုများ၏ စိတ်ဆိုးဒေါသထွက်နေမှုများ အကြားတွင်ပင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ ဆက်လက်ဖြစ်ပွားနေဆဲ စစ်ပွဲများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ်၌ ကြောက်မက်ဖွယ်ရာ ပြစ်မှုများစွာကျူးလွန်ခဲ့သည်ကို အရေးယူ ကိုင်တွယ်ခြင်း မရှိသေးချေ။ မကြာသေးမီက ဥပဒေ အထောက်အကူပြုမှု ကွန်ရက်နှင့် ကချင်အမျိုးသမီး အစည်းအရုံးထိုင်းနိုင်ငံတို့မှ "တရားမှုရှာဖို့ နှောင့်နှေးခြင်းမှာ၊ တရားမှုကို ငြင်းပယ်ခြင်းပါ"[၄၉] ဆိုသည့် ခေါင်းစဉ်ဖြင့် အစီရင်ခံစာတစ်စောင် ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ကျား၊မရေးရာအပေါ် အခြေခံသည့် မလုံခြုံမှုများက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများထက် ပို၍ပင်ကျယ်ပြန့်လှပါသည်။ နိုင်ငံ၏ နယ်စပ်ဒေသများ တဝိုက် စစ်မက်ဖြစ်ပွားနေသည့် နေရာများတွင် အမျိုးသမီးများနှင့် လူ့အခွင့်အရေးအဖွဲ့များကလဲ ပဋိပက္ခ၏ အကျိုးသက်ရောက်မှု တစ်ခုအဖြစ်ဖြင့် စီးပွားရေးအခက်အခဲနှင့် ပတ်သက်သည့် ကျား၊မရေးရာ မတူညီသည့် တပ်များမှ လယ်ယာမြေသုံး တိရိစ္ဆာန်များနှင့် အခြားပိုင်ဆိုင်မှုများ၊ အစားအသောက်များကို အရပ်သားများထံမှ ခိုးယူခြင်းနှင့် ဖျက်ဆီးခြင်းနှင့် လုံခြုံမှုမရှိသဖြင့် အမျိုးသမီးများ အနေဖြင့် မသွားလာနိုင်ခြင်းစသည့် အတွေ့အကြုံများကို မှတ်တမ်းတင်ထားပါသည်။ TNI အလုပ်ရုံဆွေးနွေးပွဲများတွင် ပဋိပက္ခအတွင်း သူတို့၏ အတွေ့အကြုံများကို ပွင့်လင်းစွာဖြင့် ပြောပြကြသည့် တက်ရောက်သူများက ယင်းသို့သော ဒုက္ခသုက္ခများအကြောင်းကိုလည်း ပြောပြကြပါသည်။ ဥပမာ- "အမျိုးသားတွေက ထွက်ပြေးကြ၊ ပေါ်တာဆွဲခံရနဲ့ မိသားစုအတွက် ဝင်ငွေရှာဖို့ အချိန်မရှိကြတော့ဘူး။ ဒါကြောင့် အမျိုးသမီးတွေအတွက် ဝန်ထုတ်ဝန်ပိုးက ပိုများလာတယ်။ အမျိုးသမီးတွေကလဲ စစ်တပ်ရန် ကိုကြောက်တာနဲ့ ဘယ်မှမသွားနိုင်ဘူး။ အမျိုးသမီး တွေအတွက် မလုံခြုံဘူး။ တခါတလေ ဘုရားကျောင်း သွားအိပ်ရတယ်။" (ချင်းပြည်နယ်တွင်အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သည့် အမျိုးသမီး)

"တခါတော့ ကျမတို့ရွာမှာ အားလုံးကို လယ်ကွင်းထဲ လာခိုင်းတယ်။ ကျမတို့ကို အတင်း တိရစ္ဆာန်တွေလိုဘဲ မြက်စားခိုင်းတာ။ တပ်မတော်ကပြောတယ်။ 'နင်တို့က နွားတွေနဲ့ အတူတူဘဲလို့' ယောကျ်ားတွေက စစ်တပ်မှာ ပေါ်တာလိုက်ရတယ်။ လမ်းဖေါက်ဖို့၊ စစ်စခန်းတွေနဲ့ စစ် ကျောင်းဆောက်ဖို့ အတင်းအဓမ္မ လုပ်ခိုင်းတာ။ ယောကျ်ား တွေမရှိတုံး အမျိုးသမီးတွေကို စစ်သားတွေက မတရားပြုကျင့်တယ်။" (ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပါဝင်ဆွေးနွေးသူ အမျိုးသမီး)

ဆယ်စုနှစ်များစွာ အသက်ဆုံးရှုံးမှုနှင့် နေရပ်စွန့်ခွာနေ ထိုင်ခဲ့ရသည့် အခြေအနေတွင် ကိန်းဂဏန်းအတိအကျကို ရေတွက်နိုင်ရန်မှာ မဖြစ်နိုင်ချေ။ သို့ရာတွင် တိုင်းရင်းသား လူနည်းစုများအများစုဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများအပါအဝင် အရပ်သား တစ်သန်းကျော်မှာ လက်ရှိအချိန်တွင် နေရပ်စွန့်ခွာထွက်ပြေးသူများ၊ ဒုက္ခသည်များနှင့် နိုင်ငံရပ်ခြားတွင် ဘဝသစ်တစ်ခုတည် ထောင်ရန် စွန့်ခွာခဲ့ရသူများဖြစ်ခဲ့ကြရပါသည်။[၅၀]

နိုင်ငံအတွင်း နေရာအနှံ့အပြားတွင် နေရပ်စွန့်ခွာထွက်ပြေးနေကြရခြင်းက အမျိုးသမီးများအတွက် ဝန်ထုတ်ဝန်ပိုးပိစေခဲ့သည်။ အမျိုးသားများ စစ်တိုက်နေစဉ်၊ အဓမ္မခိုင်းစေခံနေရစဉ် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ခဲ့လျှင် အမျိုးသမီးများ အနေဖြင့် မိသားစုစားဝတ်နေရေးအတွက် ငွေရှာရသူများ မိသားစုကို အဓိကကြည့်ရှုစောင့်ရှောက်ရသူများနှင့် ရံဖန်ရံခါတွင် ရပ်ရွာခေါင်းဆောင်များအဖြစ် တာဝန်ယူကြရပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သည့် အခြေအနေများမှာလည်း ပို၍ပျက်စီးယိုယွင်းလာခဲ့သည်။ သောက်ရေသန့်၊ လုံခြုံသည့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အာဟာရဖြစ်သည့် အစားအစာ၊ ဆေးဝါးများနှင့် ကိုယ်ဝန် ဆောင်နှင့် နို့တိုက်မိခင်များအတွက် အပါအဝင် ကျန်းမာ ရေးပြုစုစောင့်ရှောက်မှုရရှိနိုင်ခြင်းမရှိတော့ချေ။

လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မရေးရာအပေါ်အခြေခံသည့် အကြမ်းဖက်များလည်း ဆက်လက် ဖြစ်ပေါ်နေပြီး လုံခြုံမှုမရှိခြင်းနှင့် အဓမ္မပြုကျင့်ခံရသည့် အမျိုးသမီးငယ်များ ရင်ဆိုင်ရသည့် အရှက်ရမှုနှင့် အရိပ်မည်းထိုးကျမှု တို့ကြောင့် စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်တို့မှာလည်း ကြောက်ရွံ့စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။

အကျိုးဆက်အားဖြင့် ပဋိပက္ခဒေသများရှိ အမျိုးသမီးများနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများသည် နိုင်ငံတကာသဘောတူစာချုပ်များအရ ရရှိရမည့် အခြေခံလူ့အခွင့်အရေးအများစုကို အဆိုးရွားဆုံးပုံစံဖြင့် ချိုးဖောက်ခံနေခဲ့ကြရပါသည်။

သို့သော် ယခုအချိန်အထိ အမျိုးသားအဆင့် အုပ်ချုပ်စီမံမှု၊ ဘတ်ဂျက်ခွဲဝေမှုများ သို့မဟုတ် တရားစီရင်မှု လုပ်ထုံးလုပ်နည်းများတွင်ဖြစ်စေ အမျိုးသမီးများ၏ ကျားမရေးရာ သီးခြားစိုးရိမ်ပူပန်မှုတို့ကို ထည့်သွင်းစဉ်းစားမှုမျိုး ဖြစ်စေ အစိုးရအဆက်ဆက်မှ လျစ်လျူရှု မျက်ကွယ်ပြုထားလျက်ပင်ရှိနေပါသေးသည်။ ထို့ကြောင့် TNI အနေဖြင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဒီမိုကရေစီစနစ်ဖော်ဆောက်မှုတွင် အမျိုးသမီးများ၏ ပါဝင် မှုဆိုင်ရာ အတွေ့အကြုံများနှင့် ရှုမြင်သုံးသပ်မှုများကို ဆန်းစစ်လေ့လာရာတွင် တက်ရောက်ဆွေးနွေးသူများ၏ ငြိမ်းချမ်းရေးကို နားလည်သဘောပေါက်မှုများမှ ကျယ်ပြန့်ပြီး ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှုမရှိခြင်း ဆိုသည့် ရိုးစင်းစွာ ရှုမြင်ခြင်းထက် အနည်းငယ်ပိုကြောင်းကို အလေးထားပြောကြားရန် အရေးကြီးပါသည်။

စစ်ပွဲများ အဆုံးသတ်ခြင်းသည် မဖြစ်မနေအရေးကြီးသည့် ကိစ္စတစ်ခုဖြစ်သည်။ သို့သော် တက်ရောက်ဆွေးနွေး သူများ၏ သုံးသပ်ချက်များတွင် တစ်ဦးချင်းစီ၏ စိတ်တွင်း ငြိမ်းချမ်းရေး၊ နှစ်ဦးနှစ်ဖက် နားလည်သဘောပေါက်မှု၊ ကိုယ်ချင်းစာတရား၊ ခွင့်လွှတ်ခြင်း၊ ကောင်းမွန်သည့် ဆက်ဆံရေးများနှင့် ရပ်ရွာအဖွဲ့အစည်းများအကြား သဟ ဇာတဖြစ်မှု၊ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး အကြား သဟဇာတဖြစ်မှု၊ ယဉ်ကျေးမှုများနှင့် ဘာသာ ပေါင်းစုံ၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် မတူကွဲပြားမှုကို လက် ခံခြင်း၊ ကျားမရေးရာ တန်းတူညီမျှရှိမှုနှင့် အမျိုးသမီးများ နှင့် အမျိုးသားများအကြား တန်းတူအခွင့်အရေးများ၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများကို လေးစားခြင်းတို့ဖြစ်သည်။ တပြိုင်နက်တည်း တွင် ထင်ရှားသိသာစေသည့်အချက်မှာ ပဋိပက္ခအတွင်း ရပ်ရွာများအတွက် "အမှန်တကယ်" လုံခြုံရေးဆိုသည် မှာ စီးပွားရေးနှင့် စားနပ်ရိက္ခာမဖူလုံမှုမှ ကင်းလွတ်စေမှုနှင့် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ တစ်ဦးချင်းစီ၏ လုံခြုံရေး၊ ရပ်ရွာအတွင်း တစ်ဦးနှင့်တစ်ဦးသဟဇာတဖြစ်မှု နှင့် နိုင်ငံရေးဆိုင်ရာ တည်ငြိမ်အေးချမ်းမှုတို့မှ ခြိမ်းခြောက်ခံရမှု ကင်းလွတ်ခြင်းကို ဆိုလိုပါသည်။ "နိုင်ငံတော် လုံခြုံရေး" ဆိုသည့်ရိုးစင်းသည့်အဓိပ္ပါယ်မျိုးမဟုတ်ချေ။ ဤ နေရာ တွင် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေခံသည့် အကြမ်းဖက်မှုမှ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၏ ရှုထောင့်သည် အမျိုးသမီးတစ်ဦး၏ တစ်ဦးချင်း ဂုဏ်သိက္ခာ၊ သာယာဝပြောမှုနှင့် လူမှုရေးဆိုင်ရာ ဂုဏ်သိက္ခာ တို့အတွက် အထူးသဖြင့် အရေးပါလှပါသည်။

လုံခြုံရေးနှင့်ပတ်သက်သည့် ဤအပိုင်းကို နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ သို့မဟုတ် လုပ်ငန်းစဉ်များတွင် လျစ်လျူရှုထား တတ်ကြသည်။ ပဋိပက္ခ တွင် အမျိုးသားများ ကြုံတွေ့ရသည့်အတွေ့အကြုံတွင် အလားတူ အခြေအနေမျိုးသည် အရေးပါသည့် အစိတ်အပိုင်းမဖြစ်၍သော်လည်းကောင်း "အဆင်မပြေလှ သည့် အမှန်တရား" ဖြစ်နေသော ကြောင့် လည်းကောင်းဖြစ်ပါလိမ့်မည်။ လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုသည် တရားဝင်အသိအမှတ်ပြုရန်နှင့် အဖြေရှာရန် ခက်ခဲသည့် ကိစ္စရပ်တစ်ခုဆိုသည့် အဓိပ္ပါယ်ပင် ဖြစ်လိမ့်မည်။

သို့သော် မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့များသည် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းသူများ၊ အစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့၏ အာရုံစိုက်မှုရရှိစေရန်အတွက် အချိန်တိုင်းတွင် ယင်းကိစ္စကိုအမြဲတင်ပြလေ့ရှိသည်။ မျှတသည့် တရားစီရင်မှု ရရှိရန်နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် ဥပဒေမှကင်းလွတ်ခွင့်ရရှိနေခြင်းကို အဆုံးသတ်ရန် ပြည်ပရောက် မြန်မာအမျိုးသမီးလှုပ်ရှားမှုမှ ကာလကြာမြင့်စွာ တိုက်တွန်းဖိအားပေးလျက်ရှိသည်။ ဆန့် ကျင်ဖက်အနေဖြင့် နိုင်ငံအတွင်း အခြေစိုက်သည့် အမျိုးသမီးအဖွဲ့များသည် ဤကဲ့သို့သောကိစ္စရပ်များနှင့် ပတ် သက်ပြီး တိုက်တွန်းဖိအားပေးနိုင်မှုတွင် အကန့်အသတ်များ ပိုပြီးရှိနေခဲ့သည်။ သို့ရာတွင် ၂၀၁၁ခုနှစ်ကတည်းက WLB အမျိုးသမီးအဖွဲ့အစည်းများ ကွန်ရက် (WON) နှင့် Gender Equality Network (GEN) အပါအဝင် မြန်မာနိုင်ငံ နယ်စပ်များနှင့် ပြည်တွင်းမှ အမျိုးသမီး အဖွဲ့ အစည်းများနှင့် ကွန်ရက်များသည် အတူတကွ ပူးပေါင်းမှုနှင့် မဟာမိတ်ဖွဲ့မှု တို့ကို တိုးမြှင့်ခဲ့ကြပါသည်။

လွန်ခဲ့သည့် လေးနှစ်တာ ကာလအတွင်း အတူလက်တွဲလုပ်ဆောင်မှုနှင့် သိရှိနားလည်မှုတို့ကို မြှင့် တင်ပေးရန် အမျိုးသမီးအဖွဲ့များသည် အလုပ်ရုံ ဆွေးနွေးပွဲများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့် မြန်မာနိုင်ငံ၏နယ်စပ် နှစ်ဖက်လုံးတွင် ညီလာခံများ အတူတကွပူးပေါင်းကျင်းပခဲ့ကြပါသည်။ မြန်မာအမျိုးသမီးဖိုရမ်များကို ပြည်တွင်းအခြေစိုက်အဖွဲ့ များနှင့် နယ်စပ်များမှ အဖွဲ့များ ပူးပေါင်းကျင်းပခဲ့ပြီး တက်ရောက်သူအများအပြားကို ဆွဲဆောင်နိုင်ခဲ့၍ လူပေါင်းမြောက်များစွာကို သိရှိစေနိုင်ခဲ့သည်။ အစိုးရကို မည်သို့ တိုက်တွန်းဖိအားပေးမည် ဆိုသည်နှင့် ပတ်သက်၍ အယူအဆအတွေးအခေါ် အမျိုးမျိုး ရှိခဲ့ကြသော်လည်း စစ်မက်ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှု အပါအဝင် အမျိုးသမီးများ အပေါ် ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်မှုများကို ရပ်တန့်စေရန် ဖိအားပေးတိုက်တွန်းရေးသည် ပေါ်ထွက်လာသည့် အမျိုးသမီးလှုပ်ရှားမှု၏ ပူးတွဲလုပ်ဆောင်မည့်လုပ်ငန်းစဉ်၏ အရေးကြီးလှသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ၂၀၁၃ခုနှစ်နိုဝင်ဘာလ WLB ၊ WON နှင့် GEN အဖွဲ့တို့ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေး၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အဆင့် အမျိုးသမီးများ တွေ့ဆုံဆွေးနွေးပွဲမှ ကြေငြာချက်က နိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုကို ဖော်ပြ ခဲ့သည်။

" တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ပြည်တွင်းစစ်များ ဆက်လက်ဖြစ်ပေါ်နေပြီး နိုင်ငံရေးမငြိမ်မသက်ဖြစ်နေသည့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးမှာ အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားအကြမ်းဖက်မှုပုံစံအမျိုးမျိုးဖြင့် အမျိုးသမီးများအနေဖြင့် နိုင်ငံရေးမငြိမ်သက်မှုနှင့်လက်နက်ကိုင် ပဋိပက္ခ တို့၏ဒဏ်ကို ခံစားကြရဆုံးဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပဋိပက္ခဖြေရှင်းမှု လုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီ နည်းလမ်းကျသည့် အနာဂတ်တစ်ခု တည်ဆောက်ရာတွင် သူတို့၏ ပါဝင်မှုမှာ အရေးပါလှပါသည်။"[၅၁]

လာမည့်နှစ်များအတွင်းတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို တရားစီရင်ရေးသည် ကမ္ဘာပေါ်ရှိအခြားနေရာများကဲ့သို့ပင် မြန်မာနိုင်ငံ ရှိ အမျိုးသမီးလှုပ်ရှားမှုတွင်ပါရှိသည့် အစီအစဉ်တွင် မရှိမဖြစ်ပါဝင်သည့် အချက်တစ်ခုပင်ဖြစ်ပါလိမ့်မည်။ သို့ရာတွင် အမျိုးသမီးအရေးတက်ကြွသူများက သူတို့အနေဖြင့် အမျိုးသမီးများကို စစ်ပွဲ၏ "သားကောင်များ" အဖြစ်ဖြင့် သာမရှုမြင်ကြစေလိုဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီနည်းကျသည့် အုပ်ချုပ်စီမံမှုတွင် တန်းတူ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် မိတ်ဖက်များအဖြစ်ဖြင့် ရှုမြင်ကြစေရန် ပြင်းပြင်းထန်ထန်တောင်းဆိုလိုက်သည်။ ဤကိစ္စနှင့် ပတ်သက်ပြီး

လှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကျား၊မရေးရာကိစ္စ ထည့်သွင်းစေရေး မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည့် အမျိုးသမီးအဖွဲ့များက ဤအခြေခံမူဝါဒကို သဘောတူညီခဲ့ကြသည်။ [၅၂]

သို့ရာတွင် ရှေ့ဆက်ရမည့်ခရီးလမ်းမှာ ခက်ခဲနိုင်ပြီး အမျိုးသမီးအဖွဲ့များအနေဖြင့် အမျိုးသားအများအပြားနှင့် အမျိုးသမီးအချို့အကြား အတွေးအခေါ်အယူအဆ ကွာဟမှုများကို ကိုင်တွယ်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ လွိုင်ကော်မြို့တွင် ကျင်းပခဲ့သည့် TNI အလုပ်ရုံ ဆွေးနွေးပွဲများအတွင်း အမျိုးသမီးအဖွဲ့များမှ ကိုယ်စားလှယ်များဖော်ပြသည့် အမြင်များတွင် ယင်းအချက်ကို အလေးထားဖော်ပြခဲ့ပါသည်။

"အမျိုးသမီးအဖွဲ့အစည်းတွေအနေနဲ့ ရပ်ရွာတွေမှာ သင်တန်းပေးတဲ့အခါ တချို့အမျိုးသားတွေက အမျိုးသမီးတွေကို ပြင်းပြင်းထန်ထန်ပြောဆိုဝေဖန်ကြတယ်။ အမျိုးသားတွေက အမျိုးသမီးတွေရဲ့ဦးဆောင်မှုကို လက်မခံနိုင်ကြသေးဘူး။ အမျိုးသမီးများကို သင်တန်းများစွာ ပေးခဲ့တယ်။ ဒါပေမဲ့ အမျိုးသားတွေရဲ့ အတွေးအခေါ် အယူအဆတွေကို ပြောင်းလဲဖို့လဲ လိုသေးတယ်။"

"တချို့အမျိုးသားတွေက တရားဝင်ကျင်းပတဲ့ အစည်းအဝေးတွေမှာ ကျမတို့ကို စိန်ခေါ်ပြီး မေးတယ်။ 'တကယ်လို့ ကျမတို့အခွင့်အရေးတွေကိုရဖို့ ကျမတို့အဆင့်သင့်ဖြစ်ပြီလားလို့ပေါ့' ကျမတို့အနေနဲ့ အမျိုးသားတွေကို ကျမတို့ပြောဆိုဆွေးနွေးမှု (အသံတွေ) ကို အသိအမှတ်ပြုစေချင်တယ်။ "

"ဦးအောင်မင်းကတောင် [အစိုးရ၏ ညှိနှိုင်းဆွေးနွေးရေး အကြီးအကဲ]ပြောတယ်။ 'ကျနော်တို့က ၃၀%တင် မဟုတ်ဘူး ခင်ဗျားတို့ဘယ်လောက်ပါဝင်ချင်လဲ ပေးဖို့ အဆင်သင့်ဘဲ။' ဒါပေမဲ့ တကယ်အကောင်အထည်ဖော် ဖို့ကျတော့ ဘော်လီဘောပုတ်နေကြပြီးတော့ သူတို့ကတိ သူတို့မှတည်ဘူး။"[၅၃]

သို့ရာတွင် သမ္မတသိန်းစိန်အစိုးရတက်လာခဲ့သည့် ၂၀၁၁ ခုနှစ်ကစတင်ပြီး ရပ်ရွာအခြေပြုနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအတွက် ဒီမိုကရေစီနည်းလမ်းကျသည့် အုပ်ချုပ်စီမံမှုအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်ပွင့်လင်းတက်ကြွစွာ လုပ်ကိုင်ရန်နှင့် ပါဝင်နိုင်ရန် အခြေအနေများ စတင်ပွင့်လင်းလာခဲ့ပါသည်။ ဤအခြေအနေသည် အပြည့်အဝလွတ်လပ်ခြင်းမဟုတ်ဘဲ ကွဲပြားခြားနားမှုရှိသည့် အစီအစဉ်များနှင့်တန်ဖိုးထားမှုများရှိသည့် အုပ်စုများနှင့် ပြိုင်ဆိုင်ကြရပါသည်။ ၂၀၁၁ခုနှစ် မတိုင်မီ အမျိုးသားနိုင်ငံရေးတွင် တင်းကြပ်စွာထိန်းချုပ်ထားသည့် ပတ်ဝန်းကျင်ထက် များစွာကျယ်ပြောသည်ဆိုသည့်အချက်ကိုသံသယဖြစ်စရာမရှိချေ။ အကျိုးဆက်အနေဖြင့် နိုင်ငံတွင် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်းတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ယခင်က အလွန်တင်းကြပ် တားမြစ် ခံသည့် လုပ်ငန်းများကို လုံခြုံစိတ်ချစွာ လုပ်ဆောင်နိုင်လာသည့် ပြည်တွင်းအစိုးရမဟုတ်သည့် အဖွဲ့အစည်း များနှင့် ကွန်ရက်များ လျင်မြန်စွာပျံ့နှံ့ခဲ့သည်မှာ မျက်မြင်ပင်ဖြစ်သည်။ ဤနယ်ပယ်သစ်တွင် အမျိုးသမီး အဖွဲ့အစည်းများအနေဖြင့် သူတို့၏တည်ရှိမှုနှင့် အသံကို ပိုမို မြှင့်တင်ပြီး အမျိုးသမီးဖိုရမ်များနှင့် အခြားမဟာမိတ် ဖွဲ့သည့် လုပ်ဆောင်ချက်များဖြင့် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ကြီးထွားလာပြီး ရှေ့တွင်ရောက်ရှိနေခဲ့သည်။ မကြာသေးမီက အမျိုးသမီးလှုပ်ရှားမှုသည် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲကို ဦးဆောင်ရာ နှင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လုပ်ငန်းစဉ် အတွက် အရပ်ဘက်အဖွဲ့အစည်းများက တွန်းအားပေးရာတွင် မြင်သာထင်သာရှိခဲ့သည်။

ပြန်လည်ရင်ကြားစေ့ရေး၊ လူမှုရေးဆိုင်ရာ အပြောင်းအလဲ နှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ ကိုယ်စားလှယ် များအဖြစ်ဖြင့် ပို၍ နေရာရလာစေရန် ဤလုပ်ငန်း ဆောင်ရွက်ချက်များကို လာမည့်နှစ်များတွင် ဆက်လက် လုပ်ဆောင်ပါမည်။ သို့ရာတွင် အမျိုးသမီးအဖွဲ့အစည်း များက မူဝါဒချမှတ်သူများနှင့် နိုင်ငံရေးခေါင်းဆောင် များကို အမျိုးသမီးများအနေဖြင့် သူတို့၏လိုအပ်ချက် များနှင့် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ပေးနိုင်သည့် အများပြည်သူ နှင့်သက်ဆိုင်သည့် သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်နိုင်သည့် ရာထူးနေရာများကို ပါဝင်လုပ်ဆောင်စေခြင်း မရှိခဲ့လျှင် အမျိုးသမီးများ၏ လွှမ်းမိုး မှုနှင့် ကိုယ်စားပြုမှု တို့ကို ဆက်၍ဘေးဖယ်ထားလိမ့်အုံး မည်ဆိုသည့် အချက်ကိုလည်း သဘောပေါက်နားလည် ထားပါသည်။

မဟာမိတ်ဖွဲ့သည့် လုပ်ငန်းများနှင့် အမျိုးသမီးဖိုရမ်များ၏ အမျိုးသမီးများအတွက် ညီမျှပြီး တန်းတူမှုရှိသည့် ပါဝင်မှုအတွက် တောင်းဆိုမှုမှာ ပိုပြီးအားကောင်းလာခဲ့ပါသည်။ အနှစ်သာရအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများနှင့်ပတ်သက်ပြီး တိုးတက်မြင့်မားလာမှုသည် နိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် အနာဂတ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်လာခဲ့ပါသည်။

## အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူများနှင့် အဖွဲ့အစည်းများ၏ မြန်မာ့ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်မှုများ

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်းတွင် အမျိုးသမီးငြိမ်းချမ်းရေးလှုပ်ရှားမှုများသည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့နှင့် ပတ်သက်ပြီး နိုင်ငံတကာ၏ သဘောထားအမြင်တွင် ပြောင်းလဲလာစေရေးအတွက် အရေးပါသည့် လုပ်ဆောင်မှုများလုပ်ကိုင်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ လျော့ပါးသွားချိန်တွင်ဖြစ်တတ်သည့် လူသားများ၏ လုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို မီးမောင်းထိုးပြခြင်းနှင့် ပဋိပက္ခ ဖြေရှင်းမှုနှင့် ကာကွယ်သည့်ကိစ္စရပ်များ အားလုံးတွင် ကျား၊မရေးရာ ရှုထောင့်များနှင့် ဆန်းစစ်လေ့လာမှုတို့နှင့် မိတ်ဆက်ပေးခြင်းတို့ကိုပြုလုပ်ခဲ့ကြပါသည်။[၅၄]

အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် ပဋိပက္ခ ဖြစ်ပွားသည့် အခြေအနေများတွင် အမျိုးသမီးများနှင့် ပတ်သက်သည့် CEDAW အထွေထွေအကြံပြုချက် ၃၀ တို့သည်ရှင်းလင်းလှသည့် ကမ္ဘာ့အမျိုးသမီး လှုပ်ရှားမှုမှ လွှမ်းမိုးဖိအားပေးခြင်း၏ အောင်မြင်မှု သက်သေများပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီး အဖွဲ့အစည်း အမျိုးမျိုးက အမျိုးသမီးအခွင့်အရေးများ ကာကွယ်ခြင်းနှင့် မြှင့်တင်ပေးခြင်းအတွက် ကျား၊မရေးရာ အသိပညာပေးမှုနှင့် ကူညီပံ့ပိုးမှုတို့ကို မြှင့်တင်ပေးနေခဲ့သည်မှာ နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်းတို့တွင် WLB နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများ၅၅ကဲ့သို့သောနယ်စပ် အခြေစိုက် အုပ်စုများနှင့် ငြိမ်းဖောင်ဒေးရှင်း၊ မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ ကချင်အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက်၊ ကရင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များ ကောင်စီ၊ GEN ၊ ဖန်တီးအိမ် နှင့် WON တို့ကဲ့သို့သော ပြည်တွင်းအခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ[၅၆]ပါဝင်ပါသည်။

ဤအဖွဲ့အစည်းများအကြား ဘုံတူညီသည့် ရည်မှန်းချက်တစ်ခုမှာ ရပ်ရွာအဆင့်များမှ စတင်၍ ပြည်နယ်၊ နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်များသို့ ငြိမ်းချမ်းရေးတည် ဆောက်မှုနှင့် ရင်ကြားစေ့ရေးဆိုင်ရာ ကျယ်ပြန့်သည့် ရှုထောင့်များမှ ကိုင်တွယ်ရန်ဖြစ်သည်။ သူတို့၏ အလုပ် တွင် ရပ်ရွာအဆင့် အသိပေးဆွေးနွေးမှု၊ သတင်းအချက်အလက်ဝေမျှမှု၊ "နားထောင်ခြင်း" နှင့် လူ့အခွင့်အရေးများ မှတ်တမ်းတင်သည့် စီမံချက်များ၊ သင်တန်းပေးသည့် အစီအစဉ်များနှင့် ဒေသခေါင်းဆောင်များကို ထောက်ခံလာအောင် ပြောဆိုစည်းရုံးမှုစသည့် လုပ်ငန်းဆောင်ရွက်ချက် ပေါင်းစုံပါဝင်ပါသည်။ ကာလရှည်သင်တန်းပေးခြင်းများ နှင့် အလုပ်သင်အဖြစ် ခန့်ထား ခြင်းတို့ဖြင့် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် နိုင်ငံနယ်စပ်များကို ဖြတ်ကျော်သည့် အမျိုးသမီး လှုပ်ရှားမှု တစ်ခုကို ဖန်တီးရန်နှင့် လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မရေးရာ အခြေခံသည့် အကြမ်းဖက်မှုခံခဲ့ရသူများ၊ လူကုန်ကူး ခံရသူများကို ပံ့ပိုးကူညီရန်အတွက် အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်များနှင့် လုပ်ဆောင်နိုင်မှုကို မြှင့်တင်ပေးရန်လည်း လုပ်ဆောင်ကြ ပါသည်။ ဤကြိုးပမ်း အားထုတ်မှုများမှတဆင့်၊ အမျိုးသမီးများ၏ လူ့အခွင့် အရေးနှင့် လူမှုတရားမျှတမှုဆိုင်ရာ ပြဿနာကိစ္စများကို သိရှိနိုင်ပြီး မိသားစုများ၊ ရပ်ရွာလူမှုအဖွဲ့အစည်းများရှိ ကျား၊မရေးရာအခြေခံသည့် အကြမ်းဖက်မှုနှင့် အချို့ကိစ္စ များတွင် အမျိုးသားလက်နက်ကိုင် အင်အားစုများ၏ အဖွဲ့ဝင်များ၏ ကျူးလွန်မှုများ လူမှုရေး နှင့် နိုင်ငံရေး ဆိုင်ရာ တရားမျှတမှုမရှိခြင်းကို ဆန့်ကျင် ဆန္ဒပြရန်နှင့် ရပ်ရွာ အတွင်း နှင့် အဆင့်အမျိုးမျိုး တွင် ပဋိပက္ခတွင် ပါဝင်သူများနှင့် ငြိမ်း ချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင် ခဲ့သည်။ ဤကြိုးပမ်းမှုများအနက် အချို့ကို နိုင်ငံတကာမှ လူ့အခွင့်အရေးဆုများနှင့် သတင်းမီဒီယာများတွင် ဖေါ်ပြပြီး အသိအမှတ်ပြုခဲ့ပါသည်။ သို့ရာတွင် လုပ်ငန်း အားလုံး အတွက် လွတ်လပ်မှုရှိပြီး ဒီမိုကရေစီ နည်းလမ်းကျ၍ လုံခြုံမှုမရှိသည့် နိုင်ငံတစ်နိုင်ငံတွင် အချို့ လုပ်ဆောင်ချက်တို့သည် လုံခြုံရေးကြောင့်လျှို့ဝှက်ထားရန် လိုအပ် ထားရန်လိုအပ်သဖြင့် "လူသူမသိအောင် လျှို့ဝှက် ထား" ရသဖြင့် လူသိနည်းပါသည်။ ဥပမာ - ယနေ့ အထိ ဘာသာ ရေးဆိုင်ရာ အမုန်းစကား သို့မဟုတ် လက်ထပ် ထိမ်းမြားမှုကို ကန့်သတ်သည့် ဥပဒေများကို ဝေဖန်ပြောဆို မှုမှာ အန္တရာယ်များနိုင်ပြီး ဗုဒ္ဓ ဘာသာဝင် အစွန်းရောက် မျိုးချစ် ¬များ ထံမှ သတ်ရန် ခြိမ်းခြောက် ခံရခြင်းများရှိနေပါသည်။ သို့ရာတွင် မြန်မာတိုင်းမ်စ်မှ ရေး သားဖေါ်ပြထားသကဲ့သို့ အမျိုးသမီးအရေး လှုပ်ရှားတက်ကြွသူများက "တန်းတူညီမျှမှုနှင့် ဒီမိုကရေစီပန်းတိုင် ရည်မှန်းချက်များ နှင့်အညီ မှားယွင်းပါသည်ဟု ဝန်ချတောင်းပန်ရန်ကို ငြင်းဆန်ခဲ့ ပါသည်။"[၅၇]

*ဘာသာရေးဆိုင်ရာ အမုန်းစကား သို့မဟုတ် လက်ထပ်ထိမ်းမြားမှုကို ကန့်သတ်သည့် ဥပဒေများကို ဝေဖန်ပြောဆိုမှုမှာ အန္တရာယ်များနိုင်ပါသည်။*

လက်ရှိအချိန်တွင် ၂၀၁၅ နိုဝင်ဘာ အထွေထွေရွေး ကောက်ပွဲကြောင့် မျှော်လင့်ချက်များနှင့် မရေရာ မသေချာသည့် ကာလတွင် နိုင်ငံတော်အဆင့် အခင်းအကျင်းသည် ဆက်လက်၍ ပြောင်းလဲလျှက်ရှိပါသည်။ ဤအပြောင်း အလဲကာလအတွင်းတွင် အမျိုးသမီးနှင့် လူ့အခွင့်အရေး အုပ်စုများစွာသည် ကျား၊မရေးရာ တန်းတူ ညီမျှမှုနှင့်/ သို့မဟုတ် ငြိမ်းချမ်းရေးကို မြှင့်တင်ရန် သူတို့၏ လုပ်ငန်း များကို ဖေါ်ထုတ်ပြောဆိုနိုင်ပါသည်။ သို့ရာတွင် အားလုံး ရင်ဆိုင်ရသည့် စိန်ခေါ်မှုများနှင့် အတွေ့အကြုံ အမျိုးမျိုးကို သက်သေထားလျှက် အမျိုးသမီး အခွင့်အရေးများအတွက် လုပ်ကိုင်သူများ မဟာမိတ်ဖွဲ့ရန် ကြိုးပမ်းအောင်မြင်မှု နှစ်ခုဖြစ်သည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ကျား/မ ရေးရာကို ထည့်သွင်းမှု မဟာမိတ်အဖွဲ့ (AGIPP)တို့ အကြောင်းကို ကောက်နှုတ်တင်ပြလိုပါသည်။

WLB ကို အမျိုးသမီးအခွင့်အရေးများ၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် အတူတကွလုပ်ဆောင်ရန်နှင့် တိုင်းရင်း သားလူမျိုးစုများအကြား ညီညွတ်မှုရှိကြစေရန်ရည်ရွယ် ချက်ဖြင့် ပြည်ပရောက် အမျိုးသမီးအဖွဲ့ ၁၂ ဖွဲ့ဖြင့် ၁၉၉၉ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည်။ WLB ကိုကရင် အမျိုးသမီးများ အဖွဲ့

၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း၊ ကချင်အမျိုးသမီးများအစည်းအရုံး ထိုင်းနိုင်ငံနှင့် ဗမာအမျိုး သမီးများသမဂ္ဂကဲ့သို့သောနယ်စပ် အခြေစိုက်တိုင်းရင်းသား အဖွဲ့အစည်းများအကြား အစည်း အဝေးများ ပြုလုပ်ခဲ့ကြပြီးဖွဲ့ စည်းခဲ့ပါသည်။ ၅၈ အရေးကြီး သည့်အချက်မှာ WLB သည် အစပိုင်းတွင် တိုင်းရင်းသား ဗမာအများစုကိုယ်စားလှယ်များက လွှမ်းမိုးထားမည်ကို တိုင်းရင်းသားလူနည်းစု အမျိုးသမီးအုပ်စုများက စိုးရိမ် ထိတ်လန့်ခဲ့သော်ငြားလည်း တိုင်းရင်းသားအုပ်စု အမျိုးမျိုး ကို တစ်ခုတည်းသောမဟာမိတ်အဖွဲ့အဖြစ် စုစည်းနိုင်ခဲ့ လေသည်။ WLB ၏ "အမျိုးသမီးများသမိုင်း (herstory)" ပါ အချက်များအရ"တိုင်းရင်းသားလူမျိုးစု[ မျိုးစုံ]တို့ အနေ ဖြင့် ဗမာများကြီးစိုးသည့် မဟာမိတ်အဖွဲ့တစ်ခုဖြစ် လာမည်ကို စိုးရိမ်ခဲ့ကြသည်။ အလားတူအရေးကြီးသည့် အချက်မှာ အမျိုးသမီးအများစုသည် အခြားအမျိုးသမီးများ နှင့် တွေ့ဆုံပြီး သူတို့၏ လုပ်ငန်းများ အကြောင်းကို လေ့ လာသိရှိရန်မှတပါး အခြားအစီအစဉ်မရှိ ခဲ့သဖြင့် မဟာမိတ်ဖွဲ့ရန် အကြံဉာဏ်သည် စောနေသေးပုံလည်းရှိပါ သည်။ သို့သော်လည်း နောက်တကြိမ်ထပ်တွေ့လိုကြပြီး အခြားအမျိုးသမီးအဖွဲ့များ၏ လုပ်ငန်းများနှင့် ပတ်သက်ပြီး ကြားရသည့်အတွက် များစွာအားတက်ကြရပါသည်။"[၅၉]

နောက်ပိုင်းနှစ်များတွင် WLB သည် ကာလကြာမြင့်စွာ တိုင်းရင်းသားလူမျိုးများအချင်းချင်းအကြား ပဋိပက္ခနှင့် မယုံကြည်မှုများပြားလှသည့် အခြေအနေတစ်ခုအတွင်း တွင် တိုင်းရင်းသားလူမျိုးစုံတို့အကြား အားကောင်းပြီး ခံနိုင် ရည်မြင့်မားသည့် မဟာမိတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပါ သည်။ ဗမာလူမျိုးနှင့် ဗမာမဟုတ်သည့် လူမှုအဖွဲ့အစည်း များအတွင်းရှိ ကွဲပြားမှုများအကြားမှ အတူတကွ ပူးပေါင်း လုပ်ဆောင်သည့် ဤသို့သောလုပ်ငန်းစဉ်တစ်ရပ်သည် သိသာထင်ရှားသည့် အောင်မြင်မှုတစ်ခုဖြစ်ပြီး ဤသို့သော မဟာမိတ်အဖွဲ့များသည် မြန်မာနိုင်ငံတွင် အားလုံး ပါဝင်မှုရှိသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်တစ်ခု တည်ဆောက်မှုအတွက် အဓိက အရေးကြီးသည့်လုပ် ဆောင်ချက်များဖြစ်ပါသည်။ WLB ကထောက်ပြထား သကဲ့သို့ပင် "ဗမာလူမျိုးမဟုတ်သည့် တိုင်းရင်းသား ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒီမိုကရေစီအတွက် လုပ်ဆောင်ချက်ဆိုသည့် လှုပ်ရှားမှုနှစ်ရပ်မှာ ဆယ်စုနှစ် များစွာ ဆက်လက်ရှိနေခဲ့သည်။ သို့သော် ယင်းတို့နှစ်ခု သည် အမြဲတမ်း ဆက်စပ်နေသည့်အရာမျိုးတော့ မဟုတ်ချေ။"[၆၀]

ပဋိပက္ခနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အမျိုးသမီး အဖွဲ့များ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် အခြားနမူနာ မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကျား၊မရေးရာကို ထည့်သွင်း စဉ်းစားမှုဆိုင်ရာ မဟာမိတ်အဖွဲ့ (AGIPP) ဖြစ်သည်။ ၂၀၁၄ခုနှစ်တွင် ငြိမ်းဖောင်ဒေးရှင်း၊ ကျား/မ ရေးရာတန်းတူ ညီမျှမှု ကွန်ရက်၊ အမျိုးသမီး အဖွဲ့ အစည်းများ ကွန်ရက်၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် GenderDevelopment

Initiative မှ တည်ထောင်ခဲ့ပြီး AGIPPသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစနစ်ဖေါ်ဆောင်မှု တွင် အမျိုးသမီးကိုယ်စားလှယ်များပါဝင်မှုနှင့် ကျား/မရေးရာ တန်းတူညီမျှမှုရှုထောင့်များကို ထည့်သွင်းမှုအတွက် မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးတွန်းအားပေးရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသမီးများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းကွန်ရက်များ မဟာမိတ်အဖွဲ့ဖြစ်ပါသည်။[၆၁]

တိုင်းရင်းသားပြည်နယ်အသီးသီးမှ အခြားမဟာမိတ်များ နှင့် အဖွဲ့အစည်းများလည်း မဟာမိတ်အဖွဲ့သို့ ပူးပေါင်း ခဲ့ပြီး AGIPP ၏ လုပ်ငန်းအဖွဲ့ရုံးကို ရန်ကုန်တွင်ဖွင့်လှစ် ထားပါသည်။ အားလုံးပါဝင်မှုနှင့် ကိုယ်စားပြုမှုတို့နှင့် ပတ်သက်၍ အစောပိုင်းတွင် ဆွေးနွေးညှိနှိုင်းခဲ့ရသည့် ကိစ္စရပ်များရှိခဲ့သော်ငြားလည်း AGIPP နှင့် အခြားပေါ် ထွက်လာသည့် အမျိုးသမီးကွန်ရက်များသည် ကာလကြာ မြင့်စွာကိုင်တွယ်ရန် လိုအပ်သည့် အရေးကြီးသည့်ကိစ္စရပ် တစ်ခုဖြစ်သော မြန်မာနိုင်ငံတွင် ကျား၊မရေးရာ တန်းတူ ညီမျှမှုရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုအတွက် အဓိက တွန်းအားပေးနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပါ သည်။

၎င်းလုပ်ဆောင်ချက်များ၏ အောင်မြင်မှုကို အသား ပေးသည့်အတိုင်း မြန်မာနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင် များအနက် အချို့သည် စစ်အစိုးရအုပ်ချုပ်ရေးမှ အသွင် ကူးပြောင်းသည့်ကာလအတွင်းတွင် ငြိမ်းချမ်းရေး တည် ဆောက်မှုနှင့် ဒီမိုကရေစီရေးတွင် အမျိုးသမီးများ၏ အခွင့် အရေးများကို မြှင့်တင်ပေးရေးအတွက် သူတို့၏ လုပ် ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခံကြရပါသည်။ အားလုံးမဟုတ်သော်လည်း အများစုသည် ပိုမိုကျယ်ပြန့်သည့် အမျိုးသမီးလှုပ်ရှားမှုမှဖြစ်ပြီး သူတို့၏ အားထုတ်ကြိုးပမ်းမှုများအားလုံး၏ အကျိုးဆက်မှာ နိုင်ငံ၏ အပြောင်းအလဲကို ဖေါ်ဆောင်ရာတွင် မြင်သာထင်သာရှိပါ သည်။ ဖေါ်ပြပါရှိသည့်စာရင်းမှာ ရွေးချယ်ထားချက် သာဖြစ်သည်။ ထို့ကြောင့် သတင်းမီဒီယာ ခေါင်းစဉ်ပိုင်း တွင် ပါရှိသည့်သူများအနက်မှ ပိုပြီးလူသိများထင်ရှား သည့်သူအချို့ပါရှိပါသည်။

- ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ကိုယ်စားလှယ်၊ NLD ဥက္ကဋ္ဌနှင့် ၁၉၉၁ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒီမိုကရေစီအရေး လှုပ်ရှားမှုအတွက် မမိုတ်မသုန် ကြိုးစား လုပ်ဆောင်ခဲ့မှုနှင့် နှစ်ပေါင်းများစွာ နေအိမ် အကျယ်ချုပ်ကျခံခဲ့ရသည့်အတွက်ကြောင့် ကမ္ဘာ တဝှမ်းလုံးတွင် လူသိများကျော်ကြားသည်။

- နော်စီဖိုးရာစိန်၊ အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး၏ အပေါ် ပိုင်းခေါင်းဆောင်များတွင် ပါဝင်ခဲ့သည့် ပထမဆုံး အမျိုးသမီးတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ် NCA ညှိနှိုင်း ဆွေးနွေးမှု ကာလများအတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဥက္ကဋ္ဌလည်း ဖြစ်သည်။ ငြိမ်းချမ်းရေးအဆင့် တိုင်းတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ခဲ့သည်။

- မေစပယ်ဖြူ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသမီးများအခွင့် အရေးအတွက် တက်ကြွလှုပ်ရှားသူ နှင့် ၂၀၁၅ခုနှစ် အမေရိကန်အစိုးရ၏ နိုင်ငံတကာသတ္တိရှင်အမျိုးသမီး ဆုကို ရရှိခဲ့သည်။ ကချင်ငြိမ်းချမ်းရေးကွန်ရက်၊ ကချင် အမျိုးသမီးများ ငြိမ်းချမ်းရေးကွန်ရက်နှင့် ကျား/မရေး ရာ တန်းတူညီမျှမှု ကွန်ရက်များ ပေါ်ထွန်းလာစေရေးတွင် ဦးဆောင်သူအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

- ဒေါက်တာစင်သီယာမောင်၊ ၂၀၀၂ ခုနှစ် ရေမွန်မက် ဆေးဆေးဆုရရှိခဲ့သူနှင့် မဲတော်ဆေးခန်းကို တည် ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၈၉ခုနှစ်ကတည်းက ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အလုပ်သမားများကို ကျန်းမာရေးပြုစု စောင့်ရှောက် မှုများပေးခြင်းနှင့် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများ တွင် နေထိုင်ကြသူများ၏ ကျန်းမာရေးလိုအပ်ချက် များကို ဖြည့်ဆည်းကုသပေးရန် နယ်လှည့် ကျန်းမာ ရေးကျောပိုးအိတ်အဖွဲ့များကို သင်တန်းပေးခဲ့သည်[၆၂]။

- လဖိုင်ဆိုင်းရော်၊ ၂၀၁၃ ခုနှစ်ရေမွန်မက်ဆေးဆေး ဆုရှင်ဖြစ်ပြီး မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းကို တွဲဖက် တည်ထောင်သူတစ်ဦးလည်းဖြစ်သည်။ တနိုင်ငံလုံး တွင် ရပ်ရွာအဆင့် ရင်ကြားစေ့ရေး၊ လူသားချင်း စာနာထောက်ထားမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ငြိမ်း ချမ်းရေးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများကို စတင် လုပ်ဆောင် ခဲ့သူဖြစ်သည်[၆၃]။

- နော်အုန်းလှ၊ နိုင်ငံရေးအကျဉ်းကျခံခဲ့ရဖူးပြီး လက်ရှိ တွင်လည်း ထောင်ကျခံနေရဆဲဖြစ်သည်။ သူမသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အမျိုးသမီး ကွန်ရက်ကို ပူး တွဲတည်ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၂၀၁၄ခုနှစ် N-Peace ငြိမ်းချမ်းရေးဆုရှင်ဖြစ်ပြီး ကျား၊မရေးရာအခြေခံသည့် အကြမ်းဖက်မှုနှင့်တိုင်း ရင်းသားအရေးနှင့် အခြားလူ့အခွင့်အရေးများအတွက် တိုက်တွန်းလှုံ့ဆော်စည်းရုံးခဲ့သူလည်း ဖြစ်သည်။[၆၄]

- မသဉ္ဇာ၊ ၂၀၁၅ရွေးကောက်ပွဲတွင် NLD ကိုယ်စား လှယ်လောင်းတစ်ဦးဖြစ်ပြီး သူမသည်လည်း ဒီမို ကရေစီနှင့်ငြိမ်းချမ်းရေးဆိုင်ရာ အမျိုးသမီးများ ကွန် ရက်ကို ပူးတွဲတည်ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ၊ တရားမျှတမှုနှင့် လူ့အခွင့် အရေးများအတွက် တက်ကြွလှုပ်ရှားသူ တစ်ဦး[၆၅]ဖြစ် သည်။

- ဘောက်ဂျာ (Bawk Ja Lum Nyoi)၊ နိုင်ငံရေးလှုပ်ရှား တက်ကြွသူတစ်ဦးဖြစ်ပြီး ကချင်ပြည်နယ်တွင် ယုဇန ကုမ္ပဏီမှ မြေယာသိမ်းမှုအတွက် စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်ခဲ့သည်။ ၂၀၁၀အထွေထွေရွေးကောက်ပွဲ တွင် ယခင်ဒေသတိုင်းမှူးနှင့် ယှဉ်ပြိုင်ခဲ့သည်။ မဲအရေ အတွက်အများအပြားကို ပယ်မဲများအဖြစ်ကြေငြာခဲ့ပြီး ရှုံးနိမ့်ခဲ့ရသည်။ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးခံရသည်ဟု အများကယုံကြည်ကြသော စွဲ ချက်များဖြင့် ၂၀၁၃ခုနှစ်တွင် ခဏအကျဉ်းကျခံခဲ့ ရသည်[၆၆]။

- နန်းချမ်တောင်း၊ လူ့အခွင့်အရေးလှုပ်ရှားသူနှင့် ၂၀၀၇ ခုနှစ် ကျောင်းသားငြိမ်းချမ်းရေးဆုရှင်၊ ရှမ်းအမျိုး သမီးများအရေး လှုပ်ရှားဆောင်ရွက်မှုအဖွဲ့ကို ပူးတွဲ တည်ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် ပြစ်ဒဏ်ခံရမှုမှ ကင်းလွတ်ခြင်းကို နိုင်ငံတကာတွင် ဆန့်ကျင် တိုက်ပွဲ ဝင်နေသူဖြစ်သည်[၆၇]။

- ဒေါက်တာမသီတာ၊ နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးဖြစ်ပြီး PEN/Barbara Goldsmith ဆုရရှိခဲ့ သူဖြစ်သည်။ လွတ်လပ်စွာပြောဆိုရေးသားခွင့် နှင့် ဆင်ဆာဖြတ်တောက်ခြင်း၊ ဘာသာရေးဆိုင်ရာ အမုန်း စကားများကို ဆန့်ကျင်သည့် လှုံ့ဆော်စည်းရုံးမှု များပြုလုပ်ခဲ့သည်။

- စောမြရာဇာလင်း၊ ရခိုင်လွတ်မြောက်ရေးပါတီ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ရခိုင်အမျိုးသမီးအစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်ပြီး နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အနည်းငယ်မျှသော ဆွေးနွေးစေ့စပ်ညှိနှိုင်းသူအမျိုးသမီးများအနက်မှ တစ်ဦးဖြစ်သည်[၆၈]။

- ဂျာနန်လထော်၊ ၂၀၁၅ခုနှစ် N-Peace ဆုရှင်နှင့် နန်းရော်ဇခုံ၊ Shalom (ငြိမ်း)ဖောင်ဒေးရှင်း ၏ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြား ရေးမှူး တို့ဖြစ်ကြပြီး နိုင်ငံတော်အဆင့်နှင့် ဒေသ အဆင့် နှစ်ရပ်စလုံးတွင် ငြိမ်းချမ်းရေးနှင့် အပစ်အခတ် ရပ်စဲ ရေးဆွေးနွေးမှုများအတွင်း ပါဝင်သည့်အဖွဲ့အမျိုးမျိုး အကြား အကြံပေးများနှင့် ပေါင်းကူးပေးသူများအဖြစ် လုပ်ဆောင်လျှက်ရှိသည်။[၆၉]

- နော်စုဇန်နာလှလှစိုး၊ ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ဒါရိုက်တာဖြစ်သည်။ ဆယ်စုနှစ်များစွာ ဖြစ်နေသည့် ပြည်တွင်းစစ်အဆုံးသတ်စေရေး စည်းရုံးလှုံ့ဆော်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်နိုင်ရန် သမ္မတထံတိုက်တွန်းအကြံပြုရေးသားချက်ကို လက်မှတ်ရေးထိုးသည့် စည်းရုံးလှုံ့ဆော်မှုကို ပြုလုပ်ခဲ့သည်[၇၀]။

ဤသို့သော အောင်မြင်မှုများစွာက ပြသနေသကဲ့သို့ အမျိုးသမီးခေါင်းဆောင်များနှင့် အဖွဲ့အစည်းများသည် အက်ဒ်ဗိုကေစီ၊ လူ့အခွင့်အရေးများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများကို ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာ သတ္တိရှိရှိဖြင့်လုပ်ဆောင်နေကြပြီး ရံဖန်ရံခါတွင် သူတို့ကိုယ်တိုင်သာမက၊ မိသားစုဝင်များ အတွက်ပါ အန္တရာယ် ကျရောက်နိုင်သည့် အခြေအနေမျိုးကို တွေ့ကြုံကြရပါသည်။

လာမည့်နှစ်များအတွင်းတွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ပြုပြင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ယင်းကဲ့သို့သောလုပ်ငန်းနှင့် လုပ်ဆောင်နေသည့် အမျိုးသမီးများကို တရားဝင်အသိအမှတ်ပြုပြီး လုပ်ဆောင်နေဆဲ အမျိုးသားအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကိုယ်စားပြုခွင့်ရရှိစေရန်အရေးကြီးပါသည်။

## တရားဝင်ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ လုပ်ငန်းစဉ်များအတွင်းရှိ အမျိုးသမီးများ၏ ကိုယ်စားပြုမှု

သတင်းအနေဖြင့် ထုတ်ဖော်ရေးသားမှုနည်းပါးသော်လည်း အမျိုးသမီးအဖွဲ့များသည် ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့် ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များတွင် အလွတ်သဘောနှင့် ဖြစ်စေ၊ ရပ်ရွာအဆင့်များတွင်ဖြစ်စေ ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်ပေးလျှက်ရှိသည်။ ဤ နည်းဖြင့် တနိုင်ငံလုံးငြိမ်းချမ်းရေးရရှိစေရန် ကျယ်ကျယ် ပြန့်ပြန့်ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်လုပ်ကိုင်လျှက် ရှိသည်။ သို့ရာတွင် အမျိုးသမီးများလုပ်ကိုင်နေသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို အစိုးရနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ က တရားဝင်အသိအမှတ်ပြုမှုကိုမူ ယေဘုယျအားဖြင့် မတွေ့ရချေ။ ပြီးခဲ့သည့်စစ်အစိုးရများလက်ထက်တွင် သူတို့၏ အလုပ်သဘောသဘာဝကပင်လျှင် ပုန်းလျှိုး ကွယ်လျှိုးဖြစ်နေခဲ့သည့်အတွက်ကြောင့်လည်း တစိတ်တဒေသအားဖြင့်ပါနိုင်ပြီး အခြားအကြောင်းရင်းများဖြစ်သည့် အမျိုးသမီးများ၏ အရေးကြီးသည့် အခန်းကဏ္ဍကို လေးစားမှု၊ အသိအမှတ်ပြုမှုတို့ကို လက်ရှိအစိုးရ လက် ထက်တွင် အားနည်းသောကြောင့်လည်းဖြစ်ပါသည်။ ယင်းတို့တွင် နိုင်ငံရေးတွင် ကျား၊မရေးရာ ကိစ္စရပ်အပေါ် အလေးထားမှုများ အကြမ်းဖျဉ်းအားဖြင့် အားနည်းခြင်းနှင့် အမျိုးသမီးများ၏ရှုထောင့်များကို ထည့်သွင်းရန်လိုအပ်သည်ကို (ယောကျ်ားအများစုဖြစ်နေသည့်) နိုင်ငံရေးနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၏နားလည်သဘောပေါက်မှု မရှိခြင်းတို့ကြောင့်ဖြစ်သည်။
TNI အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက -

"အပစ်အခတ်ရပ်စဲရေးက အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ပဲဆိုင်ပါတယ်။တခြားအုပ်စုတွေနဲ့ မဆိုင်ပါဘူး။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးရင်တော့ နှစ်ဖက်စလုံးက လူတွေဆီက အကြံဉာဏ်ကောင်းတဲ့ အစည်းအဝေးတွေကျင်းပပါမယ်။ သက်ဆိုင်တဲ့ကိစ္စ အလိုက် သူတို့ကိုဖိတ်ကြားမှာပါ။ အမျိုးသမီးကိုယ်စားလှယ်တွေ ကိုလည်း အမျိုးသမီးနဲ့ဆိုင်တဲ့ကိစ္စတွေအတွက် ဖိတ်ကြားမှာပါ။"[၇၁]

တပုံစံတည်းပင် အစိုးရအရာရှိများကလည်း အမျိုးသမီးအဖွဲ့များ အထူးသဖြင့် နယ်စပ်အခြေစိုက် အဖွဲ့များ၏ ပြောင်ကျကျပြစ်တင်ဝေဖန်မှုများကို ငြင်းချက်ထုတ်၍ အားပျော့သွားစေသည်။ ဆင်ဆာဖြတ်မှု အကန့်အသတ်နည်းပါးသည့်အတွက် နယ်စပ်အခြေစိုက်အုပ်စုများ သည် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် အခြေစိုက်ရသည့် အမျိုးသမီးအဖွဲ့များထက် သမိုင်းအစဉ်အလာအရပင် အစိုးရ၏ မူဝါဒများအပေါ် တိုက်ရိုက်ဝေဖန်လေ့ရှိခဲ့ပါသည်။ ဆန့်ကျင်ဖက်အားဖြင့် အစိုးရထိန်းချုပ်ဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများသည် အမျိုးသမီးအခွင့်အရေးများနှင့် လူ့အခွင့်အရေးများကို ပို၍ကျယ်ကျယ်ပြန့်ပြန့် တက်တက်ကြွကြွလုပ်ဆောင်ရာတွင်ပါဝင်ရန် သူတို့တွင် အကန့်အသတ်များရှိနေပါသည်။

တပ်မတော်ဆန့်ကျင်ရေး သို့မဟုတ် အစိုးရဆန့်ကျင်ရေး အဖြစ် ရှုမြင်နိုင်သော လူမှုရေး သို့မဟုတ် နိုင်ငံရေး လုပ်ဆောင်မှုများအပေါ် အပြစ်ပေးကန့်သတ်မှုများစွာရှိခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ ယင်းဖိနှိပ်မှုများ၏ အမွေလက်ကျန်မှာဆက်ရှိနေပြီး အချို့အမျိုးသမီးအဖွဲ့များသည် အစိုးရကို ပွင့်လင်းစွာဝေဖန်မှုကို သတိပြု၍ ရှောင်ရှားလိုသည်။ အပြန်အလှန်အားဖြင့် နိုင်ငံတဝှမ်းလုံးရှိ ကွန်ရက်များနှင့် မဟာမိတ်များ ပေါ်ထွက်လာမှုတွင် အမျိုးသမီးအဖွဲ့အစည်းများအကြား ဘုံသဘောတူသည့် အသံတစ်ခုကို ရရှိရန်အတွက် စိန်ခေါ်မှုများလည်း ဖြစ်ခဲ့ပါ သည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင်ဖြစ်စေ၊ တိုင်းရင်းသားများ နေထိုင်ရာ နယ်စပ်ဒေသများတွင် ဖြစ်စေ၊ ယင်းကဲ့သို့သော ဖခင်ဆန်သည့် အတွေးအခေါ်အယူအဆများ၊ အမျိုးသမီးအရေး လှုပ်ရှားတက်ကြွမှုကို အပြုသဘောဆောင် သည့်အသိအမှတ်ပြုပေးမှု မရှိခြင်းနှင့်အခွင့်အလမ်းနည်း ပါးမှု၏ စုစည်းရလဒ်မှာ အမျိုးသမီးအဖွဲ့များမှ ကိုယ်စားလှယ်များကို အဆင့်မြင့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်း စဉ်များတွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ နှင့် အများနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်သည့် အဖွဲ့အစည်းများမှ ဘေးဖယ်ထားခြင်း သို့မဟုတ် ဖယ်ထားတတ်ခြင်းတို့ဖြစ်လေ့ရှိသည်။ ဥပမာ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခွဲဘူနှင့် ဒေါ်မိယဉ်ချမ်းတို့ အမျိုးသမီး နှစ်ဦးကိုသာလျှင် သိန်းစိန်အစိုးရ၏ ၅၂-ဦးပါ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီတွင် ထည့် သွင်းခန့်အပ်သည်။ ယင်းဖြစ်ရပ်သည် စိတ်ပျက်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်ပြီး

အမျိုးသမီးရေးတက်ကြွလှုပ်ရှား သူများအနေဖြင့် ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြပြီး ၂၀၁၅ခုနှစ်တွင် နိုင်ငံတကာငြိမ်းချမ်းရေးနေ့အတွက် "အမျိုးသမီး မပါလျှင်၊ ငြိမ်းချမ်းရေးမရနိုင်" ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ခဲ့သည်။ မြန်မာတိုင်းမ်စ်မှ အောက်ပါအတိုင်း  ရေးသားခဲ့သည်။ "အမျိုးသမီးများအခွင့်အရေး တက်ကြွလှုပ်ရှားသူများက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရာတွင် အမျိုးသမီးများကို ဘေးဖယ်ထားခြင်းကို မီးဖိုချောင်ထဲတွင် ပိတ်ထားသည် - ဆိုလိုသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းကို အကူအညီ မပေးခြင်းကို စိန်ခေါ်ခဲ့ကြသည်။"[၇၂] အမျိုး သမီးများကို ဘေးဖယ်ထားခြင်းနှင့်ပတ်သက်သည့်ကိစ္စကို ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲနီးကပ်လာချိန်နှင့် ဇန်နဝါရီလ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ပြန်လည် အသက်သွင်းခဲ့ပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များကို မပြုလုပ်ပေးခဲ့ချေ။ [၇၃]

အမျိုးသမီးများအတွက် အခြားအကန့်အသတ်တစ်ခုမှာ သမ္မတသိန်းစိန်အစိုးရ ဦးဆောင်လုပ်ကိုင်နေသည့် "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်"ကိုသာ ရည်ညွှန်းသည့် မြန်မာနိုင်ငံရှိ "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်"၏ ကျဉ်းမြောင်းသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်။ ယခုအချိန်ထိ ယင်းလုပ်ငန်းစဉ်သည် ကိုယ်စားပြုသည့် အဖွဲ့အစည်းများအနေဖြင့်သာမက နိုင်ငံ၏ပဋိပက္ခဖြစ်နေသည့် ဒေသများနှင့် လူ့အဖွဲ့အစည်းများ၏ အစိတ်အပိုင်းများကိုလည်း အားလုံးပါဝင်ခွင့် မပေးခဲ့ချေ။ ဤကဲ့သို့ ဖယ်ကြဉ်ထားခြင်းက အောက်ခြေရှိ အမျိုးသမီးများနှင့် အခြား အရပ်ဘက်အဖွဲ့အစည်းများ လုပ်ဆောင်နေသည့် အားလုံးပါဝင်သော ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ရပ်ရွာအတွင်း ပြန်လည် ရင်ကြားစေ့ခြင်းနှင့် တွန်းအားပေး လုပ်ဆောင်နေသည့် လုပ်ငန်းများကို နှိမ့်ချပြီး အချို့ အုပ်စုများကို လျစ်လျူရှုသည့် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်" တစ်ခုအတွက် အထောက်အကူမဖြစ်ဘဲ ကိုယ့်ဘာသာ အဆင်ပြေနေသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်မျိုးဖြစ်နေစေပါ သည်။

အထူးသဖြင့် အမျိုးသမီးများကို တရားဝင် ဆက်စပ်ပါဝင်ပတ်သက်သူများအဖြစ် NCA ကဲ့သို့သော ငြိမ်းချမ်းရေး ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများမှ ဖယ်ရှားထားခြင်းက အမျိုးသမီး အခွင့်အရေးများကို အခြေခံကျကျ ငြင်းပယ်ထားခြင်း မျိုးဖြစ်ပြီး အလျင်အမြန် ပြုပြင်တည့်မတ်ရန် လိုအပ်ပါသည်။ အမျိုးသမီးအဖွဲ့များအတွက် ယင်းအချက်သည် အပျက်သဘောနှင့် စိတ်ပျက်စရာ အလွန်ပင်ကောင်း စေသည့် အခြေအနေမျိုးပင်ဖြစ်သည်။ နိုင်ငံတကာ အမျိုးသမီးအခွင့် အရေးသဘောတူစာချုပ်များတွင် နိုင်ငံတော်၏ တာဝန်ဝတ္တရားများအရ ဆောင်ရွက်လုပ်ဆောင်ရန်လိုအပ်သည့် အချို့သောကတိကဝတ်များကို ဆောင်ရွက်သည့် အမျိုးသမီးအုပ်စုများ၏ လုပ်ငန်းများက  CEDAW နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအရ လိုက်နာရမည့် လုပ်ငန်းတာဝန်ဝတ္တရားများအတွက် အစိုးရကို ကူညီခဲ့ သော်ငြားလည်း သူတို့၏ အရေးကြီးသည့် အခန်းကဏ္ဍကို အဆင့်မြင့်ပြင်ဆင်မှုနှင့် တရားဝင် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင် ထည့်သွင်းပြီး ဦးဆောင်စေခြင်းမျိုး၊ အသိအမှတ်ပြုပေးခြင်း သော်လည်းကောင်း မရှိခဲ့ချေ။ အမှန်စင်စစ်တွင် မြန်မာအစိုးရမှ သဘောတူညီလက်မှတ် ရေးထိုးထားသည့်  နိုင်ငံတကာ ဥပဒေများနှင့် သဘောတူညီချက်များက အမျိုးသမီးများ ပါဝင်ခြင်း၏ အရေးကြီးမှုနှင့် သင့်မြတ်မှန်ကန်မှုကို အလေးအနက်ထားဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်တွင် ဖန်တီးအိမ်နှင့် မြန်မာအမျိုးသမီးများ ဖိုရမ်မှ ဖော်ပြထားသည့်အတိုင်း -

*အမျိုးသမီးများကို တရားဝင် ဆက်စပ်ပါဝင် ပတ်သက်သူများအဖြစ် NCA ကဲ့သို့သော ငြိမ်းချမ်းရေး ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများမှ ဖယ်ရှားထားခြင်းက အမျိုးသမီး အခွင့် အရေးများကို အခြေခံကျကျ ငြင်းပယ် ထားခြင်း မျိုးဖြစ်ပြီး အလျင်အမြန် ပြုပြင် တည့်မတ်ရန် လိုအပ်ပါသည်။*

"ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ငြိမ်းချမ်းရေးရရှိစေရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများအနေဖြင့် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ခွင့်ရရှိရန် မဖြစ်မနေလိုအပ်သည်။

....အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ လုပ်ဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ကဏ္ဍမျိုးစုံတွင် တိုင်းရင်းသားအမျိုးသမီးများပါဝင်သည့် အရပ်ဘက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို ထည့်သွင်းပါဝင်စေရန် လေးနက်စွာတောင်းဆိုပါသည်။"[၇၄]

လက်တွေ့တွင် အမျိုးသမီးအဖွဲ့အစည်းများ၏ အသံများ ကို တရားဝင်နှင့် အဆင့်မြင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှစ်ရပ်လုံးအတွက် လိုအပ်နေသည့် အကျိုးဆက်များကို မဖြစ်ပေါ်လာစေဘဲ ယနေ့အထိ အခက်အခဲများစွာ ကြုံတွေ့နေရပြီး တနိုင်ငံလုံး အပစ်အခတ် ရပ်စဲ၍ ငြိမ်းချမ်း ရေးမရရှိမီ လုပ်ကိုင် ဆောင်ရွက်စရာ များစွာရှိနေစေ ပါသည်။  အမှန်တွင် ၂၁ ရာစုအတွင်း ဒီမိုကရေစီစနစ် ဖော်ဆောင်မှုနှင့် လွှတ်တော် အစိုးရ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် နိုဝင်ဘာအထွေထွေ ရွေးကောက်ပွဲ အပြီးတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ပို၍ အရေးကြီး လာပြီဖြစ်သည်။

ဤကဲ့သို့သော မတည်ငြိမ်လှသည့် အမျိုးသားရေး အပြောင်းအလဲကာလအတွင်းတွင် လူမှုအသိုင်းအဝိုင်း၏ ကဏ္ဍပေါင်းစုံမှ ပါဝင်မှုနှင့် အကြံဉာဏ်များသည် မရှိမဖြစ်လိုအပ်ပါသည်။ သို့သော် ရှင်းနေသည့်အချက်မှာ နယ်စပ်ဒေသများစွာတွင် စစ်မက်ပဋိပက္ခများမှာဆက်လက် ဖြစ်ပေါ်နေလျှက်ရှိပြီး လက်ရှိ NCA သည် အားလုံး ပါဝင်ရန်နှင့် ပြီးပြည့်စုံသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ရန် ဝေးကွာနေသေးပြီး ယင်းကိစ္စမှာ အနာဂတ် NLD အစိုးရ အနေဖြင့် ယခုနှစ်တွင် လက်ခံယူရမည့် မငြိမ် မသက် ဖြစ်နေသည့်အတိတ်အမွေ တစ်ခုပင်ဖြစ်သည်။တချိန်တည်း မှာပင်၊ အမျိုးသမီးအဖွဲ့အစည်းများမှာ အဆင့်မြင့်ရာထူး များမှ ကျယ်ကျယ်ပြန့်ပြန့် ဘေးဖယ်ခံထားခြင်းမှ တရား ဝင်လုပ်ငန်းစဉ်များကို လွှမ်းမိုးနိုင်ရန်အတွက် ဆက်လက် ကြိုးစားသွားရန် သန္နိဋ္ဌာန် ချထားကြပါသည်။ အမျိုးသမီး များ၏ ပါဝင်မှုမှာ ပုံစံမျိုးစုံဖြင့် ရှိနေပါသည်။ အမျိုးသမီး အဖွဲ့အစည်းများမှာ တရားဝင် စေ့စပ်ညှိနှိုင်းမှုများအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ချိတ်ဆက် လုပ်ဆောင် ရာတွင် အရေးပါသည့်သူများဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းများနှင့် နိုင်ငံရေးဆွေးနွေးပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်များ အချိုးကျကိုယ်စားပြုနိုင်ရေးကို မြှင့်တင် နေပြီး အမျိုးသမီးအဖွဲ့များ၏ စွမ်းရည်နှင့် စုပေါင်းညှိနှိုင်းမှုတို့ကို ခေါင်းဆောင်မှုသင်တန်းများ၊ အလုပ်သင် အဖြစ်လုပ်ကိုင်ခြင်းနှင့် မဟာမိတ်ဖွဲ့လုပ်ကိုင်သည့်လုပ်ငန်းများမှ ပိုမိုမြှင့်တင်အားဖြည့်ပေးနေပါသည်။ အထူးသဖြင့် မဟာမိတ်ဖွဲ့ခြင်းက ပို၍သိသာထင်ရှားပါသည်။ အဘယ်ကြောင့် ဆိုသော်  စစ်မက်ပဋိပက္ခကာလအတွင်း ယခင်ယူခဲ့သည့် အခန်းကဏ္ဍများနှင့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးတွင်ပါဝင်ခဲ့သည့် ဘက်အမျိုးမျိုး ၏ ကွဲပြားခြားနားချက်များကို ကျော်လွှန်ပြီး ယင်းသို့လုပ်ဆောင်ခြင်းက အမျိုးသမီးအဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းနှင့်

စိတ်အားထက်သန်မှုတို့ကို ပြသနေပါသည်။ ဤကဲ့သို့သော နည်းများဖြင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး တို့ကို လက်တွေ့လုပ်ဆောင်နေပါသည်။ ယင်းမဟာ ဗျူဟာများနှင့်အညီ အမျိုးသမီးအဖွဲ့များသည် မျက်နှာစာ များစွာတွင် တက်ကြွစွာပါဝင်လုပ်ဆောင်လျှက်ရှိပါသည်။ ဥပမာအားဖြင့် မဟာမိတ်ဖွဲ့ခြင်းနှင့် ဥပဒေမူဝါဒများ ပြောင်းလဲစေရေး တိုက်တွန်းအားပေးခြင်း (advocacy) ကို အားကောင်းလာစေရန် ၂၀၁၃ ခုနှစ်ကတည်းက အမျိုး သမီးဖိုရမ်များ၊ နိုင်ငံတော်အဆင့် အမျိုးသမီးများ၏ ဆွေး နွေးပွဲများနှင့် အမျိုးသမီးလှုပ်ရှားမှုများမှ ကျင်းပသည့် အခြားပူးတွဲလုပ်ဆောင်သည့် အခမ်းအနားများက ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အမျိုး သမီးများ၏ တန်းတူပါဝင်မှုအတွက် လိုအပ်ချက်များကို အစိုးရ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများမှ အာရုံစိုက်ပေးရန်အတွက် တောင်းဆိုရန် အခြေအနေများ ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ AGIPP ၊ GEN နှင့် WLB တို့ အားလုံးသည် နိုင်ငံတော် အဆင့် လုပ်ဆောင်မှုများတွင် ကျား၊မရေးရာရှုထောင့်များနှင့် အမျိုးသမီးအဖွဲ့များကို မြှင့်တင်ပေးခြင်းတို့တွင် အလွန် တက်ကြွစွာ လုပ်ဆောင်ခဲ့ကြပါသည်။ မကြာသေးမီနှစ် များက ဤကဲ့သို့သော တောင်းဆိုမှုများကို နိုင်ငံတကာ အမျိုးသမီးများနေ့နှင့် အမျိုးသမီးများအား အကြမ်းဖက်မှု အဆုံးသတ်ရန် တစ်ကမ္ဘာလုံးဆိုင်ရာ ၁၆ ရက်ကြာ စည်းရုံး လှုံ့ဆော်မှုကာလအတွင်းတို့တွင် မြို့ကြီးများမှ အမျိုးသမီးများကို အကြမ်းဖက်မှုရပ်တန့်စေရေးအတွက် ငြိမ်းချမ်းစွာ လှည့်လည် ဆန္ဒပြခဲ့ပါသည်။ ငြိမ်းချမ်းစွာဆန္ဒပြမှု များကို အာဏာပိုင်များမှ ဖိနှိပ်ကန့်သတ်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ဆက်၍လည်း ရင်ဆိုင်ရနိုင်သည့်နိုင်ငံမျိုးတွင် ဤသို့သော လူထုလှုပ်ရှားမှုမျိုးသည် ရဲတင်းမှုနှင့် သတ္တိရှိရန် လိုအပ်ပါသည်။

၁၉၉၀ခုနှစ်နှောင်းပိုင်းကာလကတည်းက မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့များသည် ကျား၊မရေးရာအခြေခံသည့် အကြမ်းဖက်မှုမှ ကာကွယ်ခြင်းအတွက်နှင့် ဆုံးဖြတ်ချက် ချမှတ်ရာနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အမျိုးသမီး များပါဝင်ခွင့်များကို နိုင်ငံတကာတွင် တိုက်တွန်း ဖိအား ပေးမှုများကို လုပ်ဆောင်လျှက်ရှိပါသည်။ CEDAW ကော်မတီဝင်များ၊ ကမ္ဘာကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၊ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်များနှင့် မြန်မာ နိုင်ငံနှင့် ဒေသဆိုင်ရာ နိုင်ငံခြားသံအမတ်များနှင့် အခြား သံတမန်များအကြား အရေးကြီး သည့် တိုက်တွန်းစည်းရုံး လှုံ့ ဆော်မှုများကို ပြုလုပ်လျှက် ရှိသည်။

သတင်းမီဒီယာနှင့် အင်တာနက်တို့မှ စည်းရုံးလှုံ့ဆော်ခြင်းတို့တွင်လည်း ပဋိပက္ခအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် အတွေ့အကြုံများနှင့်ပတ်သက်သည့် မှတ်တမ်းတင်ရုပ်ရှင်များ၊ သုတေသနအစီရင်ခံစာများနှင့် အခြားအရင်းအမြစ်များကို ကျယ်ပြန့်စွာ ဖြန့်ချီနိုင်ခဲ့သည်။ မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ၊ တီမောလိစ်နှင့် မြန်မာနိုင်ငံတို့ တွင်အမျိုးသမီးအဖွဲ့များနှင့်အာရှတရားမျှတ မှုနှင့် အခွင့်အရေး များ (AJAR)တို့ပြုလုပ်ခဲ့သည့် သုတေသနစီမံချက်တစ်ခုမှာ အဖွဲ့အစည်းဆိုင်ရာ အားကောင်းစေမှုနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများ၏ အတွေ့အကြုံကို ပေါင်းစပ်ထားသည့် နမူနာ တစ်ခုပင်ဖြစ်သည်။ ဤစီမံချက်မှ ထုတ်ဝေခဲ့သည့် မှတ်တမ်း များတွင် (စစ်မက်ပဋိပက္ခမှ) လွတ်မြောက်လာခဲ့သည့် အမျိုးသမီး ၁၄၀ ကျော်၏အကြောင်းကို ယင်းနိုင်ငံသုံးနိုင်ငံရှိ ပဋိပက္ခ နှင့်ဆက်စပ်နေသည့်အကြမ်းဖက်မှုကို ခံစားခဲ့ရသည့် အမျိုးသမီးများအတွက် မဖြည့်ဆည်းနိုင်သည့် လိုအပ်ချက် များနှင့် အတွေ့အကြုံတွင် တူညီမှုများကို အသားပေးပြီး မှတ်တမ်းတင်ထားပါသည်။[၇၅]

ယင်းကဲ့သို့သော အောင်မြင်မှုများရှိခဲ့သော်လည်း မြန်မာ နိုင်ငံ၏ အချိုးကျညီမျှမှုရှိသည့် ကိုယ်စားပြုမှုနှင့် ကျား/မ ရေးရာ တရားမျှတမှုဖြစ်ပေါ်စေရေးအတွက် အမျိုးသမီး အဖွဲ့များ၏ ကြိုးပမ်းလုပ်ဆောင်ချက်ကို အဟန့်အတား ဖြစ်စေသည့် စိန်ခေါ်မှုများစွာမှာ ဆက်လက်ရှိနေ ဆဲပင်ဖြစ်သည်။ ယင်းအားနည်းချို့ယွင်းချက်များသည် နိုင်ငံရေး၊ လူမှုရေး နှင့် နိုင်ငံတော် အဆင့် အခင်းအကျင်း များအားလုံးတွင် ပျံ့နှံ့တည်ရှိနေ ပါသည်။ ဤအခက်အခဲ များ၏ နောက်ကွယ်တွင် ကိုင် တွယ်ဖြေရှင်းရန် လိုအပ် သည့် အတွေးအခေါ် အယူအဆ ပိုင်းဆိုင်ရာ၊ သဘော တရားပိုင်း ဆိုင်ရာနှင့် အဖွဲ့အစည်း ပိုင်း ဆိုင်ရာ စိန်ခေါ်မှု များစွာရှိနေ ပါသည်။

ပထမဦးစွာ အမျိုးသမီး ခေါင်းဆောင်မှုမှာ ယဉ်ကျေးမှု ဓလေ့ ထုံးစံအရ မသင့်တော်၊ မလိုအပ်ဟု ထင်မြင်ယူဆ သည့် ဖခင်ကြီးစိုးသည့် တန်ဖိုးထားမှုများနှင့်ယုံကြည် မှုမျိုးကို အမျိုးသမီး၊ အမျိုးသားနှစ်ရပ်စလုံးတွင် လူထု နှင့်သက်ဆိုင်သည့် နယ်ပယ်များတွင် နိုင်ငံ၏ဆုံးဖြတ်ချက် ချမှတ်သူများအကြား တွင်ဆက်လက်ရှိနေပါသေးသည်။ မ ကြာသေးမီက WLB ရေးသားထားသကဲ့သို့ပင် "ခိုင်မာ စွာအမြစ်တွယ်နေသည့် ဖခင်ကြီးစိုးသည့် စိတ်ထား များ ဖြစ်သည့် လုပ်ပိုင်ခွင့်အာဏာကို အမျိုးသားများအား အပ်နှင်းခြင်း၊ ခေါင်းဆောင်နေရာများတွင် အမျိုးသမီးများ ကို ငြင်းပယ်ခြင်းနှင့် "ကိုယ်ဝန်ဆောင်ရခြင်း" တာဝန်ကို ယူရသဖြင့် အချိန်အကန့်အသတ်များခြင်းတို့ဖြင့် အမျိုးသမီးများ စတင်ဝင်ရောက်ရန်ကိုပင် တားဆီး ပိတ်ပင်မှုများ က နိုင်ငံရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပါဝင် မှု ကို အားလျော့စေခဲ့သည်[၇၆]။"

*မြန်မာနိုင်ငံ၌ အချိုးကျညီမျှမှုရှိသည့် ကိုယ်စား ပြုမှုနှင့် ကျား/မ ရေးရာ တရားမျှတမှုဖြစ်ပေါ် စေရေးအတွက် အမျိုးသမီး အဖွဲ့များ၏ ကြိုးပမ်း လုပ်ဆောင်ချက်ကို အဟန့် အတား ဖြစ်စေသည့် စိန်ခေါ်မှုများစွာမှာ ဆက်လက်ရှိနေ ဆဲပင် ဖြစ်သည်။*

ယင်းကဲ့သို့သော နက်ရှိုင်းစွာ ယုံကြည်လက်ခံထားသည့် ကျား/မ ရေးရာ မညီမျှမှုဆိုင်ရာ ယုံကြည်ချက်များကို နိုင်ငံ တဝှမ်းလုံးရှိ အိမ်ထောင်စုများ၊ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများတွင် နေ့စဉ်လုပ်ဆောင်ချက်များနှင့် ပြန်လည်အားဖြည့်ပေးလျှက်ရှိနေပြီး ကျား၊မရေးရာ တန်းတူ ညီမျှမှု ဖြစ်ထွန်းလာစေရန်အတွက် ကာလကြာမြင့်စွာ ပြောင်းလဲရမည့်ဖြစ်စဉ်တစ်ခုပင်ဖြစ်နိုင်ပါသည်။

ဒုတိယ ပြောင်းလဲရမည့် ကြီးမားသည့် အဟန့်အတား တစ်ခုမှာ အစိုးရ၊တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအကြားသာလျှင် အပေးအယူ ရပ်စဲရေးလုပ်ငန်းစဉ် တစ်ခုအဖြစ်ဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကိုသဘောထားမှုပင်ဖြစ်သည်။ အနှစ်သာရအားဖြင့် ပဋိပက္ခတွင် ပါဝင်သူများက ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေး ညှိနှိုင်းမှုများသည် အဓိကအားဖြင့် လက်နက်ကိုင် ပဋိပက္ခ ရပ်တန့်မှုနှင့် ပတ်သက်၍ အမျိုးသမီးများသည် တိုက်ပွဲတွင် ပါဝင်ကြသူများ မဟုတ်ကြသဖြင့် ပါဝင်ရန် အခန်းကဏ္ဍမရှိဟု ကန့်ကွက် ဆန့်ကျင်ကြသည်။ ဤသို့သော ရှုထောင့်အမြင်မျိုးက အမျိုးသမီးအချို့သည် လက်နက်ကိုင်များဖြစ်သည့်အတွက်မှားယွင်းနေသည်သာမဟုတ်ဘဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ခပ်လွယ်လွယ်တွေးမြင်တတ်သူများ၏ နားလည်သဘောပေါက်မှုကို ထင်ဟပ် စေသည်။ TNI အလုပ်ရုံဆွေးနွေးပွဲ တစ်ခုတွင် တက်ရောက် သူတစ်ဦးက -

## ၂၀၁၅ ခုနှစ် TNI အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ခဲ့သူများ၏ အမြင်များ

"ကျွန်တော်တော့ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်နေရာကပါရမှန်းမသိဘူး။ ကျွန်တော်တို့ဒေသမှာ စစ်ဖြစ်နေတုံးပဲ။ ကျွန်တော်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ စကားပြောဖို့အတွက် ကစားကွင်းတစ်ခုလိုဘဲ ထင်မိတယ်။ တကဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစစ်မဟုတ်ဘူး။" (ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ရှမ်းအမျိုးသားတစ်ဦး)

"ငြိမ်းချမ်းရေးရရင် ကျွန်မတို့ဒေသ (ထားဝယ်)မှာ မြေတွေပိုသိမ်းတော့မယ်။ ဒါကြောင့် ဆုံးဖြတ်ရခက်နေတယ်။" (ထားဝယ်ဒေသမှ အမျိုးသမီးတစ်ဦး)

"အစိုးရကော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အမျိုးသမီးတွေပါဝင်ဖို့ကို ဦးစားပေး ကိစ္စတစ်ခုအနေနဲ့ မလုပ်ကြဘူး။ အမျိုးသမီးတွေကို လူမှုကျင့်ဝတ်တွေနဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာယုံကြည်ချက်တွေက ကန့်သတ်ထားကြတယ်။" (အုပ်စုလိုက် ဆွေးနွေးချက်များမှ၊ ရန်ကုန်)

"အမျိုးသားတွေက [နိုင်ငံရေးဆိုင်ရာတွေ့ဆုံဆွေးနွေးမှုတွင်]အမျိုးသမီး ၃၀% ပါဝင်ဖို့တောင်းဆိုတာကို အခုထိ မေးခွန်းထုတ်နေတုံး၊ ဝေဖန်နေကြတုံးပဲ။ တကယ်လို့ UNSCR 1325 နဲ့ CEDAW အပိုဒ် ၄ ကို ဒီနိုင်ငံမှာ မကျင့်သုံးနိုင်ရင် အမျိုးသမီးတွေပါဝင်မှုကတော့ အကန့်အသတ်ရှိနေအုံးမှာပဲ။ (ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ကယန်းအမျိုးသမီးတစ်ဦး)

"ကျွန်မတို့ (အမျိုးသမီးအဖွဲ့တွေ) အက်ဒ်ဗိုကေစီလုပ်ရင်  တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရော၊ အစိုးရနဲ့ပါ ဆွေးနွေးဖိအားပေးလေ့ရှိသည်။ တစ်ဖက်က အမျိုးသမီးတွေပါဝင်မှုကို လက်ခံရင် တဖက်ကလဲ လက်ခံမယ်ဆိုပြီး  သူတို့က တစ်ယောက်နဲ့တစ်ယောက် လွှဲချနေကြတယ်။" (ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ကယန်းအမျိုးသမီးတစ်ဦး)

"စစ်ပွဲအပြီးမှာ အစိုးရကော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ခုစလုံးကိုပါ အမျိုးသမီးတွေကို ဖိတ်ခေါ်ဖို့ စနစ်တစ်ခုဖန်တီးဖို့လိုတယ်။ ပြီးတော့ အမျိုးသမီးတွေကလည်းပါဝင်ဖို့ အဆင်သင့်ဖြစ်နေရမယ်။" (ဆွေးနွေးပွဲတက်ရောက်သူအမျိုးသားတစ်ဦး၊ လွိုင်ကော်)

"လက်ရှိအချိန်မှာ ပြဿနာတွေကို မကိုင်တွယ်ရသေးဘူး။ ကတိတွေပဲပေးနေတယ်။ ဒါတွေကို အကောင်အထည်ဖော်မယ်လို့လဲ အာမခံချက်မပေးထားဘူး။ အစိုးရဘက်က လက်နက်စွန့်ဖို့ကိစ္စပဲအာရုံစိုက်နေပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကလဲ သူတို့လုံခြုံရေးအတွက်ပဲ စိတ်ပူနေကြတယ်။ ဒါနဲ့ဘဲ နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ၊ နိုင်ငံရေးနဲ့စီးပွားရေးကိစ္စတွေအပေါ် အာရုံမစိုက်နိုင်ကြဘူး။ အဓိပ္ပါယ်ကတော့ ငြိမ်းချမ်းရေးသဘောတူညီချက်က တိုက်ပွဲတွေကို အဆုံးမသတ်နိုင်ဘူးဆိုတာပဲ။" (ဆွေးနွေးပွဲတက်ရောက်သူအမျိုးသမီးတစ်ဦး၊ လွိုင်ကော်)

"ခေါင်းဆောင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်အဖွဲ့ဝင်များသာ ပါဝင်သင့်သည်ဟု ထင်မြင်ကြသည်။ လက်နက်မကိုင်ဘဲ အမျိုးသမီးများသည် ကလောင် နှင့် ပါဝင်နိုင်ပါသည်။"

ယင်းအမြင်ရှုထောင့်ကို ဆလိုင်းအိုက်ဇက်ခန်းနှင့် Muk Yin Haung Nyoi တို့က ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှု လေးခု (ချင်း၊ ကရင်၊မွန်နှင့် ရှမ်း) ကို ဆန်းစစ်လေ့လာရာ၌ အလေးထားဖော်ပြထားပြီး "ကျား၊မရေးရာကိစ္စရပ်ကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် လုံးဝ လျစ်လျူရှုထားပြီး စေ့စပ်ညှိနှိုင်းမှုများတွင် အမျိုးသမီးများ၏ ပါဝင်မှုမှာ အလွန်ပင်နည်းပါးလှပါသေးသည်ဟု နိဂုံးချုပ် အဆုံးသတ်ထားပါသည်။[၇၇]"

ထို့ကြောင့် ယင်းကဲ့သို့သော ကျဉ်းမြောင်းလှသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအမြင်ကို လာမည့်လများ အတွင်း စိန်ခေါ်ရန်မဖြစ်မနေလိုအပ်နေပါသည်။ ယင်းကဲ့ သို့သော ဖယ်ကြဉ်ထားမှုက ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားစီရင်မှုတွင် အမျိုးသမီးများ၏ အရေးပါသည့် အခန်း ကဏ္ဍကို လျစ်လျူရှုထားရုံသာမက နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုတွင် ကျား၊မရေးရာ ကိစ္စရပ်များကို စဉ်းစားခြင်း နှင့် အမျိုးသမီးများ၏ ပါဝင်မှုကိုလည်း ဟန့်တားနေပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် NCA တွင်သော်လည်းကောင်း၊ အခြားသဘောတူညီချက်တွင်လည်းကောင်း နိုင်ငံတကာဥပဒေများအရ မြန်မာအစိုးရ၏ တာဝန်ဝတ္တရား များကို ချိုးဖောက်ရာရောက်နေပါသည်။ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဆုံးဖြတ်ချက်များက ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ၏ ကိုယ်စားပြုနိုင်ရန်နှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များကို ညှိနှိုင်းခြင်းနှင့်
လုပ်ကိုင်ခြင်းတို့တွင်ကျား၊မရေးရာရှုထောင့်ကိုထည့်သွင်း ရန် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား တောင်း ဆိုနေပါသည်။ ယင်းတို့ကို နှုတ်ဖြင့်ပြောနေရုံနှင့်မလုံလောက်ချေ။ နိုင်ငံတကာ အတွေ့အကြုံက အမျိုးသမီးများ ကျား၊မရေးရာ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ထည့်သွင်းရန် ပျက်ကွက်ခဲ့မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား တရားစီရင်ရန် ပျက်ကွက် သည့် ကိစ္စရပ်ကဲ့သို့သော လုပ်ရပ်များက ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ကြီးစွာအဟန့် အတားဖြစ်စေနိုင်ကြောင်းကို နိုင်ငံတကာ အတွေ့အကြုံများက သက်သေအထောက်အထားများစွာက ထောက်ပြနေပါသည်။

တတိယကြီးမားသည့် အဟန့်အတားတစ်ခုမှာ ပဋိပက္ခဖြေရှင်းမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုတွင် နိုင်ငံတော်အဆင့်နှင့် ရပ်ရွာအဆင့်နှစ်ခုစလုံးတွင် အမျိုးသမီးများအားတန်းတူညီမျှ သည့် အခွင့်အရေးများအတွက် နိုင်ငံတကာ ပြဋ္ဌာန်းချက် များကို

အကောင်အထည်ဖော်ရန် တာဝန်ဝတ္တရားများကို နိုင်ငံတစ်ဝှမ်းလုံးရှိခေါင်းဆောင်များအကြားသေချာစွာ နားလည်မှုမရှိခြင်းပင်ဖြစ်သည်။ အမျိုးသမီး အဖွဲ့များ အနေဖြင့်မူ ရပ်ရွာနှင့်နိုင်ငံအဆင့်ခေါင်းဆောင်များကို အမျိုးသမီး အခွင့်အရေးဆိုင်ရာ အစိုးရ၏ တာဝန်ဝတ္တရား များကို သိရှိစေရန် CEDAW ၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့နှင့်ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်များနှင့် အခြားနိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို တက်ကြွစွာ ဝေမျှပေးလျှက်ရှိပါသည်။ ခြုံ၍ပြောရလျှင် အတိုက်အခိုက်များစွာရှိပြီး စိတ်ဝင်စားမှုမရှိကြသည့်အပြင် အကျိုးရရှိမှု နည်းပါးခြင်းကို ရင်ဆိုင်ကြရသဖြင့် "ခက်ခဲကြမ်းတမ်းလှသည့် တိုက်ပွဲ"တစ်ခုအဖြစ် အစီရင်ခံကြပါသည်။

နောက်ဆုံးအနေဖြင့် ကမ္ဘာတဝှမ်းလုံးရှိ နိုင်ငံများစွာ ကဲ့သို့ပင် Beijing Platform for Action နှင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံ ရေးကောင်စီ ဆုံးဖြတ်ချက်များအတွက် အကောင်အထည် ဖော်ရန် လမ်းညွှန်ချက်များနှင့် အရေးယူ လုပ် ဆောင်မည့် ယန္တရားနည်းစနစ်များမရှိခြင်းကငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဒီမိုကရေစီနည်းကျသည့် အုပ်ချုပ်စီမံမှုနှင့် ပတ် သက်သည့် ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ ပါဝင်မှုကိုဖြစ်စေမည့် နိုင်ငံတကာကျင့်ဝတ်များကိုမြန်မာအစိုးရ အား တာဝန်ခံမှုရှိလာအောင်မလုပ်ဆောင်နိုင်ခဲ့ပေ။

အမျိုးသမီးအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကဆယ်စုနှစ်များစွာ တိုက်တွန်းဖိအားပေးနေခဲ့သော်လည်း မြန်မာအစိုးရ၏ ဖေါ်ပြပါ ကတိကဝတ်များကို လက်တွေ့ အကောင်အထည်ဖေါ်လုပ်ဆောင်မှုမှာ အလွန်ပင် နည်းပါးလှပါသေးသည်။ဆက်၍ မေးရမည့်မေးခွန်း မှာ ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် အစိုးရ လက်ထက်တွင် ဤသို့သော မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်များနှင့် လိုအပ်ချက်များကို အဆုံးသတ်တွင် အရေးယူလုပ်ဆောင်လာမည်လားဆိုသည်ပင်ဖြစ်သည်။တိုင်းရင်းသား နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှအစပြု၍ ရွေးကောက်ပွဲတွင် NLD နှင့် ဒီမို ကရေစီပါတီများ အနိုင်ရသည်အထိ မြန်မာနိုင်ငံတွင်

သမိုင်းဝင်အပြောင်းအလဲအတွက် မျှော်လင့်ချက် ရောင်ခြည်များ ပြန်လည်သန်းလာခဲ့ပြီဖြစ်သည်။ ဆယ်စုနှစ် များ စွာအတွင်း တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် အကောင်း ဆုံး အခွင့်အရေးမှာ နီးကပ်လာခဲ့ပြီဖြစ်သည်။ သို့ရာတွင် အမှန်တကယ်ငြိမ်းချမ်းမှုနှင့်နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုဖြစ်ထွန်းစေရန် အမျိုးသမီးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးအားလုံး၊ လူမှုအသိုင်းအဝိုင်း ကဏ္ဍမျိုးစုံ ကို ထည့်သွင်းရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် အမျိုး သမီးများက ဤအခွင့်အလမ်းနှင့် အချိန်ကို ကြာမြင့်စွာ စောင့်ဆိုင်းနေခဲ့ကြရပါသည်။

## နိဂုံး နှင့် အကြံပေးချက်များ

ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများကဲ့သို့ပင်၊ ကျား၊မရေးရာ တန်းတူညီမျှမှုမရှိခြင်းက မြန်မာနိုင်ငံ၏ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာအခင်းအကျင်းများ၏ ရှုထောင့်အမျိုးမျိုးကို ပုံဖေါ်ပေးနေပါသည်။ မြန်မာနိုင်ငံကိစ္စတွင် ထိုကဲ့သို့သောကွာဟချက်ကို နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများစွာတွင် ဆယ်စုနှစ်များစွာ ကပ်ရောဂါဆိုးကြီးကဲ့သို့ဖြစ်နေခဲ့သည့် မလုံခြုံမှုနှင့် ပဋိပက္ခ

အခြေအနေကို ထည့်သွင်းနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ အမျိုးသမီးများသည် အဓိက ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရသူများအနေဖြင့်သာ မဟုတ်ဘဲ ပဋိပက္ခအတွင်း နိုင်ငံရေး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံစားရသူများနှင့် မိသားစုများကို တစ်ဦးတည်းကြည့်ရှုစောင့်ရှောက်ကြရသူများဖြစ်ကြပါသည်။ သို့သော် အစိုးရ၊ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်ဖြစ်စေ၊ အရပ်ဘက် တိုင်းရင်းသား လူမျိုးစု အဖွဲ့အစည်းများတွင်ဖြစ်စေ နိုင်ငံ့ရေးရာကိစ္စရပ်များ၏ ခေါင်းဆောင်မှုကဏ္ဍများတွင် သိသိသာသာပင် ကိုယ်စားပြုပါဝင်မှု နည်းပါးလှသည်။

ယင်းကဲ့သို့ဖယ်ကြဉ်ထားခြင်းက မြန်မာ့သမိုင်းတွင် အရေးကြီးသည့်ကာလအတွင်းတွင် နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲမှုများကို နောက်ပြန်ဆွဲစေသည့် အလွန်ဆိုးရွားသည့် အကျိုးဆက်နှစ်ခုကို ဖြစ်စေခဲ့ပါသည်။ ပထမ အနေဖြင့် အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် စိုးရိမ်ပူပန်မှုများကို ရပ်ရွာအဆင့်နှင့် နိုင်ငံအဆင့်နှစ်ခုလုံးတွင် လူမှု-နိုင်ငံရေးဆိုင်ရာ ဆွေးနွေးချက်များတွင် မကြာခဏ ဆိုသလိုပင် မေ့လျော့နေခဲ့သည်။ ဒုတိယအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ကို ရရှိနိုင်စေရန် အမျိုးသမီးများပါဝင်မှုမှာ မရှိမဖြစ် အရေးကြီးသည့် တိုင်းရင်းသားငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုနှင့် ပတ်သက်သည့် တရားဝင်နှင့် အဆင့်မြင့်ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးအရေးတက်ကြွ လှုပ်ရှားသူများ၏ ပါဝင်မှုကို ငြင်းပယ်ခဲ့ကြပါသည်။

မကြာသေးမီနှစ်များက ဖိနှိပ်မှုနှင့်ခွဲခြားဆက်ဆံခံရမှုများ ရှိခဲ့သော်လည်း အမျိုးသမီးအဖွဲ့များနှင့် အမျိုးသမီးအရေး လှုပ်ရှားသူများက မြန်မာနိုင်ငံ၏ အနာဂတ်နှင့်ပတ်သက်သည့် နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များတွင် အမျိုးသမီး ကိုယ်စားလှယ်များအနေဖြင့် အချိုးကျပါဝင်ခွင့် ရရှိစေရန် ကြိုးပမ်းလုပ်ဆောင်မှု၊ အသိပညာပေးခြင်း နှင့် အမျိုးသမီး အခွင့်အရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများကိုအရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် နိုင်ငံသည် တိုင်းရင်းသားငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အစတွင်သာရှိသေးပြီး ဆုံးခန်းမတိုင်သေးချေ။ အမျိုးသမီးများအားလုံး၏ အခွင့်အရေးနှင့် ရှုထောင့်များကို လေးစားပြီး ထည့်သွင်းစေသည့် အခြေအနေမျိုးဖြစ်လာရန်မှာအတော်ပင်ဝေးကွာလှပါသေးသည်။ အမျိုးသမီးများအတွက် မဖြည့်ဆည်းနိုင်သေးသည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ လူမှုရေးနှင့် နိုင်ငံရေး လိုအပ်ချက်များမှာ သိသာထင်ရှားလှပြီး အတိတ် ကာလက ရိုးအလှစွာမျှော်လင့်ခဲ့ချက်များကို ယခုအခါ စိတ်ပျက်ရပေါင်းလည်း များခဲ့ပြီးဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခသည် နယ်စပ်ဒေသများစွာတွင် ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။ မြေယာသိမ်းမှုနှင့် သဘာဝသယံဇာတများကို အလွဲသုံးစားပြုမှုများကလည်း ရပ်ရွာဒေသများစွာတွင် တည်ငြိမ်မှုကို လျော့ပါးစေပါသည်။ စစ်အင်အားတိုးချဲ့မှုနှင့် ဖိနှိပ်ချုပ်ခြယ်ခံခဲ့ရသည့် အတိတ်အမွေများကိုလည်း ကိုင်တွယ်ဖြေရှင်းရန်ကျန်ရှိနေပါသေးသည်။ ကြီးမားသည့် စိန်ခေါ်မှုများစွာ ဆက်လက်တည်ရှိနေပါသည်။

ဤသို့သော စိတ်အနှောင့်အယှက်ဖြစ်စရာ အခြေအနေများစွာရှိနေသော်ငြားလည်း သိပ်မဝေးကွာလှတော့သည့် အနာဂတ်ကာလအတွင်းတွင် မြန်မာနိုင်ငံ၏ အဓိပ္ပါယ် ရှိသော အပြောင်းအလဲအတွက် အားထုတ်မှုများကို နှစ်ဆ အားထုတ်ရန်နှင့်

မျှော်လင့်ချက်များထားရန် အကြောင်းရင်း များစွာလည်း ရှိပါသည်။ အမှန်တွင် အခြေအနေ၏ အလွန်အရေးကြီးမှုက အရေးယူလုပ်ဆောင်ရန် လိုအပ် ချက်ကို မီးမောင်းထိုးပြနေပါသည်။

ပထမအနေဖြင့် ကမ္ဘာ့အမျိုးသမီးလှုပ်ရှားမှုမှ နှစ်ပေါင်းများစွာ တိုက်တွန်းဖိအားပေးမှုများကြောင့် ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်စီမံမှု၏ နိုင်ငံတော်အဆင့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် တန်းတူညီမျှစွာ အမျိုးသမီးများပါဝင်ခွင့်များကို အာမခံပေးရန် အစိုးရများအနေဖြင့် မဖြစ်မနေလုပ်ဆောင်ရန် နိုင်ငံတကာ ယန္တရားများနှင့် သဘောတူစာချုပ်များရှိလာခဲ့ပြီဖြစ်သည်။ ဤနိုင်ငံတကာ နည်းလမ်းများသည် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး ၏ အမျိုးသားအဆင့် လုပ်ငန်းစဉ်များကို ရှေ့ဆက်လုပ် ဆောင်နိုင်ရန် လိုအပ်နေသည်မှာ ကြာမြင့်လှပြီဖြစ်သော မူဝါဒများအခြေခံသည့်မူဘောင်အမျိုးအစားတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့်ဒီမိုကရေစီစနစ် တစ်ခု ဖေါ်ဆောင်ရာတွင် အခွင့်အရေးများကို အခြေခံသည့် ချဉ်းကပ်မှုတစ်ခု၏ အုတ်မြစ်အခြေခံတစ်ခုပင်ဖြစ်သည်။ မြန်မာအစိုးရက အတည်ပြုသဘောတူထားသော်လည်း စိန်ခေါ်မှုမှာ ယင်းကို အမှန်တကယ် အကောင်အထည် ဖေါ်ရန် နှင့် အာမခံချက်ပေးရန်ဖြစ်သည်။

နောက်ထပ်အပြုသဘော မျှော်လင့်ရခြင်း၏ ဒုတိယ အကြောင်းမှာ မြန်မာနိုင်ငံ၏ ပြောင်းလဲနေသည့် အခင်း အကျင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာအဆင့်မှာ အလွန်ပင် မသေချာ၊ မရေရာ ရှိနေပါသေးသည်။ သို့ရာတွင် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် NLD၏ အောင်ပွဲက ပြီးခဲ့သည့်လေးနှစ် အတွင်း နိုင်ငံရေးဆိုင်ရာ အခြေအနေတွင် နိုင်ငံတစ်ဝှမ်းလုံး အပစ်အခတ် ရပ်စဲရေးနှင့် လွတ်လပ်ခွင့်ပေး သည့် ခြေလှမ်းများက အမျိုးသမီးများအနေဖြင့် ပို၍ အချိုးကျပါဝင်မှုရရှိ ရန်နှင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီသို့ ကာလကြာမြင့် စွာလိုအပ်နေသည့် ပြုပြင် ပြောင်းလဲမှုအတွက် အခြေအနေတစ်ခုကို ဆောင်ကြဉ်းနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခအခင်းအကျင်းတွင် ယင်းသို့သောအချက်များ ပေါင်းစပ်မှုမှာ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရခဲ့ချိန်မှစပြီး ဖြစ်တောင့်ဖြစ်ခဲအခြေအနေမျိုး ဖြစ်ပြီး နောက်တစ်ကြိမ် အလျင်အမြန်ရောက်ရှိလာမည် မဟုတ်သည့် အားလုံး ပါဝင်ခွင့်ရှိသော ပြုပြင်ပြောင်းလဲမှုအတွက် အလားအလာ ရှိသည့်ကာလတစ်ခုပင်ဖြစ်သည်။

အာရုံစိုက်ရန်နှင့် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုအတွက် တတိယအကြောင်းရင်းတစ်ခုမှာ နိုင်ငံတွင် ပဋိပက္ခများကို အဓိကခံစားကြရသည့် အမျိုးသမီးများကိုယ်တိုင်က တောင်းဆိုမှုများဖြစ်သည်။ အတားအဆီး အဟန့်အတားများစွာရှိစေကာမူ၊ မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးအရေးလှုပ်ရှားသူများသည် သူတို့ကို နောက်ထပ်ပြီး ဖယ်ကြဉ်မထားစေရန်အတွက် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုတွင် အပြည့်အဝနေရာရရှိလုပ်ဆောင်သင့်သည် ဟု ဆုံးဖြတ်ထားကြပါသည်။ ပြီးခဲ့သည့်ဆယ်စုနှစ်များ အတွင်း အတွေ့အကြုံများက မီးမောင်းထိုးပြသကဲ့သို့ခက်ခဲပြီး တခါတရံတွင် အန္တရာယ်ကျရောက်နိုင်သည့် ငြိမ်းချမ်းရေးဖေါ်ဆောင်မှုနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှု နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဆုံးဖြတ် ချက်ချမှတ်သည့်နေရာများတွင်ပါဝင်ရန် စွမ်းရည်နှင့် ဆုံး ဖြတ်ချက်များနှင့် နိုင်ငံ၏ အမျိုးသမီးလှုပ်ရှားမှုအမျိုးမျိုးရှိ အမျိုးသမီးများစွာရှိပါသည်။

*နိုင်ငံ၏ တိုင်းရင်းသားငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုတို့ သည်အစပျိုးချိန်သာ ရှိ သေးပြီး အဆုံးသတ်သို့ မရောက်သေး ပါ။*

ပြည်တွင်းနှင့်နိုင်ငံတကာဖိအားပေးတိုက်တွန်းမှုနှစ်ခုစလုံးမှ ယင်းရည်ရွယ်ချက်ကို ပြသခဲ့ကြသည်။ လက်ရှိအခြေအနေတွင် တရားဝင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှ အမျိုးသမီးများကို ကျယ်ကျယ်ပြန့်ပြန့် ဖယ်ကြဉ်ထားသည်မှာ အရည်အချင်းမရှိသည့်အတွက် မဟုတ်ဘဲ အာဏာရှိသူများ၏ ဖခင်ကြီးစိုးသည့်တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများက အမျိုးသမီးများကို ထည့်သွင်းရန် မလို၊ မသင့်တော်ဟု ထင်မြင် ခဲ့ကြပါသည်။

ယင်းကဲ့သို့သော အပျက်သဘောဆောင် သည့် သဘောထားအယူအဆများကို ယခုအခါ ပြောင်းလဲပစ်ရပါမည်။ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲ လုပ်ငန်းစဉ်များတွင် အမျိုးသမီးအဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများနှင့် အမျိုးသမီးများ အခန်း ကဏ္ဍကြောင့် တရားဝင်အသိအမှတ် ပြုမှုပေးခံရသင့် သည်မှာ ကြာမြင့်လှပြီဖြစ်ပါသည်။ ပဋိပက္ခတွင် အခြား နိုင်ငံများမှ အတွေ့အကြုံများက ဖေါ်ပြထားသည့်အတိုင်း အမျိုးသမီးများသည် ပြောင်းလဲမှုအတွက် ကိုယ်စားလှယ် များဖြစ်ပြီး မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး နှင့် ဒီမိုကရေစီဖြစ်ထွန်းစေရန် သူတို့၏ စွမ်းရည်နှင့် လုပ်ဆောင်ခဲ့မှုများကို အသိအမှတ်ပြုပြီး မြှင့်တင်ပေး ရပါမည်။

ထို့ကြောင့် နိုင်ငံ၏ လက်ရှိနိုင်ငံရေးအပြောင်းအလဲတွင် အမျိုးသမီးအရေးအတွက် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအားလုံး၏ ဆုံးဖြတ်ချက်ချမှတ်မှုအဆင့် များအားလုံးတွင် ထည့်သွင်းရန် အရေးကြီးပြီး ကျား/မ ရေးရာတန်းတူညီမျှမှုမရှိခြင်း၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး တို့အကြား ဆက်စပ်မှုများကို ကျယ်ပြန့်စွာ နားလည်သဘောပေါက်စေပြီး အရေးယူလုပ်ဆောင်ရန် အရေးကြီး ပါသည်။ ယင်းအချက်ကို အောင်မြင်စေရန် အစိုးရ၊ နိုင်ငံရေးနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ငြိမ်းချမ်းရေး ဖေါ်ဆောင်ရာတွင် တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင်လုပ်ဆောင်ခြင်း၏ အကျိုးဆက်များကို လက်ခံရပါမည်။ အထူးသဖြင့် အောက်ပါ အခြေခံမှုများနှင့် အဆင့်များကို ထည့်သွင်းရန်လိုအပ်ပါ သည်။

- အမျိုးသမီးများ၏ အခွင့်အရေးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များ နှင့် သဘောတူညီမှုများတွင် ဖေါ်ပြပါရှိသည့် ကတိကဝတ်များကို လေးစားလိုက်နာပြီး အကောင်အထည် ဖေါ်ခြင်းဖြင့် ကျား၊မရေးရာတန်းတူညီမျှမှုနှင့် တရားမျှတမှု ကို မြှင့်တင်ပေးခြင်း။

- ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု၏ ရှုထောင့်မျိုးစုံမှ အမျိုးသမီးအခွင့်အရေးအတွက် လုပ်ဆောင်သည့် အဖွဲ့အစည်းများကို ကိုယ်စားပြုသူများနှင့် ပဋိပက္ခဒဏ် ခံစားနေရသည့်နေရာများမှ အမျိုးသမီးများအပါအဝင် ဆုံးဖြတ် ချက်ချမှတ်သူများအဖြစ်ဖြင့် အမျိုးသမီးများကို အဓိပ္ပါယ်ရှိသည့် ပါဝင်မှုမျိုး ဖြစ်ထွန်းစေရန်နှင့် ဆက်လက်တည်ရှိနေသည့် မညီမျှမှုများနှင့် ဖခင်ဆန်သည့် ယုံကြည်မှုများ၊ တန်ဖိုးများ အပါအဝင် ပဋိပက္ခ၏ အကြောင်းရင်းဇစ်မြစ်များကို ကိုင်တွယ်ရန်။

- ပြန်လည်ရင်ကြားစေ့ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲ

နိုင်သည့် ငြိမ်းချမ်းရေးဆီသို့ မဖြစ်မနေလုပ်ဆောင်ရမည့် ခြေလှမ်းတစ်ခုအဖြစ်ဖြင့် အပြောင်းအလဲ ကာလအတွင်း တရားစီရင်မှုယန္တရားများက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးခြင်းကို အဆုံးသတ်စေရန် နှင့် ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများကို တာဝန်ယူဖြေရှင်းပေးရန်အတွက်  အာမခံချက်ပေးရန်။

- အပြောင်းအလဲကာလအတွင်း တရားစီရင်မှု ယန္တရားများ ချမှတ်စေရန်၊ တရားမျှတပြီး အဓိပ္ပါယ်ပြည့်ဝ စေရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ပံ့ပိုးရန်။

- ငြိမ်းချမ်းရေးဖေါ်ဆောင်သူများနှင့် အမျိုးသမီးအခွင့်အရေးအတွက် အကာအကွယ်ပေးသူများကို အကာ အကွယ်ပေးရန် နှင့် လုံခြုံရေးကို အာမခံရန်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် သူတို့၏ သဘောထား အမြင်များကို ဖေါ်ထုတ်ပြသနိုင်ပြီး သူတို့၏ အလုပ်ကိုလွတ်လွတ်လပ်လပ် ဆက်လက်လုပ်ဆောင်နိုင်မည် ဖြစ်သည်။

- နိုင်ငံ၏အစိတ်အပိုင်းတိုင်းတွင် လူများအားလုံး၊ ကျား/မ အားလုံးနှင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍ အား လုံး မှ ကိုယ်စားပြုပါဝင်နိုင်သည့် ငြိမ်းချမ်းရေး တည်ဆောက် မှုနှင့် အသွင်ကူးပြောင်းမှုအဆင့်အားလုံးတွင် အားလုံးပါဝင်ပြီး ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်များ ချမှတ်သည့် ဖွဲ့စည်းပုံများကို ဖန်တီးရန်

- အစိုးရသည် နိုင်ငံသူ/နိုင်ငံသားအားလုံးအတွက် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ခံမှုရှိစေရန်နှင့် အရပ်ဘက် အဖွဲ့အစည်းကို ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်တည်ဆောက်မှုတွင် မရှိမဖြစ် မိတ်ဘက်တစ်ဦး အဖြစ်ဖြင့်ထားရှိရန်။

အကျဉ်းချုပ်အားဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့် အရေးများ မြှင့်တင်ခြင်းတွင် အသွင်ကူးပြောင်းမှုနှင့် ပတ်သက်၍ ပြောဆိုရာမှ မရှိမဖြစ်လိုအပ်သည့်အခွင့်အရေးများနှင့် ဥပဒေများကို အမှန်တကယ်အကောင် အထည်ဖေါ်သည့် အဆင့်များသို့ ဆက်လက်ရွေ့ဆက်ရန် အချိန်ပင်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းက CEDAW UNSCR ၁၃၂၅ နှင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အခြား ဆုံးဖြတ်ချက်များတွင်ပါရှိသည့် လိုက်နာရမည့်စည်းမျဉ်း စည်းကမ်းများကို လက်တွေ့ကျင့်သုံးရန် မြန်မာအစိုးရ အပေါ် ဖိအားပေး တိုက်တွန်းမှု နှင့် သံတမန်နည်းဖြင့် ဖိအားပေးမှုတို့ကို ပိုမိုအားဖြည့်ပြီး ပံ့ပိုးကူညီနိုင်ပြီး ဒီမိုကရေစီစနစ်ဖေါ်ဆောင်ခြင်း၊ ပဋိပက္ခ ဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အမျိုးသမီးများ၏ ပါဝင်မှုဦးတည်ချက်များသို့ ရောက်ရှိစေရန် အရေး ပါသည့် အစိုးရနှင့် ပတ်သက်သည့် စီမံကိန်းများကို ထောက်ပံ့ကူညီကြရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အမျိုးသမီးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဒီမိုကရေစီနည်းကျသည့် အုပ်ချုပ်စီမံမှု၊ အမျိုးသမီးအခွင့်အရေးများ ကာကွယ်မှု၊ ပဋိပက္ခတွင် အကြမ်းဖက်ခံပြီး အသက်ရှင်ကျန်ရစ်ခဲ့သူ များကို အကူအညီပေးခြင်းနှင့်နိုင်ငံ၏ ငြိမ်းချမ်းရေး တည် ဆောက်မှု လုပ်ဆောင်ချက်များတွင် အပြည့်အဝ ပါဝင်မှု ဆိုင်ရာ လုပ်ဆောင်ချက်များကို ပံ့ပိုးမှု ကိုတိုးမြှင့်ပေး သင့်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် က ၂၀၁၅ ခုနှစ်နိုဝင်ဘာလအထွေထွေရွေးကောက်ပွဲတွင် "ပြောင်းလဲ ချိန်တန်ပြီ" ဆိုသည့် ဆောင်ပုဒ်ဖြင့်မဲဆွယ်စည်းရုံးပြီး နိုင်ငံအဝှမ်းတွင် ထောက်ခံမှုကို ကြီးမားစွာရရှိကာ အနိုင်ရခဲ့ပါသည်။ ယခုအခါ မြန်မာပြည်သူပြည်သားများ အနေဖြင့် ဤသို့သော ညီညွတ်မှုရှိသည့် နိုင်ငံ၏ မျှော်လင့်ချက်တစ်ခုကို လက်တွေ့အကောင်အထည် ဖေါ်မည်ကို မျှော်လင့်တောင့်တလျှက်ရှိပါတော့သည်။

## ရည်ညွှန်းမှတ်စု

၁ ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရသည် တရားဝင်အမည်ကို ဘားမား (Burma) မှ မြန်မာ (Myanmar) ဟု ပြောင်းလဲခဲ့သည်။ မြန်မာဘာသာဖြင့် နှစ်မျိုးလုံး ခေါ်ဝေါ်နိုင်ပါသည်။ သို့သော် ယင်းအသုံးအနှုန်းကို နိုင်ငံရေးအရ အငြင်းပွားစရာကိစ္စတစ်ခုဖြစ်လာခဲ့သည်။ မြန်မာကို နိုင်ငံအတွင်းနှင့် နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းတွင် အများစုအသုံးပြုကြပြီး ပြည်ပတွင် အင်္ဂလိပ် ဘာသာစကားဖြင့်မူ မသုံးကြပေ။ အသုံးအနှုန်း ရှေ့နောက်ညီညွတ်မှုရှိစေရန် ဤအစီရင်ခံစာတွင် မြန်မာဟုသာသုံးနှုန်းထားပါသည်။

၂ Transnational Institute (TNI) မှ ယင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး မကြာသေးမီလေ့လာချက်များတွင်၊ ဥပမာ -  TNI ၏ "Military Confrontation or Political Dialogue: Consequences of the Kokang Crisis for Peace and Democracy in Myanmar" TNI Myanmar Policy Briefing Nr 15, July 2015 နှင့် TNI ၏  "The 2015 General Election in Myanmar: What Now for Ethnic Politics?" နှင့် TNI Myanmar Policy Briefing Nr 17, December 2015 ကို ကြည့်ပါ။

၃ Elizabeth Porter နှင့် Anuradha Mundkur ၏ Peace and Security: Implications for Women (Brisbane: University of Queensland Press, 2012); UN Women National Committee Australia, "Women, Peace and Security", 2013; Cate Buchanan (ed.), "Peacemaking in Asia and the Pacific: Women's participation, perspectives and priorities" (Geneva: Centre for Humanitarian Dialogue, 2011)တို့ကိုကြည့်ပါ။

၄ ဥပမာအနေဖြင့် Buchanan (ed.) ၏ "Peacemaking in Asia and the Pacific"; Maneshka Eliatamby & Sandra Cheldelin (eds.), Women Waging War and Peace: International Perspectives of Women's Roles in Conflict and Post-Conflict Reconstruction (New York: Continuum Publishing Corporation, 2011)ကိုကြည့်ပါ။

၅ Martin Smith ၏ State of Strife: The Dynamics of Ethnic Conflict in Burma (East-West Center Washington: ISEAS, Singapore, 2007), စာ.၂၀-၂၅၊ TNI ၏ "Neither War nor Peace, the Future of the Ceasefire Agreements in Burma", July 2009 နှင့် TNI ၏ "Ending Burma's Conflict Cycle? Prospects for Ethnic Peace", Burma Policy Briefing Nr 8, February 2012 ကိုကြည့်ပါ။

၆ "Suu Kyi ၏ Incoming Government to Prioritize Peace in Myanmar" AP, ၂၀၁၆၊ ဇန်နဝါရီလ ၄ ရက်

၇ "Protests in Rangoon After Letpadaung Shooting", The Irrawaddy, 26 December 2014; Amnesty International, "Open for Business?: Corporate Crime and Abuses at Myanmar Copper Mine", February 2015; Fortify Rights & Harvard Law School's International Human Rights Clinic, "Crackdown at Letpadan: Excessive Use of Force and Violations of the Rights to Freedom of Peaceful Assembly and Expression in Letpadan, Bago Region, Myanmar", October, 2015 တို့တွင် ကြည့်ပါ။

၈ International Crisis Group (ICG) ၏ "The Dark Side of Transition: Violence Against Muslims in Myanmar", Asia Report No. 251, 1 October 2013; ICG, "Myanmar: The Politics of Rakhine State", Asia Report No. 261, 22 October 2014 တို့တွင် ကြည့်ပါ။

၉ UN OCHA, "Myanmar: Snapshot of Humanitarian Issues (as of 11 Dec 2015)", 11 December 2015; The Border Consortium (TBC), "Protection and Security Concerns in South East Burma", November 2014. UNOCHA က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ဘေးရှောင်လူဦးရေ ၁၀၀,၀၀၀ (တစ်သိန်းခန့်) နှင့် ရခိုင်ပြည်နယ်တွင် ၁၄၀,၀၀၀ (တစ်သိန်းလေးသောင်းခန့်)ရှိပြီး  TBC က နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသများတွင် ကရင်၊ကရင်နီ၊ မွန်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးနေထိုင်သည့် စစ်ဘေးရှောင်လူဦးရေ ၄၀၀,၀၀၀ (လေးသိန်းခန့်) ရှိသည်။ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်သည့်

ဒုက္ခသည်ဦးရေမှာ ၁၁၀,၀၀၀ (တစ်သိန်းတစ်သောင်းခန့်) ရှိပြီး ဖေဖော်ဝါရီလ - မတ်လ ၂၀၁၅အတွင်း တရုတ်နိုင်ငံတလျှောက် ကိုးကန့်ဒေသတွင် တိုက်ပွဲများကြောင့် ထွက်ပြေးလာရသည့် ဒုက္ခသည် သို့မဟုတ် စစ်ဘေးရှောင်လူဦးရေမှာ ၇၀,၀၀၀ (ခုနစ်သောင်းခန့်) ရှိသည်။

၁၀ Porter နှင့် Mundkur၏ Peace and Security, စာမျက်နှာ - ၁၅၀-၅၁ကို ပြန်လည်ရှင်းပြထားသည်။

၁၁ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ရှုပ်ထွေးပြီး မျက်နှာစာများစွာရှိပါသည်။ တရားဝင်ပုံစံနှင့်သာမက အလွတ်သဘောငြိမ်းချမ်းရေးဆွေးနွေးမှု (ဆွေးနွေးညှိနှိုင်းမှုများနှင့် သဘောတူညီချက်များ)ပြုလုပ်ခြင်း၊ (ပြည်တွင်းနှင့်ပြည်ပအင်အားစုများဖြင့်) ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှု (ယုံကြည်မှုတည်ဆောက်ခြင်း၊ ဂုဏ်သိက္ခာပြန်ဆယ်ခြင်းနှင့် ငြိမ်းချမ်းရေးတိုးတက်စေခြင်း) လုပ်ငန်းစဉ်များ။ ယင်းတို့ကို "လမ်းကြောင်း ၁" (အဆင့်မြင့်)၊ "လမ်းကြောင်း ၂" (အရပ်ဖက်အဖွဲ့အစည်းများအဆင့်)၊ "လမ်းကြောင့် ၃" (ရပ်ရွာအဆင့်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ။ အရင်းအမြစ်။ UN Women National Committee Australia, "Women, Peace and Security: An Introductory Manual" (Canberra: 2014) စာ. ၆-၇၊ ထိရောက်မှုရှိစေရန်၊ ယင်းလုပ်ငန်းစဉ်များကို ဆုံးဖြတ်ချက်လုပ်ဆောင်သည့် အဆင့်အမျိုးမျိုးတွင် ဖြစ်ပေါ်စေရပါမည်။ ယင်းတို့တွင် အလွတ်သဘော ရပ်ရွာအဆင့်တွင်ပါထည့်သွင်းထားသည်။ (ရပ်ရွာဒေသတွင်းရှိလူများအနေဖြင့် အကြမ်းဖက်၏ တိုက်ရိုက်အကျိုးဆက်ကို တုံ့ပြန်သည့် လုပ်ဆောင်ချက်များ)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းအဆင့် (အစိုးရမူဝါဒဆိုင်ရာများပြင်ဆင်ပြောင်း လဲအောင် အရေးပါသည့် စေ့စပ်မှုနှင့် တိုက်တွန်းစည်းရုံးမှုတို့ပါဝင်သည်။) နှင့် ပဋိပက္ခဖြစ်သူများ၊ ပြည်နယ်များနှင့် နိုင်ငံများအကြား တရားဝင် အဆင့်မြင့် အပစ်အခတ်ရပ်စဲညှိနှိုင်းဆွေးနွေးမှုနှင့် ငြိမ်းချမ်း ရေး သဘောတူညီချက်များ၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ အသွင်ကူးပြောင်းမှုကာလအတွင်း တရားစီရင်ရေး၊ စစ်ပွဲများအပြီး ပြန်လည်တည်ဆောက်ရေးနှင့် ရင်ကြားစေ့ရေး။ အားလုံးတို့သည် နိုင်ငံ တနိုင်ငံ၏ အနာဂတ်လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခင်းအကျင်းများကို ပုံဖော်ပေးပါသည်။

၁၂ Porter နှင့် Mundkur ၏ Peace and Security စာ.၁၁၇ အရင်းအမြစ် - Tsjeard Bouta, Georg Frerks နှင့် Ian Bannon, Gender, Conflict and Development (Washington DC: World Bank, 2005)

၁၃ ၂၀၁၅ခုနှစ် ACFID တက္ကသိုလ်များ ညီလာခံတွင် Jenny Hedström တင်ပြဆွေးနွေးချက်ကို စာရေးသူ၏ အကျယ်ဖွင့်ဆွေးနွေးချက်

၁၄ Porter နှင့် Mundkur ၏ Peace and Security စာ.၈၉

၁၅ လက်ရှိ ပြင်းထန်သည့်တိုက်ပွဲများတွင် စစ်သား ၁၀ ဦးသေဆုံးတိုင်း အရပ်သား အယောက် ၉၀ သေဆုံးပါသည်။ ရည်ညွှန်း။ Charles Kegley နှင့် Shannon Blanton ၏ World Politics: Trend and Transformation (Boston MA: Wadsworth, 12th edition, 2010), စာ. ၅၀၉

၁၆ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအစီရင်ခံစာ ၂၀၁၁၊ Conflict, Security and Development (Washington DC: World Bank, 2011) စာ.၆

၁၇ ဥပမာ - Sarah Shteir ၏ "Gendered Crises, Gendered Responses: The necessity and utility of a gender perspective in armed conflicts and natural disasters: an introductory overview" (Canberra: Australian Government/Australian Civil-Military Centre, 2013), စာ. ၁၀-၂၃

၁၈ Porter နှင့် Mundkur, Peace and Security, စာ. ၃၃

၁၉ အလားတူပင် UN Women National Committee Australia, "Women, Peace and Security" ကိုကြည့်ပါ။

၂၀ Buchanan (ed.) ၏ "Peacemaking in Asia and the Pacific".

၂၁ Cate Buchanan et al ၏ "From clause to effect: including women's rights and gender in peace agreements", (Geneva: Centre for Humanitarian Dialogue, 2012), စာ.၈၂

၂၂ Mindanao 1996 ၏ Chittagong Hill Tracts [Bangladesh] 1997, East Timor 1999, Bougainville 2001, Aceh 2005, and Nepal 2006

၂၃ Jenny Hedström, 2015 ၏ "Peace for whom? The institutionalisation of gender inequality in Myanmar's reform process", Svenska Burma Komitten/Swedish Burma Committee, စာ.၃

၂၄ ဖခင်အုပ်စိုးမှုက အမျိုးသားများ၏ အုပ်ချုပ်မှုနှင့် အထူး အခွင့်အရေးပေးသည့်အလေ့အကျင့်နှင့် စနစ်တစ်ခုကို ရည်ညွှန်းပြီး အမျိုးသမီးများ ကိုလက်အောက်တွင် နေထိုင်လုပ်ကိုင်စေသည့် သဘောကိုဆောင်သည်။

၂၅ Porter နှင့် Mundkur, Peace and Security, စာ.၄၈

၂၆ နမူနာများနှင့် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို UN Women National Committee Australia ၏ "Women, Peace and Security"; Eliatamby & Cheldelin (eds.), Women Waging War and Peace; Porter & Mundkur, Peace and Security.

၂၇ Paul Minoletti ၏ Women's Participation in the Subnational Governance of Myanmar (MDRI-CESD & The Asia Foundation, June 2014)ကို နမူနာအဖြစ်ကြည့်ပါ။

၂၈ ၂၀၁၅ခုနှစ် မေလနှင့်ဇွန်လတွင် TNI မှ လက်ရှိငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ကျား/မရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ချင်း၊ရှမ်းနှင့်ကယား (ကရင်နီ)ပြည်နယ်များတွင် အမျိုးသမီးအဖွဲ့များနှင့် အခြား အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးချက်များဖြင့် ဤစာတမ်းကို အခြေခံရေးသားထားပါသည်။

၂၉ Charlotte England ၏ "Female candidates face fierce, unfair fight in Myanmar's elections", The Guardian, ၂၀၁၅ခုနှစ် နိုဝင်ဘာ လ ၅ ရက်နေ့

၃၀ Brenda Belak ၏ "Gathering Strength: Women from Burma on their Rights" (Chiang Mai: Images Asia, 2002); Manon van Zuijlen, "Assessing Gender Equality in Myanmar: Gender assessment undertaken for DfID Southeast Asia" (Bangkok: DfID, 2002); Annami Löfving, "If Given the Chance: Women's participation in public life in Myanmar" (Yangon: ActionAid/CARE/Oxfam, 2011); Jessica Harriden, The Authority of Influence: Women and Power in Burmese History (Copenhagen: NIAS Press, 2012); Gender Equality Network (GEN), "Taking the Lead: An assessment of women's leadership training needs and training initiatives in Myanmar" (Yangon: GEN, 2013); Gender Equality Network & Ministry of Social Welfare, Relief and Resettlement, "Raising the Curtain: Cultural Norms, Social Practices and Gender Equality in Myanmar" (Yangon: GEN/MSW, 2015)

၃၁ England, "Female candidates face fierce, unfair fight"

၃၂ Belak ၏ "Gathering Strength", စာ.၃၃

၃၃ Löfving, "If Given the Chance", p.vii. သုတေသနလေ့လာချက်ကို ရခိုင်၊ကချင်၊ကယားနှင့်ရှမ်းပြည်နယ်များနှင့် မကွေး၊ မန္တလေးနှင့် ဧရာဝတီဒေသများတွင် လုပ်ဆောင်ခဲ့ပါသည်။

၃၄ Minoletti ၏ Women's Participation in the Subnational Governance, စာမျက်နှာ ၈ - ၁၀

၃၅ GEN ၏ "Gender Equality in Public Life & Elected Office" (Yangon: GEN, 2012), စာ.၂

၃၆ Fiona Macgregor ၏ "Unleashing women's power, potential", Myanmar Times, ၂၀၁၅ နိုဝင်ဘာ ၆ရက်

၃၇ Ei Cherry Aung ၏ "Despite record numbers, Myanmar's women candidates face hurdles", Myanmar Now, 1 October 2015; Nyein Nyein, "Women seeking wins along ethnic lines", The Irrawaddy, 5 November 2015

၃၈ Fiona Macgregor ၏ "Woman MPs up, but hluttaw still 90% male", Myanmar Times, ၂၀၁၅ ဒီဇင်ဘာလ ၁ ရက်

၃၉ အထက်တွင်ပါရှိသည့်အတိုင်း

၄၀ "Head of Gender Election Observation Mission meets

with Chairman of UEC", Mizzima News, 8 November 2015

၄၁ Jessica Mudditt ၏ "Susanna Hla Hla Soe on women's rights", Myanmar Times, 10 June 2013

၄၂ လွှိုင်ကော်အလုပ်ရုံဆွေးနွေးပွဲ၊ TNI, ၂၀၁၅ ဇွန်လ

၄၃ Yen Snaing ၏ "Calls for More Female Voices in Burma's Peace Process", The Irrawaddy, 18 December 2015; "Decisions and minutes made during NCA", S.H.A.N., 11 January 2016

၄၄ TNI correspondence, 28 November 2015

၄၅ ဥပမာ - ကရင်အမျိုးသမီးအဖွဲ့ (KWO) ၏ "Walking among Sharp Knives: The unsung courage of Karen women village chiefs in conflict areas of Eastern Burma" (Mae Sariang: KWO, 2010); ပလောင်အမျိုးသမီးအဖွဲ့ ၏ "The Burden of War: Women bear the burden of displacement" (Mae Sot: PWO, 2012); Shan Women's Action Network & Shan Human Rights Foundation, "License to Rape: The Burma military regime's use of sexual violence in the ongoing war in Shan State" (Chiang Mai: SWAN and SHRF, 2002); ဗမာနိုင်ငံ အမျိုးသမီးအဖွဲ့ "The current state of women in conflict areas: a shadow report to the 22nd session of CEDAW", 2000; WLB, "Same Impunity, Same Patterns", January 2014; WLB, "In the Shadow of the Junta: CEDAW shadow report", 2008

၄၆ Shan Women's Action Network & Shan Human Rights Foundation ၏ "License to Rape"

၄၇ KWO ၏ "Shattering Silences: Karen Women speak out about the Burmese Military Regime's use of Rape as a Strategy of War in Karen State", April 2004; WLB, "If they had hope, they would speak: The ongoing use of state-sponsored sexual violence in Burma's ethnic communities" (Chiang Mai: WLB, November 2014)

၄၈ WLB ၏ "If they had hope, they would speak" စာ.၄

၄၉ Legal Aid Network နှင့် Kachin Women's Association Thailand ၏ "Justice Delayed, Justice Denied", November 2015; Fiona Macgregor ၏ "Vow to 'avoid' rape highlights impunity", Myanmar Times, ၂၀၁၅ အောက်တိုဘာ ၃၀ ကိုကြည့်ပါ။

၅၀ အမှတ်. ၉ ကိုကြည့်ပါ။

၅၁ "The National Women's Dialogue for Peace, Security and Development in Myanmar, ၂၀၁၃ နိုဝင်ဘာလ ၉ - ၁၁ရက်နေ့ ၂၀၁၃"

၅၂ Shalom (Nyein) Foundation, GEN, WON, WLB နှင့် Gender Development Initiative

၅၃ ၂၀၁၅ ခုနှစ် ဇွန်လတွင် TNI မှ လုပ်ဆောင်သည့် လွှိုင်ကော်အလုပ်ရုံ ဆွေးနွေးပွဲမှ ထုတ်နုတ်ဖော်ပြချက်များ

၅၄ Tom Kramer ၏ "Civil Society Gaining Ground: Opportunities for Change and Development in Burma", TNI, November 2011 ကိုကြည့်ပါ။

၅၅ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLBကို စတင်တည်ထောင်သူများမှာ ဗမာနိုင်ငံလုံးဆိုင်ရာ လူရှိုင်း အမျိုးသမီးများ ဒီမိုကရက်တစ်အဖွဲ့၊ ဗမာ့အမျိုးသမီးသမဂ္ဂ၊ ချင်း အမျိုးသမီးအဖွဲ့၊ ကချင်အမျိုးသမီးများ အစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင် အမျိုးသမီးအဖွဲ့၊ လားဟူအမျိုးသမီးအဖွဲ့၊ ပအိုဝ်းအမျိုးသမီးသမဂ္ဂ၊ ရခိုင် အမျိုးသမီးသမဂ္ဂ၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက် ရေးအသင်း၊ ထားဝယ်အမျိုးသမီးသမဂ္ဂ နှင့် Women's Rights and Welfare Association of Burma တို့ဖြစ်ပါ သည်။

၅၆ http://nyeinfoundationmyanmar.org; http://womenofburma.org;https://www.facebook.com/genmyanmar/; https://www.facebook.com/PTE.PhanTeeEain ကိုလေ့လာပါ။

၅၇ Fiona Macgregor ၏ "Unleashing women's power, potential", Myanmar Times, 6 November 2015 ကို ကြည့်ပါ။

၅၈ WLB ၏ "The Founding and Development of the Women's League of Burma: A Herstory" (Chiang Mai: WLB, 2011)၊ အမှတ် ၅၅ ကိုလည်း ကြည့်ပါ။ BWU ကို ၁၉၈၈ ဒီမိုကရေစီအရေးလှုပ်ရှားမှုကို စစ်အစိုးရမှ ဖြိုခွဲပြီး ထိုင်းနယ်စပ်သို့ထွက်ပြေးတိမ်းရှောင်လာသည့် မြန်မာနိုင်ငံအလယ်ပိုင်းမှ အမျိုးသမီးလှုပ်ရှားတက်ကြွသူများဖြင့် အဓိကဖွဲ့စည်းခဲ့ပါသည်။ "Herstory" မှ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လှုပ်ရှားမှုနှင့် WLB ကို စတင်တည်ထောင်မှုအကြောင်းဖြစ်သည်။ WLB ၏ website တွင် "အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဖွဲ့စည်းနိုင်ခဲ့ခြင်း က အဘယ်ကြောင့်အရေးကြီးသည်ဆိုသည်ကို နားလည်သဘောပေါက်သေရန် ပြီးခဲ့သည့် နှစ် ၆၀ ကျော်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို လေ့လာရန်လိုအပ်ပါသည်။ ဤစာအုပ်က WLB ကို မတည်ထောင်မီက စတင်ခဲ့သည့် အမျိုးသမီးလှုပ်ရှားတက်ကြွသူများ၏ ခရီးရှည်ကို ဖော်ပြရန် မြန်မာ့သမိုင်းတွင် များစွာသော ထိတ်လန့်ကြောက်ရွံ့စရာအတက်အကျများကို လေ့လာဖတ်ရှုရပါသည်။"

၅၉ စာ.၂၁ ကို ကြည့်ပါ။

၆၀ စာ.၃ တွင် ကြည့်ပါ။

၆၁ AGIPP လမ်းညွှန်မှုကော်မတီတွင် အဖွဲ့ ၇ ဖွဲ့ပါဝင်ပါသည်။ ၎င်းတို့မှာ Gender and Development Initiative, GEN, Kachin State Women Network, Mon Women's Network, Shalom (Nyein) Foundation, Women and Peace Action Network (Shan State), WLB, and WON/WIN-Peace တို့ဖြစ်သည်။

၆၂ http://maetaoclinic.org

၆၃ http://www.metta-myanmar.org; http://airavati.net; for an interview, see e.g., Lahpai Seng Raw, "'Too Many Lives Have Been Lost': Humanitarian Seng Raw on Kachin War", The Irrawaddy, 10 June 2015

၆၄ Nyein Nyein ၏ "Burmese Women Honored for Activism", The Irrawaddy, ၂၀၁၄ အောက်တိုဘာ ၂၄ ရက်၊ Nyein Nyein, "Prominent Jailed Activist on Hunger Strike Over Presidential Protection Bill", ဧရာဝတီ၊ ၂၀၁၆ ဇန်နဝါရီ ၆ ရက်

၆၅ Kyaw Hsu Mon ၏ "'Farmers Need to Know Their Rights'" တွေ့ဆုံမေးမြန်းချက်၊ ဧရာဝတီ၊ ၂၀၁၅ ဇွန် ၃ ရက် The Irrawaddy, 3 June 2015.

၆၆ ကချင်သတင်းစဉ်၊ "Kachin land rights activist turned politician Bawk Ja freed", ၂၀၁၄ ဇန်နဝါရီလ ၂၄ ရက်

၆၇ http://www.shanwomen.org

၆၈ Nang Seng Nom ၏ "Saw Mra Razar Lin: A Woman Warrior-Turned-Peacemaker" တွေ့ဆုံမေးမြန်းချက်ကို ကြည့်ပါ။ ဧရာဝတီ၊ ၂၀၁၅ ဇူလိုင်လ ၇ ရက်

၆၉ http://nyeinfoundationmyanmar.org; Nyein Nyein & Feliz Solomon, "For One Kachin Woman, Peace-Brokering is in the Blood", ဧရာဝတီ၊ ၂၀၁၅ စက်တင်ဘာလ ၂၀၁၅

၇၀ ဥပမာ - Jessica Mudditt ၏ "Susanna Hla Hla Soe on women's rights", မြန်မာတိုင်းမ်စ်၊ ၂၀၁၃ ဇွန်လ ၁၀ရက် တွင်ကြည့်ပါ။

၇၁ TNI ၏ လွှိုင်ကော် အလုပ်ရုံဆွေးနွေးပွဲ၊ ဇွန်လ ၂၀၁၅

၇၂ Cherry Thein ၏ "Anger as women kept 'in the kitchen' during peace process", မြန်မာတိုင်းမ်စ်၊ ၂၀၁၅ စက်တင်ဘာ ၂၃

၇၃ Snaing ၏ "Calls for More Female Voices".

၇၄ ဖန်တီးအိမ်နှင့် မြန်မာအမျိုးသမီးဖိုရမ်ဖြစ်မြောက်ရေးဆောင်ရွက်သူများ၊ "အမျိုးသမီးများ၏ အသံ" ဖန်တီးအိမ်၊ ရန်ကုန်၊ ၂၀၁၄ စာမျက်နှာ ၁၅၊ ၁၇

၇၅ AJAR, "Surviving on their own: Women's experiences of war, peace and impunity", AJAR, Jakarta, 2014; AJAR, "Opening the box: Women's experiences of war, peace and impunity in Myanmar", AJAR, Jakarta, 2015; and, AJAR, "Don't be afraid, we will be with you", AJAR, 2015: video documentary on women conflict survivors from Myanmar.

ဤစာတမ်းတစ်ခုလုံးတွင် အခြားဆီလျော်သော အစီရင်ခံစာများကိုလည်း ရည်ညွှန်းထားပါသည်။ ငြိမ်းဖောင်ဒေးရှင်းနှင့်  UNDP တို့သည် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် လုပ်ဆောင်နေသည့် (လူသိများသူများနှင့် လူသိနည်းသေးသူများ) အမျိုးသမီးခေါင်းဆောင်အားလုံး၏ လုပ်ဆောင်ချက်များကို စာဖြင့်သာမက ဗွီဒီယိုဖြင့်ပါ မှတ်တမ်းတင်လျှက်ရှိပါသည်။

၇၆ WLB ၏ "If they had hope, they would speak; the ongoing use of state-sponsored sexual violence in Burma's ethnic communities" (ချင်းမိုင်၊ WLB ၂၀၁၄) စာ. ၁၃

၇၇ Salai Isaac Khen နှင့် Muk Yin Haung Nyoi တို့၏ "Catalyzing Reflection: Looking at the Current Peace Process in Myanmar through a Gender Lens" (Yangon: swisspeace, 2014) စာ.၄၁

## မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက်စာစောင်တွဲများ

ISBN/ISSN: 2214-8957

B ၂၀၁၀ခုနှစ်မြန်မာနိုင်ငံ၊ တိုင်းရင်းသားနိုင်ငံရေးတွင် အရေးပါသော နှစ်တစ်နှစ် (Burma in 2010: A Critical Year in Ethnic Politics ) မြန်မာနိုင်ငံဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၁၊ဇွန် ၂၀၁၀
မြန်မာနိုင်ငံ၏ ၂၀၁၀ခုနှစ်ရွေးကောက်ပွဲများ၊အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ (Burma's 2010 Elections: Challenges and Opportunities) မြန်မာနိုင်ငံဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၂၊ဇွန်၂၀၁၀

မညီမျှသည့်ကစားကွင်း၊ မြန်မာ့ရွေးကောက်ပွဲအခင်းအကျင်း (Unlevel Playing Field: Burma's Election Landscape)
မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက်အမှတ်၃ အောက်တိုဘာ၂၀၁၀
ပြောင်းလဲလာသောတိုင်းရင်းသားရေးအခင်းအကျင်း၊ မြန်မာ့၂၀၁၀ ရွေးကောက်ပွဲကို ဆန်းစစ်လေ့လာချက် (A Changing Ethnic Landscape: Analysis of Burma's 2010 Polls) မြန်မာနိုင်ငံ ဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၄၊ ဒီဇင်ဘာ၂၀၁၀

မြန်မာနိုင်ငံ၏တိုင်းရင်းသားနိုင်ငံရေး၊ အဖြေရှာရမည့်အချိန် (Ethnic Politics in Burma: The Time for Solutions) မြန်မာနိုင်ငံဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၅၊ ဖေဖော်ဝါရီ၂၀၁၁

မြန်မာနိုင်ငံ၏အစိုးရအသစ်၊ တိုင်းရင်းသားပြည်နယ်များတွင်အုပ်ချုပ် စီမံမှုနှင့်ငြိမ်းချမ်းရေးအတွက်အလားအလာ (Burma's New Government: Prospects for Governance and Peace inEthnic States)
မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ရှင်းလင်းချက်အမှတ် ၆၊ မေ ၂၀၁၁

ပဋိပက္ခလား။ ငြိမ်းချမ်းရေးလား။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားဒေသ မငြိမ်သက်မှုများဆိုးရွားတင်းမာလာခြင်း (Conflict or Peace? Ethnic Unrest Intensifies in Burma)  မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက် အမှတ် ၇၊ ဇွန် ၂၀၁၁
မြန်မာ့ပဋိပက္ခစက်ဝန်းအဆုံးသတ်ခြင်းလား။ တိုင်းရင်းသား ငြိမ်းချမ်းရေးအတွက် အလားအလာများ မြန်မာ နိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက် အမှတ် ၈၊ ဖေဖော်ဝါရီ ၂၀၁၂

လမ်းဆုံလမ်းခွပေါ်က မြန်မာပြည်၊ ပြုပြင်ပြောင်းလဲမှုအရှိန်အဟုတ်ကို ထိန်းသိမ်းထားခြင်း (Burma at the Crossroads: Maintaining the Momentum for Reform) မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက်အမှတ် ၉၊ ဇွန် ၂၀၁၂

ကချင်ပဋိပက္ခ၊ ငြိမ်းချမ်းရေးလွှမ်းခြုံနိုင်ရမည်။ (The Kachin Crisis: Peace Must Prevail) မြန်မာ နိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက်အမှတ် ၁၀၊ မတ် ၂၀၁၃

ပိုင်ဆိုင်မှုငြင်းဆိုခံရခြင်း၊ မြန်မာနိုင်ငံ၏ မြေယာပိုင်ဆိုင်ခွင့်များနှင့် တိုင်းရင်းသား ပဋိပက္ခများ (Access Denied: Land Rights and Ethnic Conflict in Burma ) မြန်မာနိုင်ငံဆိုင်ရာမူဝါဒ ရှင်းလင်းချက် အမှတ်၁၁၊မေ ၂၀၁၃

မြန်မာနိုင်ငံ၏တိုင်းရင်းသားရေးရာစိန်ခေါ်မှု၊ မျှော်လင့်ချက်စိတ်ကူးစိတ်သန်းများမှ အဖြေဆီသို့ (Burma's Ethnic Challenge: From Aspirations to Solutions) မြန်မာနိုင်ငံဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၁၂၊ အောက်တိုဘာ ၂၀၁၃

အနက်အဓိပ္ပါယ်မပါသည့် တိုင်းရင်းသားလူမျိုး၊ နောက်ခံ သမိုင်းကြောင်း မပါသည့် အချက်အလက်များ၊ ၂၀၁၄ခုနှစ် သန်းခေါင်းစာရင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်မှုနှင့် သရုပ်လက္ခဏာ (Ethnicity without Meaning, Data without Context: The 2014 Census Identity and Citizenship in Burma/Myanmar ) မြန်မာနိုင်ငံ ဆိုင်ရာမူဝါဒ ရှင်းလင်းချက် အမှတ်၁၃ ဖေဖော်ဝါရီ ၂၀၁၄

မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် တိုင်းရင်းသားငြိမ်းချမ်းရေး၊ ရှင်းလင်းမှုနှင့် အောင်မြင်ရေးအတွက် လိုအပ်ချက် (Political Reform and Ethnic Peace in Burma/Myanmar: The Need for Clarity and Achievement) မြန်မာနိုင်ငံဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၁၄ ဧပြီ၂၀၁၅

စစ်ရေးအရထိပ်တိုက်တွေ့ခြင်းလား၊ နိုင်ငံရေးအရဆွေးနွေးမှုလား။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် ကိုးကန့်ပဋိပက္ခ၏ အကျိုးဆက်များ၊ (Military Confrontation or Political Dialogue: Consequences of the Kokang Crisis for Peace and Democracy in Myanmar) မြန်မာနိုင်ငံဆိုင်ရာမူဝါဒ ရှင်းလင်းချက် အမှတ်၁၅ ဇူလိုင်၂၀၁၅

မြန်မာနိုင်ငံ၏ တိုင်းရင်းသားနိုင်ငံရေးနှင့် ၂၀၁၅ ရွေးကောက်ပွဲ (Ethnic Politics and the 2015 Elections in Myanmar) မြန်မာနိုင်ငံဆိုင်ရာမူဝါဒရှင်းလင်းချက်အမှတ်၁၆ စက်တင်ဘာ၂၀၁၅

မြန်မာနိုင်ငံ၏  ၂၀၁၅ အထွေထွေရွေးကောက်ပွဲ -တိုင်းရင်းသားနိုင်ငံရေးအတွက် လက်ရှိအခြေအနေက ဘယ်လိုလဲ။ (The 2015 General Election in Myanmar: What Now for Ethnic Politics?)
မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက် စာစဉ် ၁၇၊ ဒီဇင်ဘာ ၂၀၁၅

## အခြား အစီရင်ခံစာများ

မြန်မာနိုင်ငံအစိုးရသစ်ကို အကဲဖြတ်သုံးသပ်ခြင်း၊ ဥရောပနိုင်ငံများ၏ ပြန်လည် တုံ့ပြန်ရန်အတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (Assessing Burma/ Myanmar's New Government: Challenges and Opportunities for European Policy Responses) ညီလာခံအစီရင်ခံစာ၊ အမ်စတာဒမ်၊ ဖေဖော်ဝါရီ ၂၂၊၂၃ ၂၀၁၂

မြန်မာနိုင်ငံတွင် တိုင်းရင်းသားငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆိုင်ရာ ပါဝင်မှုအလားအလာ များ၊ (Prospects for Ethnic Peace and Political Participation in Burma/
Myanmar) ဆွေးနွေးပွဲအစီရင်ခံစာ၊ ဘန်ကောက်၊ ဩဂုတ် ၂၃၊ ၂၀၁၂

မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် တိုင်းရင်းသားပဋိပက္ခအတွက် အကျိုးဆက်များ (Political Reform in Burma/Myanmar and Consequences for Ethnic Conflict) ဆွေးနွေးပွဲအစီရင်ခံစာ၊ ချင်းမိုင် ၂၀-၂၁ ဖေဖော်ဝါရီလ ၂၀၁၃

မညီမျှမှုကို ဖြစ်ပွားစေခြင်း။ မြန်မာနိုင်ငံနယ်စပ်များရှိ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု (Developing Disparity, Regional Investment in Burma's Borderlands)ဖေဖော်ဝါရီ ၂၀၁၃

မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် မြေယာဆက်စပ်မှု၊ အမျိုးသားမြေအသုံးချရေးမူဝါဒတွင်  ဂျန်ဒါကို အသိအမှတ်ပြုခြင်း (Linking Women and Land in Myanmar: Recognising Gender in the National Land Use Policy ) ဖေဖော်ဝါရီ ၂၀၁၅

မြန်မာနိုင်ငံ၏ ဒီမိုကရေစီကျပြီး အားလုံးပါဝင်ခွင့်ရှိသည့် မြေယာမူဝါဒချမှတ်ရာတွင် စိန်ခေါ်မှု၊ အမျိုးသားမြေယာ အသုံးပြုမှုမူကြမ်းအပေါ် တုံ့ပြန်ချက် (The Challenge of Democratic and Inclusive Land Policymaking in Myanmar: A Response to the Draft National Land Use Policy) ဖေဖော်ဝါရီ ၂၀၁၅

ကောင်းမွန်သည့် ဥပဒေပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်ဆီသို့။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများကို သုံးသပ်ခြင်း (Towards a Healthier Legal Environment: A Review of Myanmar's Drug Laws ) ဖေဖော်ဝါရီ ၂၀၁၅

၂၀၁၅ အထွေထွေရွေးကောက်ပွဲ၊ စတင်မှုအသစ်လား။ ဒီဇင်ဘာ ၂၀၁၅

## မှတ်တမ်းတင်လွှာ

ဤစာတမ်းကို ဆွီဒင်နိုင်ငံ၏ ငွေကြေးပံ့ပိုးမှုဖြင့် ရေးသားထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤစာတမ်းပါ အကြောင်းအရာများသည် TNI အဖွဲ့ တွင်သာ အပြည့်အဝတာဝန်ရှိပြီး မည်သည့်အခြေအနေမျိုးတွင်မဆို အလှူရှင်၏ ရပ်တည်ချက်အပေါ်ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

## စာတမ်းပါအသေးစိတ်အချက်အလက်များ

အစီရင်ခံစာပါ အကြောင်းအရာများကို ငွေကြေး အမြတ်အစွန်းစီးပွားရေးလုပ်ငန်းတစ်ခုအတွက် ရည်ရွယ် ခြင်းမရှိဘဲ ကောက်နှုတ်ခြင်း သို့မဟုတ် ပြန်လည် ကူးယူဖော်ပြခြင်းတို့ပြုလုပ်မည်ဆိုပါက သတင်း အရင်းအမြစ်ကို http://www.tni.org/ copyright မှရရှိကြောင်း မှန်မှန်ကန်ကန်ဖော်ပြ၍အသုံးပြုနိုင်ပါသည်။

## TRANSNATIONAL INSTITUTE (TNI)

De Wittenstraat 25, 1052 AK Amsterdam, The Netherlands
Tel: +31-20-6626608, Fax: +31-20-6757176
E-mail: burma@tni.org
မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အခြား ထုတ်ဝေခြင်း များကိုhttps://www.tni.org/en/myanmar-in-focus တွင်လေ့လာကြည့်ရှုနိုင်ပါသည်။

The Transnational Institute (TNI) is an international research and advocacy institute committed to building a just, democratic and sustainable planet. For more than 40 years, TNI has served as a unique nexus between social movements, engaged scholars and policy makers.

## TNI Myanmar programme

The advent of a new quasi-civilian government in Myanmar has raised hopes for fundamental reforms and for an end to one of the longest running armed conflicts in the world. TNI's Myanmar programme aims to strengthen (ethnic) civil society and political actors in dealing with the challenges brought about by the rapid opening-up of the country, while also working to bring about an inclusive and sustainable peace. TNI has developed a unique expertise on Myanmar's ethnic regions and it is in its Myanmar programme where its work on agrarian justice, alternative development and a humane drugs policy comes together.